
မိုးကျော်သူ
မြွေတားရှင်
စာစဉ်

# မိုးကျော်သူ

# မြွေခေါင်းရှင်

စာစဉ်(၄)

# တစ်လိမ်နှစ်လိမ်

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်းက စိတ်ကောက်နေသဖြင့် အမျိုးမျိုး ဖျောင်းဖျပြောဆိုနေ၏။

သို့သော်...

ဝင်ချင်းချင်းက လုံးဝလက်မခံဘဲ ဖြစ်နေ၏။

သူသည်အကြံအိုက်နေစဉ် ဝေဒနာဖြစ်နေသော ဇနီးသည်ကို ခင်ပွန်းဖြစ်သူက ယုယကြင်နာစွာဖြင့် စောင့်ရှောက်သည်ကို တွေ့ရသောအခါ အကြံတစ်ခုရလာ၏။

သူသည်မိမိမှာ ဗိုက်နာနေကြောင်း ဟန်ဆောင်လိုက်၏။

ထိုအခါ ဝင်ချင်းချင်းမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်ကို တွေ့ရ၏။

သူသည် ဝင်ချင်းချင်း၏ ပျာယာခတ်နေပုံကို ကြည့်ကာ ကျိတ်၍ ပြုံးမိသည်။

ဝင်ချင်းချင်းမှာမူ စိုးရိမ်ကြီးစွာဖြင့် ငိုကြွေးနေ၏။

"အစ်ကိုကြီး မသေရဘူး၊ ကျွန်မစိတ်ကောက်တယ်ဆိုတာ သက်သက် ဟန်ဆောင်တာပါ၊ အမှန်တော့ ကျွန်မက ရှင့်ကို ချစ်နေတာပါ၊ တကယ်လို့ အစ်ကိုက သေသွားရင်တော့ ကျွန်မလည်း အစ်ကိုနဲ့အတူတူ သေမှာပဲ"

ဝင်ချင်းချင်း၏ စကားကြောင့် ဝမ်စိန်ကြည်က ငေးငိုင်သွား၏။

"ဟော်ဗျာ သူက ငါ့ကို ချစ်နေတယ်ဆိုပါလား"

သူသည် ဤအသက် ဤအရွယ်ရောက်လာသည်အထိ ချစ်မေတ္တာဟူသည် လုံးဝ မတွေ့ကြုံခဲ့ဖူးပေ။

ယခုမှာ...

မိန်းကလေးတစ်ယောက်က မိမိအား ချစ်နေကြောင်း ပွင့်လင်းစွာ ပြောလာသည်ကို ကြားလိုက်ရသောအခါ သူ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ် ခံစားလိုက်ရလေတော့၏။

သူသည် ဝမ်းသာပီတိ ဖြစ်နေ၏။

ရှက်လည်း ရှက်နေ၏။

ထို့ကြောင့်...

မည်ကဲ့သို့ ပြန်ပြောရမည်ကို စကားလုံး ရှာမရဘဲ ငေးငိုင်၍နေ၏။



ဝင်ချင်းချင်းသည် ဝမ်စိန်ကြည်က မလှုပ်မယှက် စကားမပြောသည်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်စိန်ကြည်မှာ သေဆုံးရတော့မည်ဟု ထင်မှတ်မိသဖြင့် သူမသည် ဝမ်စိန်ကြည်အား တင်းကျပ်စွာ သိုင်းဖက်ထားလိုက်၏။

"အစ်ကိုကြီး... အစ်ကိုကြီး... ရှင်မသေရဘူး"

ဝမ်စိန်ကြည်သည် မိန်းကလေးတစ်ယောက်၏ ပျော့ပျောင်းသော ခန္ဓာကိုယ်နှင့် ထိကပ်မိသဖြင့် သူ၏ စိတ်အစဥ်သည် လွင့်ပျံသွားတော့၏။

အနည်းငယ် ကြာတော့မှ အတွေးတစ်ခုက သူ၏ ဦးနှောက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာ၏။

"ငါ့မှာ လုပ်ရမယ့် တာဝန်အများကြီး ကျန်ပါသေးလား၊ ငါ့ကို မျှော်လင့်တောင့်တတဲ့လူတွေ အများကြီးရှိနေပါသေးလား၊ ငါယောကျ်ား... မိန်းကလေးတစ်ယောက်ကို ပရိယာယ်မသုံးသင့်ပါဘူး"

ထိုစဥ်...

ဝင်ချင်းချင်း အသံ ထွက်ပေါ်လာပြန်၏။

"ကျွန်မ စိတ်ကောက်နေတာဟာ တမင်သက်သက် ဟန်ဆောင်တာပါ၊ တကယ်ကောက်တာ မဟုတ်ပါဘူး"

ဝမ်စိန်ကြည်က ရယ်မောလိုက်၏။

"ငါ ဗိုက်နာတယ်ဆိုတာလဲ ဟန်ဆောင်တာပါ၊ တကယ် မဟုတ်ပါဘူး"

ဝင်ချင်းချင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမသည် ဝမ်စိန်ကြည်၏ ရင်ခွင်ထဲမှ ရုတ်တရက် ထခုန်လိုက်သည်။

"ဖြန်း"

ဝမ်စိန်ကြည်၏ပါးကို တအား ရိုက်ချလိုက်၏။

အလွန်ပြင်းထန်လှသဖြင့် ဝမ်စိန်ကြည်၏ မျက်လုံးအစုံသည် ကြယ်ပွင့်များပင် ပွင့်သွား၏။

ပြီးနောက်...

ဝင်ချင်းချင်းသည် လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ ပြေးလွှားထွက်ခွာသွား၏။

* * *

ဝမ်စိန်ကြည်သည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ၏ ပါးပြင်ကိုပွတ်ရင်း မျက်မှောင်ကြုတ်သွားလေသည်။

"ခုနကပဲ ငါ့ကို ချစ်တယ်လို့ ပြောတယ်၊ ငါသေရင် သူက



လိုက်သေမယ်လို့ ပြောတယ်၊ အခုဘယ်နှယ့် ငါ့ကို ပါးရိုက်သွားရတာလဲ"

သူသည် နားမလည်နိုင်အောင် ဖြစ်ကာ ဝင်ချင်းချင်း နောက်သို့ လိုက်သွား၏။

ဝင်ချင်းချင်းသည် နှုတ်ခမ်းစူထားသည်။

သူမသည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွား၏။

သူမ၏နောက်တွင် ဝမ်စိန်ကြည် လိုက်လာသည်ကို သိရသဖြင့် သူမ၏ရင်ထဲ၌ အနည်းငယ် ကျေနပ်သွား၏။

သူမသည် နောက်သို့ တစ်ချက်ကြည့်လိုက်ရာ ဝမ်စိန်ကြည် မျက်နှာပေါ်တွင် လက်ချောင်း ငါးချောင်းရာ ထင်းခနဲ တွေ့မြင်လိုက်ရလေသည်။

သူမသည် အနည်းငယ် အားတုံ့အားနာ ဖြစ်သွားသည်။

သို့သော်...

စိတ်ထဲ၌ ကျေနပ်သည့်အရသာများ ခံစားလိုက်ရလေသည်။

တစ်ဖန်...

မိမိ လျှို့ဝှက်ထားသော ချစ်ခြင်းမေတ္တာကို ထုတ်ဖော် ပြောလိုက်မိသည်ကို တွေးမိသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

ထို့ကြောင့်...

သူမသည် ခြေလှမ်းသုတ်သုတ်ဖြင့် ရှေ့သို့သာ လျှောက်နေ၏။

* * *

ထိုည...

ဝင်ချင်းချင်းတို့သည် ယိဉ်းမြို့သို့ ရောက်ရှိလာလေသည်။

သူမသည် တည်းခိုခန်းတစ်ခုကို တွေ့မြင်လိုက်သဖြင့် လှမ်းဝင်သွားသည်။

ဝမ်စိန်ကြည်ကလည်း သူမနောက်မှနေ၍ လိုက်၍ဝင်သွားသည်။

ဝင်ချင်းချင်းက ကောင်တာရှိရာသို့ လျှောက်သွားသည်။

"အခန်းသန့်သန့် တစ်ခန်း ပေးပါ"

ဆိုင်ထိုင်သည် မှတ်တမ်းစာအုပ်ကို ထိုးပေးလိုက်သည်။

ဝင်ချင်းချင်းက မှတ်တမ်းပေါ်တွင် နာမည်ရေးထိုးလိုက်လေသည်။

"အခန်းခ ဘယ်လောက်လဲ"

"တစ်ကျပ်ခွဲပါ"

ဝင်ချင်းချင်းက ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်၏။



"အခန်းခ ယူထားပါ၊ ကျန်တာကို ထမင်းစားပြီးမှ ပြန်ရှင်းပေးပါ"

ဆိုင်ထိုင်က ချိတ်ထားသော သော့တစ်ချောင်းကိုယူ၍ ပေးလိုက်သည်။

"အခန်းနံပါတ် ၆"

ဝင်ချင်းချင်းက သော့ကို လှမ်းယူလိုက်သည်။

ဝမ်စိန်ကြည်က မှတ်တမ်းတင် စာအုပ်ကိုယူ၍ နာမည်ကို ရေးမှတ်လိုက်၏။

ထို့နောက်...

ငွေတုံးကလေးတစ်တုံး ယူပေးလိုက်သည်။

"အခန်းခယူထားပါ၊ ကျန်တာကို ထမင်းစားပြီးမှ ရှင်းမယ်"

ဆိုင်ထိုင်က သူတို့နှစ်ယောက်အား တစ်လှည့်စီ ကြည့်လိုက်ပြီး ချိတ်ထားသော သော့တစ်ချောင်း ဖြုတ်ပေးလိုက်သည်။

"အခန်းနံပါတ် ၇"

ဝမ်စိန်ကြည်က သော့ကို လှမ်းယူလိုက်သည်။

ဝင်ချင်းချင်းက အပေါ်ထပ်သို့ တက်မသွားသေးပါ။

သူမသည် ထမင်းစားခန်းသို့ လျှောက်သွားပြီး လွတ်နေသော စားပွဲတစ်လုံးတွင် ထိုင်ချလိုက်သည်။

ဝမ်စိန်ကြည်က သူမရှေ့တွင် သွားရောက် ထိုင်ချလိုက်သည်။

ဝင်ချင်းချင်းက သူ့အားကြည့်ပြီး မနေနိုင်တော့ဘဲ ရယ်မောလိုက်သည်။

"အမြင်ကတ်လိုက်တာ၊ ဘာဖြစ်လို့ တကောက်ကောက် လိုက်လာရတာလဲ"

ဝမ်စိန်ကြည်က ပါးကိုပွတ်ရင်း...

"ငါ ဗိုက်နာတယ်ဆိုတာ ဟန်ဆောင်တာ ဖြစ်ပေမယ့် ပါးကတော့ တကယ့်ကို နာတာပါ"

ဝင်ချင်းချင်း ရယ်မောလိုက်လေသည်။

သူတို့နှစ်ယောက်သည် ပြန်လည် ပြေလည်သွားကြလေတော့သည်။

ညစာ ထမင်းစားပြီးသည့်နောက် သူတို့သည် ကိုယ့်အခန်းသို့ ပြန်၍ အိပ်စက်ကြလေသည်။

ဝင်ချင်းချင်းသည် ဝမ်စိန်ကြည်မှာ မိမိအပေါ် အလိုလိုက်၏။

တစ်ယောက်နှင့် တစ်ယောက် စည်းကမ်း စောင့်ထိန်းခြင်းကို တွေ့ရသဖြင့် ဝမ်စိန်ကြည်အပေါ် ပို၍ လေးစားခင်မင်လာလေ၏။

နောက်တစ်နေ့ နံနက်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် နံနက်စာအတူတူ စားကြသည်။



ဝမ်စိန်ကြည်က...

"ဒီမှာ ညီမတို့အလျင်ဆုံး လုပ်ရမယ့်အလုပ်ကတော့ ပြာအိုးကို ဝါစန်းတောင်ထိပ်မှာ သွားပြီး သင်္ဂြိုဟ်ဖို့က အရေးကြီးတယ်"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ အစ်ကိုက ကျွန်မအဖေရဲ့ အရိုးစုကို ဘယ်လိုလုပ်တွေ့ခဲ့တာလဲ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"တို့ ခရီးဆက်ထွက်မယ့် လမ်းပေါ်မှာ လျှောက်ရင်း ပြောပြပါ့မယ်"

သူတို့သည် နံနက်စာ စားပြီးနောက် တည်းခိုခန်းမှ ထွက်လာကြလေသည်။

✸ ✸ ✸

ရာသီဥတုသည် သာတောင့်သာယာ ရှိလှ၏။

တောလမ်း၏ တစ်ဖက် တစ်ချက်တွင် စိမ်းလန်း စိုပြည်သော သစ်ပင်ငယ်များ ရှိသည်။

တောပန်းများသည် နေရာတကာ ဖူးပွင့်နေသည်ကို တွေ့ရလေ၏။

သစ်ပင်များထိပ်ဝယ် ငှက်ငယ်များ ပျံသန်း၍ တေးဆိုနေကြ၏။

ဝမ်စိန်ကြည်သည် လိုဏ်ဂူကို မည်ကဲ့သို့ တွေ့ရှိကြောင်း လိုဏ်ဂူထဲသို့ မည်ကဲ့သို့ ဝင်ရောက်ရကြောင်းနှင့် အရိုးစုအား တွေ့ရှိပြီး သံသေတ္တာကလေးအား မည်ကဲ့သို့ ရရှိကြောင်း သိုင်းကျမ်း ရရှိသည့်အထိ သေချာစွာ ပြောပြ၏။

ဝမ်စိန်ကြည်သည် ပြောပြရင်း ထိုမြေပုံကို ဝင်ချင်းချင်း လက်ထဲသို့ လှမ်းပေးလိုက်၏။

"ဒီပစ္စည်းဟာ မင်းအဖေရဲ့ ပစ္စည်းဖြစ်တဲ့အတွက် မင်းကိုပေးသင့်ပါတယ်"

ဝင်ချင်းချင်းသည် မြွေစားသခင်၏ လက်ရေးကို တွေ့မြင်ရသောအခါ ဝမ်းနည်း ဝမ်းသာ ဖြစ်သွား၏။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်"

ဟု ပြောလိုက်လေတော့သည်။

* * *

ဝင်ချင်းချင်း၊ ဝမ်စိန်ကြည်တို့သည် ဆက်လက် ခရီးဆက်ကြရ၏။



ညမှောင်လာသောအခါ သူတို့သည် တည်းခိုခန်းတွင် တည်းခိုကြ၏။

ယင်းကဲ့သို့ အနားယူနေသောအချိန်တွင် ဝင်ချင်းချင်းက မြေပုံကိုကြည့်၍ သေသေချာချာ လေ့လာကြည့်ရှုသည်။

ဤသို့ဖြင့်

သူတို့သည် ရုံကျန်းမြစ်သို့ ရောက်ရှိလာ၏။

ဝင်ချင်းချင်းက ရုတ်တရက် အကြံပြုလိုက်သည်။

"အစ်ကိုကြီး...နန်ကင်းမြို့ ရောက်တဲ့အခါမှာ ကျွန်မတို့က ရတနာများကို တူးဖော်လိုက်မယ်"

ဝမ်စိန်ကြည်သည် အံ့အား သင့်သွား၏။

"ဘယ်ရတနာများလဲ"

ဝင်ချင်းချင်းက...

"ဖေဖေက ဒီမြေပုံကို ရတနာသိုက်လို့ ရေးထားတယ် မဟုတ်လား၊ နောက်ပြီး ရတနာတူးဖော်ရရှိရင် မေမေ့ကို ရွှေကျပ်သား တစ်သိန်းပေးရမယ်လို့ ရေးထားတယ် မဟုတ်လား၊ ဒါကြောင့် ဒီရတနာသိုက်ဟာ တန်ဖိုး မဖြတ်နိုင်လောက်အောင် အများကြီး ရှိရမယ်ဆိုတာ သေချာပါတယ်"

ဝမ်စိန်ကြည်က အနည်းငယ် စဉ်းစားလိုက်၏။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တို့လုပ်ရမယ့်ကိစ္စကို အလျှင်လုပ်မှ ဖြစ်မယ်နဲ့ တူတယ်"

ဝင်းချင်းချင်းက...

"အခု ကျွန်မတို့ ရတနာမြေပုံ ရရှိထားပြီပဲ၊ ရတနာသိုက် သွားရှာတယ်ဆိုတာ အချိန်သိပ်ကုန်မယ် မထင်ပါဘူး"

ဝမ်စိန်ကြည်က...

"ဒါလောက်များတဲ့ ရွှေကို ကျုပ်တို့က ဘာလုပ်ဖို့လဲ"

သူမ မျက်နှာထား တည်ကြည်စွာဖြင့်...

"ဒါလောက်များတဲ့ ရွှေကို လူတိုင်းလိုချင်ကြတာပဲ မဟုတ်လား"

သူသည် ဝင်းချင်းချင်းအား လေးနက်စွာ ကြည့်လိုက်၏။

"ညီမလေး၊ တို့ဟာ ရိုးရိုးသားသား နေထိုင်ကြတာပဲကောင်းတယ်၊ လောဘ မကြီးသင့်ဘူးလို့ ထင်ပါတယ်"

ဝင်းချင်းချင်းက နှုတ်ခမ်းစူထားလိုက်၏။

ထိုည သူမသည် စိတ်ကောက်နေသဖြင့် ညစာပင် မစားတော့ပါ။

* * *



နောက်တစ်နေ့။

သူတို့သည် ဆက်လက် ခရီးထွက်လာ၏။

ဝင်းချင်းချင်းက...

"လီလျူစိန်ဟာ ဘာဖြစ်လို့ ဒါလောက်တောင် ရွှေကို မက်တာလဲ၊ ကျွန်မ သူ့ရွှေချောင်း နည်းနည်းယူလိုက်တာနဲ့ တစ်ခါတည်း ရေးကြီးခွင်ကျယ်လုပ်ပြီး လိုက်တောင်းတာ ဘာသဘောလဲ"

ဝမ်စိန်ကြည်က...

"လီလျူစိန်ကို အထင်မလွဲပါနဲ့၊ သူက ငွေလိုလို့သာ အခုလို လိုက်တောင်းတာပါ၊ သူကိုယ်တိုင်ကျတော့ အတော့်ကို ချွေတာတယ်ကွယ့်"

ဝင်းချင်းချင်းက...

"ဒါဖြင့်ရင် ကျွန်မတို့က ရတနာသိုက်ကရတဲ့ ငွေတချို့ တစ်ဝက် သူ့ကိုပေးလိုက်ရင် အစ်ကိုကြီး ဘယ်လို သဘောရသလဲ"

ဝမ်စိန်ကြည်က သတိရလာသည်။

သူသည် ဝမ်းသာစွာဖြင့် ဝင်းချင်းချင်း လက်ကို ဖမ်းဆုပ်ထားလိုက်၏။

"ညီမပြောမှပဲ သတိရတော့တယ်၊ ဒီအကြံဟာ သိပ်ကောင်းတာပေါ့"

ဝင်ချင်းချင်းက လက်ကို ပြန်လည် ရုပ်သိမ်းလိုက်၏။

"ကျွန်မလဲ ဒါလောက်တော့ ဉာဏ်ရှိပါတယ်၊ လောဘကြီးတာ မဟုတ်ပါဘူး"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"တကယ်လို့ တို့က ဒီရတနာသိုက်ကို တူးဖော်ရရှိပြီး လီလျှုစိန်ကို လှူလိုက်နိုင်မယ်ဆိုရင် ပြည်သူအများ ကျေးဇူးအများကြီး ရှိလာမှာပဲ"

သူတို့နှစ်ယောက်သည် လမ်းဘေးတွင် ထိုင်ချလိုက်၏။

ထို့နောက်...

မြေပုံကိုဖြန့်၍ သေချာစွာ လေ့လာကြည့်လိုက်သည်။

မြေပုံအလယ်တွင် မင်နီဖြင့် ဝိုင်းထားသည်ကို တွေ့ရလေသည်။

ထိုမင်နီနံဘေးတွင်...

"မြို့စားကြီး ဇေဂေဟာ"

ဟု ရေးသားထားသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည်က ထိုနေရာကို ညွှန်ပြလိုက်၏။

"ရတနာသိုက်ဟာ မြို့စားကြီး ဇေဂေဟာထဲမှာ ရှိတယ်"

ဝင်ချင်းချင်းက...



"အစ်ကိုက ဘယ်လိုလုပ် သိသလဲ"

မြေပုံက ဖော်ပြထားတာပဲ"

ဝင်ချင်းချင်းက...

"မြို့စားကြီး ဇေဂေဟာ အတော်ကလေး ကျယ်ပြန့်တယ်၊ ဘယ်လိုလုပ် လိုက်ရှာမလဲ"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ဒါကို အစ်ကို ကောင်းကောင်း လေ့လာပြီးပါပြီ၊ အသေးစိတ်လဲ သိထားပါတယ်"

"ဒါဖြင့် ပြောပြပါ"

ဝမ်စိန်ကြည်က မြေပုံတစ်နေရာသို့ ထောက်ပြလိုက်၏။

"ဟောဒီ အနီဝိုင်းထားတဲ့ နေရာထောင့်မှာ မြားပြထားတာ တွေ့သလား"

ဝင်ချင်းချင်း သေချာကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အဲဒီ နေရာကတော့ မြို့စားကြီ ဇေဂေဟာရဲ့ ဘေးဆွယ်ထားတဲ့ အဆောင်တစ်ခု ဖြစ်တယ်"

ဝင်ချင်းချင်း မျက်မှောင်ကြုတ်သွား၏။

"ရတနာတွေဟာ ဒီအခန်းထဲမှာ ရှိတယ် ဟုတ်လား"

ဝမ်စိန်ကြည်က...

"ဒီအခန်းရဲ့ မြေအောက်မှာ ရှိတယ်"

သူသည် စကားဆက်လိုက်ပြန်သည်။

"အပေါ်ကအုတ်တွေကို တူးလိုက်ရင် သံပြားတစ်ခု တွေ့ပါလိမ့်မယ်၊ သံပြားကို မပြီးမွှင့်လိုက်ရင် မြေအောက်ခန်းတစ်ခုကို တွေ့ရပါလိမ့်မယ်၊ မြေအောက်ခန်းအောက်မှာ ရတနာများ ထည့်ထားတဲ့ သံသေတ္တာ ၁၀ လုံးရှိတယ်၊ ဒါကြောင့် ရတနာသိုက်လို့ ခေါ်တယ်"

ဝင်ချင်းချင်းက...

"ဒီလိုဆိုရင် ကျွန်မတို့က နန်ကင်းမြို့ကိုဝင်ပြီး မြို့စားကြီးဝေ့ဂေဟာအတွင်းကို ရောက်အောင် သွားရမှာပေါ့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝင်ချင်းချင်းက...

"ရတနာသိုက် ဖော်ဖို့ဟာ လွယ်ပါ့မလား"

ဝမ်စိန်ကြည်က...

"မလွယ်ပါဘူး၊ မြို့စားဂေဟာဆိုတာ တော်ရုံ တန်ရုံလူ ဝင်လို့ရတာ မဟုတ်လား၊ ဝင်ရတယ်ပဲထား၊ မြေအောက်ခန်းကို တူးပြီးတော့ သံသေတ္တာ သယ်ယူဖို့ဆိုတာ လွယ်တာမဟုတ်ဘူး"



ဝင်းချင်းချင်းက...

"ဘာပဲဖြစ်ဖြစ် နန်ကင်းရောက်မှပဲ အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဒီလိုပဲ လုပ်ရမှာပဲ"

သူတို့သည် ခရီး ဆက်လက် ထွက်ခွာသွားလေတော့သည်။

✸ ✸ ✸

နန်ကင်းမြို့တော်။

တစ်နည်းဆိုရလျှင် ကျင်းလိမ်မြို့တော်ဟု အများက ခေါ်ကြလေသည်။

ယင်းမြို့တော်သည် နေပြည်တော်အဖြစ် ဘုရင်များက အကြိမ်ကြိမ် နန်းထိုင်ကြသဖြင့် အလွန်စည်းကားလှပေသည်။

ယခုကဲ့သို့...

တိုင်းပြည် မငြိမ်မသက် ဖြစ်နေသော အချိန်မှာပင် စည်ကားခြင်း လုံးဝမရပ်ပါ။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် နေပြည်တော်ဖြစ်သော နန်ကင်းမြို့သို့ ရောက်ရှိလာကြလေသည်။

သူတို့နှစ်ယောက်သည် အလွန်စည်းကားသော လမ်းမအပေါ်ရှိ တည်းခိုခန်းတစ်ခန်းသို့ ဝင်ရောက်တည်းခိုကြသည်။

နောက်တစ်နေ့....

ဝမ်စိန်ကြည်က ဆိုင်လုလင်ထံ မြို့စားကြီး ဝေ့ဂေဟာ မည်သည့်နေရာ ရှိသည်ကို မေးမြန်းလိုက်လေသည်။

"ဒီမှာ မြို့စားကြီး ဝေ့ဂေဟာ ဘယ်နေရာမှာရှိပါသလဲခင်ဗျာ"

ဆိုင်လုလင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မြို့စားကြီး ဝေ့ဂေဟာဆိုတာ ဒီမြို့မှာ မကြားဖူးပါဘူး"

ဝင်ချင်းချင်းက စိတ်တိုလာသည်။

"မြို့စားကြီးဝေ့ဆိုတာ တော်တော့်ကို ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ဘယ့်နှယ့် မကြားမိတာလဲ"

ဆိုင်လုလင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျွန်တော် မသိတာတော့ အမှန်ပဲ၊ ခင်ဗျားတို့က ရှိတယ်ဆိုရင် ကိုယ်တိုင်သွားရှာပေါ့ဗျာ"

ဝင်ချင်းချင်းက ပို၍ စိတ်တိုလာသည်။

"ဆိုင်လုလင်အား ပါးရိုက်ရန် ဟန်ပြင်လိုက်ရာ ဝမ်စိန်ကြည်က ဟန့်တားလိုက်ရလေသည်။

* * *



ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် နန်ကင်းမြို့ တစ်မြို့လုံးသို့ အနံ့လိုက်ရှာသည်။

သို့သော်...

မြို့စားကြီး ဝေ့ဂေဟာဟူ၍ မတွေ့ရှိပါ။

သူတို့သည် နေရာအနှံ့ စုံစမ်းသော်လည်း မည်သို့မှ အကြောင်းမထူးချေ။

ဤသို့ဖြင့်...

သူတို့သည် ၁၀ ရက်ခန့်ကျော်ကျော် အလုပ်ရှုပ်နေသော်လည်း အချည်းနှီးပင် ဖြစ်လေသည်။

နောက်ဆုံး...

သူတို့သည် စိတ်ပျက်စွာဖြင့် "ကျင်းဗိုက်" မြစ်သို့ သွားရောက်၍ လှေတစ်စင်းငှားကာ စိတ်ပြေလက်ပျောက် လျှောက်လည်ကြ၏။

ဝမ်စိန်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ညီမရဲ့ အဖေဟာ လူတော် တစ်ယောက်ပါ၊ ဒါပေမယ့် မြေပုံတွေ့ပြီး ရတနာသိုက်ကိုတော့ တွေ့အောင်မရှာနိုင်တာ မြေပုံပါတဲ့အတိုင်း အမှန်တကယ် ဟုတ်သလားဆိုတာ သံသယ ဖြစ်စရာကောင်းတယ်"

ဝင်ချင်းချင်းက…

"မြေပုံပါအတိုင်း အမှန်ဖြစ်နေလို့ ဒီလိုပဲ သူကထင်ပြီး ရေးပြထားတယ် မဟုတ်လား၊ နောက်ပြီး ရတနာသိုက်ဟာ နည်းနည်းပါးပါးမှ မဟုတ်ဘဲ ဘယ်ရှာလို့ လွယ်နိုင်ပါ့မလဲ"

ဝမ်စိန်ကြည်က…

"နောက်ထပ် တစ်ရက်လောက် ရှာချင်တယ်၊ အကြောင်းမထူးရင် တို့သွားတော့မယ်"

ဝင်ချင်းချင်းက…

"တစ်ရက်တော့ နည်းပါတယ်၊ နောက်ထပ် သုံးရက်လောက် အချိန်ပေးပါ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ"

✸ ✸ ✸

လှေပေါ်၌ စားသောက်ဖွယ်ရာများ စုံလင်စွာ အသင့်ရှိနေသည်။

ဝင်ချင်းချင်းသည် အရက်နှစ်ခွက်သောက်ထားသဖြင့် မျက်နှာတစ်ခုလုံး နီရဲနေ၏။



သူမသည် ယောကျ်ားကဲ့သို့ ဝတ်ဆင်ထားသော်လည်း သူမ၏ မျက်နှာမှာ ဖြူဖွေးနုနယ်နေသောကြောင့် အလွန်ချစ်စဖွယ် ကောင်းလှပေသည်။

ထို့ကြောင့် …

ဝမ်စိန်ကြည်က ငေးမော၍ ကြည့်နေမိသည်။

လှေပေါ်တွင် ဧည့်သည်များ ပြုစုရန် အမျိုးသမီး နှစ်ယောက်ရှိသည်။

တစ်ယောက်က ဗျပ်စောင်းတီး၍ တစ်ယောက်က ပလွေမှုတ်သည်။

သူမတို့သည် ဧည့်သည်များ ဖြေဖျော်ရန် ဖြစ်၏။

ဝင်ချင်းချင်းက အရက်အလွန်အကျွံ သောက်ထားသဖြင့် အနည်းငယ် ရီဝေလာလေသည်။

သူမသည် အမျိုးသမီးတစ်ယောက်ထံမှ ပလွေကို လှမ်းယူလိုက်ပြီး မှုတ်လိုက်သည်။

ပလွေသံမှာ အလွန်သာယာ ငြိမ့်ညောင်းနေသဖြင့် ဝမ်စိန်ကြည်နားထောင်ရင်း ငေးမော၍ ကြည့်နေလေသည်။

သူတို့သည် ညဦးနက်သန်းခေါင်ကျမှ တည်းခိုခန်းသို့ ပြန်ရန် ကုန်းပေါ်သို့ တက်လိုက်သည်။

✸ ✸ ✸

လရောင်သည် ထိန်ထိန်သာနေ၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် လရောင်ကိုနင်း၍ မြို့ထဲသို့ သွားရာလမ်းပေါ်၌ လျှောက်နေ၏။

လရောင်အောက်တွင် အလွန်သာယာသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်သည် ညလေကို လေညင်းခံရင်း လျှောက်လာရာ...

သူတို့သည် သချိုင်းဂူမြေအနီးသို့ ရောက်ရှိလာသောအခါ ဝမ်စိန်ကြည်က ဝင်ချင်းချင်း၏ အင်္ကျီကို ရုတ်တရက်ဆွဲလိုက်ပြီး အုတ်ဂူတစ်ခုနောက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်၏။

ဝင်ချင်းချင်းကလည်း ဝမ်စိန်ကြည်အနီးသို့ ဝင်ရောက်ပုန်းကွယ်လိုက်လေသည်။

ထိုစဉ်မှာပင် ခြေသံများ ကြားလိုက်ရသည်။

ခြေသံများသည် အုတ်ဂူများ၏ ရှေ့ကွက်လပ်မြေပေါ်တွင် ရပ်တန့်သွား၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က ခေါင်းပြူ၍ ချောင်းကြည့်လိုက်ကြသည်။

လူငါးယောက်ခန့် ရပ်နေသည်ကို တွေ့ရ၏။

သူတို့လက်ထဲတွင် မီးအိမ်ကလေးနှစ်လုံးခန့် ပါရှိလေသည်။



ထိုစဉ်...

အရှေ့ဘက်မှ လက်ခုပ်သံသုံးချက် ကြားလိုက်ရသည်။

တစ်ဖန်...

နောက်ဘက်မှ လက်ခုပ်သံနှစ်ချက် ထွက်ပေါ်လာသည်။

မီးပုံးကိုင်ထားသော လူစုက...

"ဖြောက်... ဖြောက်"

လက်ခုပ်နှစ်ချက် တီးလိုက်ပြီး...

"ဖြောက်... ဖြောက်"

နောက်ထပ် လက်ခုပ်နှစ်ချက် တီးလိုက်သည်။

လက်ခုပ်သံများ ရပ်တန့်သွားသည်နှင့် အရှေ့ဘက်မှ လူဆယ်ယောက်ခန့် ထွက်ပေါ်လာသည်။

အနောက်ဘက်မှလည်း လူဆယ်ယောက်ခန့် ထွက်ပေါ်လာသည်။

သူတို့သည် မြေကွက်လပ်ရှိရာသို့ လျှောက်လာကြသည်။

ထို့နောက်...

ဝိုင်းဖွဲ့၍ ထိုင်ချလိုက်ကြသည်။

သူတို့သည် လူစုထိုင်နေကြသော်လည်း စကားမပြောကြဘဲ ထိုင်နေကြသည်။

ထိုစဉ် ...

နောက်ထပ် လက်ခုပ်သံသုံးချက် ကြားလိုက်သည်။

မီးပုံးအိမ်ကိုင်သော လူစုထဲက လက်ခုပ်နှစ်ချက်ကို နှစ်ကြိမ်စီ တီးလိုက်သည်။

ထိုလူနှစ်ယောက်က မြေကွက်လပ်ရှိရာသို့ လျှောက်လာပြီး တိတ်ဆိတ်စွာ ထိုင်ချလိုက်လေသည်။

ထိုလူနှစ်ယောက် ထိုင်ချပြီးတော့မှ မီးပုံးအိမ်ကိုင်သော လူစုထဲမှ လူတစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး စကားချီရန် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အခုလို သွေးသောက်မိတ်ဆွေများ အကူအညီပေးဖို့ ရောက်ရှိလာတာ တွေ့ရတော့ ကျေးဇူးတင် နှစ်ထောင်အားရ ရှိလှပါတယ်ဗျာ"

ဝိုင်းဖွဲ့ထိုင်နေသော လူစုထဲမှ လူတစ်ယောက်က ...

"ကျုပ်တို့ဆရာ နေမကောင်းလို့ ကိုယ်တိုင် မလာနိုင်ပါဘူး၊ ဒါကြောင့် မုန်တိုင်းဓား ဝမ့်ဖန်းက ကျုပ်တို့ဂိုဏ်းသား ဆယ့်နှစ်ယောက်ကို ဦးဆောင်လာပြီး ကူညီဖို့ ရောက်ရှိလာပါတယ်"

ပထမ စကားပြောသူက လက်နှစ်ဖက် ဆုပ်လိုက်သည်။

"မုန်တိုင်းဓားဟာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်



ကျော်တစ်ယောက်ပါ၊ အခုလို ကိုယ်တိုင်ဦးဆောင်လာပြီး ကူညီတယ်ဆိုတော့ ကျုပ်တော့ စိတ်ချရပါပြီဗျာ"

ထိုစဉ် ...

လူတစ်ယောက်က မတ်တတ်ရပ်လိုက်သည်။

"ကျုပ်တို့ကတော့ စုကျားညီအစ်ကိုပါ၊ အခုလို မိတ်ဆွေကြီး မွန်ကျူးမာ အကူအညီ တောင်းလာတဲ့အတွက် ကူညီဖို့ ရောက်ရှိလာတာပါ"

ဝမ်စိန်ကြည်သည် မွန်ကျူးမာ၏ အမည်ကို ကြားလိုက်ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မွန်ကျူးမာဆိုတဲ့ နာမည်ကို ကြားဖူးသလိုပဲ"

ထိုစဉ် ...

မွန်ကျူးမာဆိုသူ၏ အသံထွက်ပေါ်လာသည်။

"အခုလို မိတ်ဆွေတို့က ကျုပ်အတွက် ကူညီဖို့ ရောက်လာတာ တွေ့ရတော့ ဝမ်းသာကျေးဇူး တင်ပါတယ်"

စုကျားညီအစ်ကိုထဲက အစ်ကိုဖြစ်သူ စုပင်ကွမ်းက ရယ်မောလိုက်သည်။

"ခင်ဗျားရဲ့အစ်ကို မွန်ကျူးရပ်နဲ့ ကျုပ်နဲ့ အလွန်ရင်းနှီးပါတယ်၊ ဒါကြောင့် ကျုပ်တို့က ကူညီရမယ့်တာဝန် ရှိပါတယ်"

မွန်ကျူးမှာ ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒီတစ်ခါတော့ ကျုပ်က အနိုင်ရ လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ခင်ဗျားတို့အပြင် ခွန်လွန်ဂိုဏ်းက ကော၊ ငိုမိဂိုဏ်းကကော၊ ဝါစန်းဂိုဏ်းကကော ရောက်လာပါဦးမယ်"

လူတစ်ယောက်က ထ၍မေးလိုက်သည်။

"ဝါစန်းဂိုဏ်းက ဘယ်သူများ လာမယ်လို့ ပြောထားသလဲ"

မွန်ကျူးမှာက ...

"ဝါစန်းဂိုဏ်းက ကွေ့စင်းလု လင်မယားပါ"

တစ်ယောက်က ထမေးလိုက်သည်။

"ခင်ဗျားနဲ့ ကွေ့စင်းလု လင်မယားနဲ့ အတော်ရင်းနှီးတယ် ဟုတ်လား"

မွန်ကျူးမှာ ခေါင်းခါယမ်းလိုက်သည်။

"သူတို့လင်မယားနဲ့တော့ မကျွမ်းပါဘူး၊ သူ့တပည့်ဖြစ်တဲ့ မေကျန့်ဟိုနဲ့တော့ ညီအစ်ကိုလို ခင်မင်ကြပါတယ်"

အခြားတစ်ယောက်က ထမေးလိုက်သည်။

"မေကျန့်ဟိုဆိုတာ စန်းတုံးနယ်က အရိပ်မဲ့ သိုင်းသမား မဟုတ်လား"

မွန်ကျူးမှာ ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်"

ဝမ်စိန်ကြည်သည် မိမိတို့ ဝါစန်းဂိုဏ်းကပင် ပါဝင်နေသည်ကို ကြားလိုက်ရသဖြင့် စိတ်သက်သာသွားသည်။

"ငါတို့ဂိုဏ်းကတောင် ပါဝင်နေရင် တရားမျှတမှု ရှိမှာပဲ၊ အဲဒီတော့ ငါ မျက်နှာမပြဘဲ သူတို့ကို တိတ်တိတ်ကလေး ကူညီတော့မယ်"

ထိုစဉ် မွန်ကျူးမှာက ...

"ကျုပ်အစ်ကို မွန်ကျူးရပ်ကို ကျောက်ကုန်းလေက ရက်ရက်စက်စက် သတ်လိုက်တယ်ဆိုတာ မိတ်ဆွေတွေအားလုံး သိထားကြပါတယ်၊ အခုသူ့ကို တိုက်ခိုက်ဖို့ဆိုတာ အားလုံးက ရောက်ရှိလာတဲ့အတွက် အလွန်ကျေနပ် အားရစရာ ကောင်းပါတယ်၊ ဒါပေမယ့်"

သူသည် ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ကျောက်ကုန်းလေဟာ ဒီနေရာမှာ နေထိုင်ခဲ့တာ အတော်ကြာသွားပြီ၊ သူရဲ့အင်အားလဲ အတော့်ကို အမြစ်တွယ်နေပါပြီ၊ ဒါကြောင့် သတိရှိဖို့ လိုအပ်ပါတယ်"

မုန်တိုင်းဓားဝမ့်ဖန်းက ...

"ဒါဟုတ်ပါတယ်၊ ရန်သူကို အထင်မသေးရပါဘူး"

မွန်ကျူးမှာက ...

"ဒါကြောင့် ... မနက်ဖြန် ကျုပ်တို့ အိမ်ကိုကြွရောက်လာတဲ့အခါမှာ ကိုယ့်လူမှန်းသိအောင် ကျုပ်တို့ ကြိုဆိုစည့်ခံတဲ့လူကို ညာဘက်လက်လေယ်၊ လက်သူကြွယ်နဲ့ "သိုင်းလောကသစ္စာတရား" လို့ နှုတ်ဆက်လိုက်ပါ၊ ဒါဆိုရင် တစ်ဖက်ရန်သူက ရောနှောပြီး ဝင်မလာနိုင်ပါဘူး"

လူတစ်ယောက်ထ၍ ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့လူတွေဟာ နယ်အသီးသီးက လာကြတဲ့အတွက် သိတဲ့လူလဲ ရှိသလို မသိတဲ့လူလဲ ရှိပါတယ်၊ အခုလို လျှို့ဝှက်သင်္ကေတရှိတာ အကောင်းဆုံးပါပဲ"

သူတို့သည် နောက်ထပ် ထွေရာလေးပါး ပြောဆိုဆွေးနွေးပြီးနောက် လူစုခွဲ၍ ထွက်သွားတော့၏။

✸ ✸ ✸

ဝမ်စိန်ကြည်က မြေပေါ်သို့ လဲလျောင်းလိုက်၏။

ဝင်ချင်းချင်းလည်း မြေပေါ်သို့ အပျင်းတစ်ချက် ဆန့်လိုက်သည်။

သူတို့သည် ခြေထောက်ကွေး၍ ချောင်းကြည့်နေသောကြောင့် ခြေထောက်များ ထုံကျင်နေ၏။



အတန်ကြာမှ ...

ဝင်ချင်းချင်း စကားစလိုက်၏။

"မနက်ဖြန် သွားကြည့်ကြရအောင်"

ဝမ်စိန်ကြည်က ...

"သွားတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"မင်း ငါ့စကားမရရင် ဘာမှ မလုပ်ရဘူး"

ဝင်ချင်းချင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ကျွန်မ ဘာမှ မလုပ်ပါဘူး"

✸ ✸ ✸

မွန်းတည့်အချိန် ရောက်လာသည့်တိုင် ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က တည်းခိုခန်းရှိ မိမိအခန်းတွင် လဲလျောင်းနေကြ၏။

ညနေအချိန် ရောက်လာသောအခါ ...

သူတို့သည် အဝတ်အစားလဲ၍ ထွက်ခွာသွား၏။

မွန်ကျူးမာ နေထိုင်သော အိမ်ဂေဟာသို့ ရောက်ရှိသွားသောအခါ ...

ခန်းမတံခါး ပွင့်နေပြီး မီးများ ထိန်ထိန်လင်းအောင် ထွန်းထားသည်ကို တွေ့ရ၏။

ဧည့်သည်များသည် ရှေ့ဆင့် နောက်ဆင့် ဝင်သွားကြသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့ကလည်း ဧည့်သည်များနှင့် ရောနှော၍ တံခါးဝရှိရာသို့ ချဉ်းကပ်သွား၏။

ဝမ့်စိန်ကြည်သည် တံခါးဝအနီးသို့ ရောက်ရှိလာသောအခါ အင်္ကျီရှည် ဝတ်ဆင်ထားသော လူကသူ့အား ဟန့်တားလိုက်သည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က လျှို့ဝှက်သင်္ကေတ ဖြစ်သော လက်ချောင်းသုံးချောင်း ထုတ်ပြလိုက်ပြီး ...

"သိုင်းလောက သစ္စာတရား"

ဟု ပြောလိုက်ရာ ...

ထိုလူသည် ရိုရိုသေသေ အလေးပြုပြီး ဝင်ခွင့်ပြုလိုက်လေသည်။

* * *

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် လွတ်နေသော စားပွဲ တစ်နေရာသို့ ထိုင်ချလိုက်၏။

ဤသို့ဖြင့် ဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လာပြီး ဧည့်ခန်းမတစ်ခုလုံး ပြည့်သွား၏။

ဝမ်စိန်ကြည်သည် မွန်ကျူးမာအား အကဲခတ်ကြည့်လိုက် သည်။



မွန်ကျူးမားဆိုသူမှာ အသက်လေးဆယ့်ရှစ်နှစ်၊ လေးဆယ့် ကိုးခန့် ရှိ၏။

သူ၏ပုံဟန်မှာ သိုင်းပညာအလွန်အဆင့်မြင့်သည်ဟု ခန့်မှန်း၍ ရသည်။

ထိုစဉ် ...

အောက်လက်ငယ်သားတစ်ယောက်က မွန်ကျူးမာ အနီးသို့ ချဉ်းကပ်လာပြီး တီးတိုးပြောလိုက်ရာ မွန်ကျူးမာ၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွား၏။

ဧည့်ခန်းထဲမှ ကမန်းကတန်း ထွက်ခွာသွားသည်။

တစ်ခဏအကြာတွင် သူသည် လူသုံးယောက်အား ကြိုဆို၍ ဝင်ရောက်လာသည်ကို တွေ့ရ၏။

ဝမ်စိန်ကြည်သည် မွန်ကျူးမာ၏ လေးလေးစားစား ကြိုဆိုပုံကို ထောက်ကြည့်ခြင်းအားဖြင့် ထိုလူသုံးယောက်မှာ အလွန်ကျော်ကြားသော ပုဂ္ဂိုလ်များ ဖြစ်ရမည်ဟု ယုံကြည်သည်။

ထို့ကြောင့် ...

ထိုသူသုံးယောက်အား သတိပြု အကဲခတ် ကြည့်လိုက်လေသည်။

ပထမဆုံးလူမှာ စာပေသမားပုံဟန် ရှိ၏။

ကျောပေါ်တွင် ဓားရှည်တစ်လက် ပိုးထားသည်။

မျက်နှာမှာ မာန်မာန အပြည့်အဝရှိကြောင်း တွေ့ရသည်။

ဒုတိယလူမှာ အသက်သုံးဆယ်ကျော်ခန့်ရှိသော လူသန်ကြီး တစ်ယောက် ဖြစ်၏။

တတိယလူမှာ အသက် နှစ်ဆယ့်နှစ်၊ နှစ်ဆယ့်သုံးခန့်ရှိသော မိန်းကလေးတစ်ယောက် ဖြစ်၏။

ရုပ်ရည်မှာ အလွန်ချောမော လှပ၏။

သို့သော် ...

သူမ၏ ချောမော လှပသော မျက်နှာပေါ်တွင် အနည်းငယ် ရက်စက် ကြမ်းကြုတ်သည့်အသွင် ဆောင်နေသည်ကို တွေ့ရ၏။

မွန်ကျူးမာက အသံကျယ်ကျယ်ဖြင့် မိတ်ဆက်ပေးလိုက်မှ ...

စာပေသမားပုံစံရှိသော လူမှာ မေကျုန့်ဟိုဖြစ်ပြီး ထိုမိန်းကလေးမှာ စွန်းကျူးချင်း ဖြစ်ကြောင်း သိလိုက်ရ၏။

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

"ဒီမေကျုန့်ဟို ဆိုတဲ့လူက အစ်ကိုကြီး ကွေ့စင်းရဲ့ တပည့် ဖြစ်တယ်၊ ဘာကြောင့် ဒီလောက်တောင် မာန်မာနကြီးရတာလဲ"

ထိုစဉ် ...

မေကျုန့်ဟိုက မွန်ကျူးမာအား ရှင်းပြလိုက်လေသည်။



"အခုလို သိုင်းလောကရဲ့ အရှုပ်အထွေးများကို ဆရာက ဘယ်ပါဝင်နိုင်ပါ့မလဲ၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် လာခဲ့တာ"

မွန်ကျူးမာက ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

မေကျုန့်ဟိုက စကားဆက်လိုက်၏။

"ကျုပ်ကတော့ အဖော်နှစ်ယောက်ကိုပါ ခေါ်လာခဲ့တယ်ဗျာ"

သူသည် လူသန်ကြီးကို မိတ်ဆက်ပေးလိုက်၏။

"သူ့နာမည်ကတော့ လူပေစိမ်းပါ"

သူသည် မိန်းကလေးအား ညွှန်ပြလိုက်ပြန်၏။

"သူ့နာမည်က စွန်းကျူးချင်းပါ"

မွန်ကျူးမာက ဦးညွှတ်လိုက်၏။

"အခုလို အင်တိုက်အားတိုက်လာပြီး ကူညီတဲ့ကျေးဇူး မမေ့ပါဘူးဗျာ"

သူသည် ကုလားထိုင်ကို ညွှန်ပြလိုက်၏။

"ကဲ ... အားလုံး ထိုင်ကြပါဗျာ"

မေကျုန့်ဟိုတို့ သုံးယောက်သည် စားပွဲအနီးသို့ ဝင်ရောက် ထိုင်ချလိုက်၏။

အောက်လက်ငယ်သားများသည် စားသောက်ဖွယ်ရာများ

စတင်လာရောက် ချပေးကြသဖြင့် အားလုံးသော လူများသည် အားရပါးရ စားသောက်နေကြတော့၏။

ထိုစဉ်မှာပင် ...

အောက်လက်ငယ်သား တစ်ယောက်က အနီရောင် ဖိတ်စာ တစ်စောင်ယူ၍ ဝင်လာပြီးလျှင် မွန်ကျူးမာ လက်ထဲသို့ အပ်လိုက်သည်။

မွန်ကျူးမာက ထိုဖိတ်စာကို ကြည့်လိုက်သည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ဟဲ ... ဟဲ ... ကျောက်ကုန်းလေက သတင်း တော်တော် လျင်တယ်ဗျ၊ ကျုပ်တို့က သူ့ကို စိန်မခေါ်သေးဘူး၊ သူက ကျုပ်တို့ကို စိန်ခေါ်လိုက်ပြီဗျ"

သူသည် ဖိတ်စာကို မေကျန့်ဟိုလက်ထဲ အပ်လိုက်၏။

"ခင်ဗျား အခုမှ ရောက်လာတာ၊ သူကတော့ ချက်ချင်း သိသွားပြီဗျ"

ထို့နောက်

မေကျန့်ဟိုက ဖိတ်စာကို ကြည့်လိုက်သောအခါ ဖိတ်စာပေါ်တွင် မေကျန့်ဟိုတို့ သုံးယောက် အမည်ပါရှိ၏။

အခြား ဖိတ်စာ ပေါ်မှာမူ ...



မွန်ကျူးမာ၊ စုကျားညီအစ်ကိုနှင့် ဆရာစုလိပ်တို့၏ အမည်များ ပါရှိသည်ကို တွေ့ရသည်။

ဖိတ်စာ၏ အကြောင်းအရာပေါ်တွင် နောက်တစ်နေ့ မွန်းတည့်ချိန် အိမ်ဂေဟာသို့ ကြွရောက်၍ နံနက်စာ သုံးဆောင်ရန် ဖိတ်ခေါ်ထားခြင်း ဖြစ်ကြောင်း ပါရှိ၏။

မေကျန့်ဟိုက မဲ့ပြုံး ပြုံးလိုက်၏။

"ကျောက်ကုန်းလေက ဘယ်ဆိုးလို့တုန်း"

မွန်ကျူးမာက အောက်လက်ငယ်သားများအား ပြောလိုက်သည်။

"ဖိတ်စာလာပေးတဲ့ မိတ်ဆွေကို အထဲခေါ်ခဲ့ပါ"

သူ၏ အောက်လက်ငယ်သား ပြန်လည် ထွက်ခွာသွား၏။

အားလုံးသောလူများသည် စားသောက်ရာမှ အားလုံးရပ်တန့်သွားကြပြီး တံခါးဝသို့ အာရုံ ရောက်ရှိသွားကြလေ၏။

✸ ✸ ✸

တစ်ခဏအကြာတွင် ...

အောက်လက်ငယ်သား ပြန်လည်ဝင်ရောက်လာ၏။

သူ့နောက်တွင် လူတစ်ယောက် ပါလာ၏။

ထိုလူမှာ အသက်သုံးဆယ်ခန့် ရှိသည်။

အစိမ်းရောင် အင်္ကျီရှည် ဝတ်ဆင်ထားသည်ကို တွေ့ရ၏။

သူသည် အေးဆေးစွာ လျှောက်လာပြီး မွန်ကျူးမာအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်၏။

"ဆရာက မိတ်ဆွေများ ရောက်ရှိလာကြတယ် သိလို့ အခုလို ဖိတ်ခိုင်းလိုက်တာ ဖြစ်ပါတယ်"

မေကျန့်ဟို ထိုလူအား မဲ့ပြုံး ပြုံးပြလိုက်၏။

"ဟော့ မင်းနာမည် ဘယ်လို ခေါ်သလဲ"

မေကျန့်ဟိုက ရိုင်းပြစွာ ခေါ်လိုက်သော်သည်း ထိုလူကသည်း ခံ၍ ပြန်ပြောသည်။

"ကျုပ်နာမည် ... လိုရစ်ယု ဖြစ်ပါတယ်"

မေကျန့်ဟိုက ...

"ကျောက်ကုန်းလေ ငါတို့ကို ဖိတ်တယ်ဆိုတာ ကောက်ကျစ်တဲ့အကြံများ ရှိသလား"

လိုရစ်ယု ခေါင်းခါယမ်းလိုက်၏။

"လူကြီးမင်းတို့ ရောက်လာတာကိုကြားလို့ လေးစားစွာ အခုလိုလာပြီး ဖိတ်ခေါ်တာပါ၊ တခြား ဘာမှ မရှိပါဘူး"

မေကျန့်ဟို နှာခေါင်း ရှုံ့လိုက်၏။



"မင်း စကားပြောတတ်သားပဲ"

သူသည် လိုရစ်ယုအား စိုက်ကြည့်လိုက်၏။

"ဒီမှာပြောစမ်း တစ်ချိန်တုန်းက ကျောက်ကုန်းလေဟာ မွန်ကျူးရပ်ကို သတ်စဉ်တုန်းက မင်း ရှိသလား"

လိုရစ်ယုက ...

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး အချိန်တိုတိုနဲ့ ပြောပြလို့မလွယ်ပါဘူး၊ အခု ဆရာဖိတ်ခေါ်တာလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး တောင်းပန်ချင်လို့ပါ"

မေကျန့်ဟို မဲ့ပြုံး ပြုံးလိုက်၏။

"လူတစ်ယောက် အသတ်ကိုသတ်ပြီး တောင်းပန်လို့ ပြီးရောလား"

လိုရစ်ယုက ...

"အဲဒီတုန်းက ဆရာက ဘယ်လိုမှ ရှောင်လွှဲလို့ မရတာနဲ့ ဖြစ်သွားတာပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာ အလွန်နောင်တရနေပါတယ်"

စွန်းကျုံးချင်း ရုတ်တရက် ထအော်လိုက်၏။

"ဒါ့ပြင် အဲဒီတုန်းက ရှင်လည်း ရှိနေတယ် မဟုတ်လား"

လိုရစ်ယုက ...

"အဲဒီအချိန်တုန်းက ကျုပ် မရှိပေမယ့် ကျုပ်ဆရာအကြောင်းကို ကောင်းကောင်းသိပါတယ်၊ အပြစ်မရှိတဲ့လူကို ဘယ်တော့မှ မသတ်ပါဘူး"

စွန်းကျုံးချင်းက အသံစူးရှစွာဖြင့်...

"ရှင်က ရှင့်ဆရာအတွက် ကာကွယ်ပြောဆိုနေတာကိုး"

သူသည် ပြောရင်း ဓားကို ဆွဲထုတ်လိုက်၏။

လိုရစ်ယုအား တိုက်ခိုက်လိုက်လေသည်။

လိုရစ်ယု ထိတ်လန့်သွား၏။

သူ၏ ညာဘက်လက်သည် သံမဏိမင်းတုံး သိုင်းကွက်ဖြင့် ရှေ့မှ ကန့်လန့်ဖြတ် ကာကွယ်လိုက်၏။

ဝမ်စိန်ကြည်က အသံတိုးတိုးဖြင့်...

"ဒုက္ခပဲ ဒီလူ လက်ပြတ်သွားတော့မှာပဲ"

သူ၏ စကားမဆုံးမီ

"အား..."

လိုရစ်ယု အသံစူးရှစွာ အော်ဟစ်လိုက်၏။

ထို့နောက်...

သူ၏ ညာဘက်လက်တစ်ဖက်သည် တိခနဲ ပြတ်ကျသွားလေသည်။



ဧည့်ခန်းထဲမှာ ရှိနေကြသောလူများသည် ထိတ်လန့် အံ့ဩသွားကြလေသည်။

အားလုံး ထိုင်ရာမှ မတ်တတ်ရပ်ကြသည်။

လိုရစ်ယု၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ရှိနေသည်။

သို့သော်...

သူသည် လဲကျသွားခြင်း မရှိပါ။ ဘယ်ဘက်လက်ဖြင့် အင်္ကျီစကို ဆွဲဖြတ်လိုက်ပြီး ညာဖက်ပခုံးကို ချည်လိုက်သည်။

ထို့နောက်...

မြေပေါ်မှာ ကျနေသော လက်တစ်ဖက်ကို ကောက်ယူလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

* * *

အားလုံးသော လူများသည် လိုရစ်ယု၏ သတ္တိရှိပုံကို အလိုလို ချီးကျူးမိလေသည်။

စွမ်းကျုံးချင်းသည် ဓားပေါ်မှသွေးကို သုတ်လိုက်သည်။

ထို့နောက်...

ထိုင်၍ စားသောက်လိုက်သည်။

မကျန့်ဟိုက...

"ဒီလို ကြည့်ရတာ ဒါလောက် သတ္တိရှိရင် သူ့ဆရာဟာ ဘယ်လောက် စိတ်ခက်ထန်တယ်ဆိုတာ သိသာနိုင်တယ်"

မွန်ကျူးမာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မေကျွန့်ပိုက...

"ဒါဖြင့် မနက်ဖြန် ကျုပ်တို့ ဖိတ်ခေါ်တာ သွားရမလား"

မုန်တိုင်းစား ဝမ်ဖန်က...

"မသွားရင် တို့ကို အထင်သေးမှာပေါ့"

မွန်ကျူးမာက...

"ဒါလည်း ဟုတ်တယ်"

မုန်တိုင်းစား ဝမ့်ဖန်က...

"အကောင်းဆုံးကတော့ ကနေ့ည သူတို့ အခြေအနေ ကြည့်ရအောင် တိတ်တဆိတ် သွားလေ့လာရင် ကောင်းမယ်ထင်တယ်"

မွန်ကျူးမာက သဘောကျသွားသည်။

"ဟာ သိပ်ကောင်းတာပေါ့"

စွန်ကျူချင်းက...

ကျွန်မလည်း လိုက်သွားမယ်"



မွန်ကျူးမာက အရက်ကို ငှဲ့လိုက်သည်။ သူသည် အရက်ခွက်ကို မြှောက်ထားလိုက်လေသည်။

"အခုလို စွန့်စားရမယ့်အတွက် ကျုပ်က ဂုဏ်ပြုတဲ့အနေနဲ့ အရက်တစ်ခွက် သောက်လိုက်ပါ့မယ်"

ဝမ့်ဖန်းက အရက်ခွက်ကို လှမ်းယူလိုက်ပြီး မော့ချလိုက်လေသည်။

ထို့နောက်...

ထမင်းစားပွဲ ပြီးဆုံးသွားသဖြင့် အားလုံးအသီးသီး နှုတ်ဆက်ထွက်ခွာသွားပြီး မွန်ကျူးမာ စီစဉ်ထားသော အခန်း၌ အနားယူရန် ထွက်ခွာသွားကြလေသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့လည်း မွန်ကျူးမာ စီစဉ်ထားသော အခန်းတစ်ခုသို့ ဝင်သွားကြသည်။

သို့သော်...

သူတို့သည် အခြေအနေများကို အကဲခတ် ကြည့်နေ၏။

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသောအခါ လူရိပ်တစ်ခုသည် သူတို့ အခန်းအပြင်ဘက်မှ ဖြတ်ကျော်သွားသည်ကို တွေ့မြင်လိုက်လေ၏။

ဝမ်စိန်ကြည်က ဝင်ချင်းချင်းအား ခေါင်းညိတ် ပြလိုက်ပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားသည်။

ဝင်ချင်းချင်းက ထက်ကြပ်မကွာ လိုက်သွားလေသည်။

ထိုလူ၏ ပုံသဏ္ဍာန်ကို ကြည့်လိုက်သည်နှင့် မုန်တိုင်းစား ဖြစ်သည်ကို သိလိုက်လေ၏။

ဝမ့်ဖန်းသည် အရှေ့ဘက်သို့ ဦးတည်သွား၏။

ဝမ်စိန်ကြည်က ခပ်လှမ်းလှမ်းမှ လိုက်သွားသည်။

ဝမ့်ဖန်၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသည်။

ထို့ကြောင့်...

သိုင်းလောကသားများက သူ့အား မုန်တိုင်းစားဟု ခေါ်တွင် နေခြင်းဖြစ်သည်ကို ဝမ်စိန်ကြည်က နားလည်လိုက်သည်။

ဝမ့်ဖန်းသည် အလွန်ကြီးမားသော အဆောက်အအုံကြီး တစ်ခုထဲသို့ လှမ်းဝင်သွား၏။

တစ်ခဏကြာမှ...

စွမ်းကျုံးချင်းကလိုက်၍ ဝင်သွားသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည်က အနည်းငယ် စောင့်ဆိုင်းပြီးမှ ဝင်ချင်းချင်း နှင့်အတူ အုတ်နံရံပေါ်မှ ကျော်၍ ဝင်သွားလေ၏။

သူတို့သည် အုတ်နံရံကျော်၍ ဝင်လိုက်သောအခါ...

ဝမ့်ဖန်းတို့အား မတွေ့ရတော့ချေ။

အဆောက်အအုံ၏ ဘယ်ဘက်အခန်းတွင် မီးရောင်ထွက်နေ သည်ကို တွေ့ရသည်။



သူတို့သည် တိတ်တဆိတ် ချဉ်းကပ်သွားသည်။

ပတ်ဝန်းကျင်မှာ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရတော့မှ သူတို့သည် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်ပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်၏။

* * *

အခန်းထဲ၌...

လူသုံးယောက် ထိုင်နေကြသည်။

တံခါးဝသို့ မျက်နှာမူ၍ ထိုင်နေသူမှာ အသက်ငါးဆယ်ကျော် ခန့်ရှိသည်။

သူ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များ ပေါ်လွင်နေသည်။

ထိုလူက သက်ပြင်းချလိုက်သည်။

"လိုရစ်ယု အခြေအနေ ဘယ်လိုလဲ"

သူ၏ ဘယ်ဘက်တွင် ထိုင်နေသောလူက...

"အစ်ကိုကြီး လိုရစ်ယုက သတိအကြိမ်ကြိမ် မေ့သွားတယ်၊ အခု သွေးတိတ်သွားပါပြီ"

ထိုလူအနီးတွင် ထိုင်နေသောလူက...

"ဆရာတို့ရဲ့ အနီးပတ်ဝန်းကျင်မှာ အစောင့်ချထားရင် ကောင်း မယ်ထင်တယ်၊ တော်တော်ကြာ ရန်သူက လာပြီးစုံစမ်းချင် စုံစမ်း နေမှာ"

ထိုလူက သက်ပြင်းချလိုက်သည်။

"မလိုပါဘူးကွာ၊ ငါ... ကျောက်ကုန်းလေ ဆိုတဲ့ နာမည် တစ်လုံးဟာ ဘယ်တော့မှ မတရား မလုပ်ဘူး၊ အခုလို ကြုံရတဲ့အခါ မှာ ငါလည်းဘာမှ ခုခံမှာ မဟုတ်ဘူး၊ ကံတရား ထားလိုက်မှာပဲ ကွယ်"

ထိုသူသည် ကျောက်ကုန်းလေပင် ဖြစ်သည်။

သူ၏ နံဘေးတွင် ထိုင်နေသော လူနှစ်ယောက်မှာ သူ၏ တပည့်များပင် ဖြစ်သည်။

ကျောက်ကုန်းလေသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။

"မနက်ဖြန်စောစော မင်းတို့က ငါ့မိန်းမ၊ သမီးနဲ့ သားငယ်ကို ဝူးကျူးအထိ ပို့ပေးလိုက်ပါ"

တပည့်ဖြစ်သူက အကြံပြုလိုက်၏။

"ဆရာဘာဖြစ်လို့ စိတ်ပျက်နေတာလဲ၊ ကျွန်တော်တို့မှာ သွေးသောက် နှစ်ထောင်ကျော်လောက် ရှိသေးတယ်၊ စုပေါင်းပြီး ခုခံလိုက်ရင် သူတို့ကို ကြောက်ဖို့ မလိုဘူးထင်တယ်"



ကျောက်ကုန်းလေက ခေါင်းညိတ်လိုက်သည်။

"တစ်ဖက်မှာ ရောက်နေတဲ့လူတွေဟာ ထိတ်ထိတ်ကြဲ သိုင်းသမားတွေ၊ တို့လူတွေကို သက်သက်မဲ့ အဆုံးရှုံး မခံနိုင်ပါဘူး"

သူ သက်ပြင်းတစ်ချက် ချလိုက်၏။

"ငါ သေသွားရင် မင်းတို့က ငါ့ရဲ့မိသားစုကို ပြုစုစောင့်ရှောက်ပါလို့ အားကိုးပါရစေ"

သူသည် ပြောရင်း မျက်ရည်များပင် ကျလာ၏။

တပည့်တစ်ယောက်က ခံပြင်းလာသည်။

"ဆရာရယ်၊ စိတ်မပျက်ပါနဲ့ ဆရာရဲ့ သိုင်းပညာက ရှုံးမယ်လို့ မထင်ပါဘူး"

အခြားတပည့် တစ်ယောက်က...

"ဟုတ်တယ်ဆရာ ကျွန်တော်တို့ လူနှစ်ဆယ့်ငါးယောက်မှာ လိုရစ်ယုကလွဲလို့ နှစ်ဆယ့်လေးယောက် ကျန်ပါသေးတယ်၊ သူသေ ကိုယ်သေ တိုက်ခိုက်ပါရစေ"

ကျောက်ကုန်းလေ ခေါင်းခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့ ငါလည်း မင်းတို့အရွယ်တုန်းက မစဉ်းစားမဆင်ခြင်မိလို့ အခုလို ရန်ငြိုး ဖြစ်သွားခဲ့တာပေါ့၊ အခု ငါအသတ်ခံလိုက်ရင် ဒီသွေးကြွေးလည်း ကျေသွားတော့မှာပေါ့ကွာ"

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ကျောက်ကုန်းလေ၏ ပြောဆိုသံများ ကြားလိုက်ရသဖြင့် ကျောက်ကုန်းလေမှာ လူဆို တစ်ယောက်မဟုတ်မှန်း အကဲခတ်မိလိုက်သည်။

ထိုစဉ် တပည့်တစ်ယောက်က…

"ဆရာ…ဆရာ သူတို့နဲ့ ရင်မဆိုင်ချင်ဘူးဆိုရင် ညတွင်းချင်း ရှောင်လိုက်ရင် မကောင်းဘူးလား"

အခြား တပည့်တစ်ယောက်က…

"ဘယ်ဖြစ်မလဲ ဆရာဂုဏ်သိက္ခာ ထိခိုက်သွားမှာပေါ့"

ကျောက်ကုန်းလေက…

"ဂုဏ်သိက္ခာထိခိုက်တာ ကျုပ် ဂရုမစိုက်ဘူး၊ ဒါပေမယ့် ရှောင်တိမ်းသွားရင်လည်း သူတို့က လိုက်ဦးမှာပဲ"

သူထိုင်ရာမှ ထရပ်လိုက်သည်။

"မနက်ဖြန် မိုးလင်းတာနဲ့ မင်းတို့အားလုံး သွားကြ၊ ငါ တစ်ယောက်တည်း နေခဲ့မယ်"

တပည့်နှစ်ယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကျွန်တော် ဆရာနဲ့ နေခဲ့မယ်"

ဟု ပြိုင်တူ ပြောလိုက်လေသည်။

ကျောက်ကုန်းလေ စိတ်တိုလာသည်။



"ဘယ်လိုလဲ ငါပြောတဲ့စကားကို မင်းတို့ နားမထောင်တော့ဘူးလား"

တပည့်နှစ်ယောက်က ပါးစပ်ပိတ်ထားလိုက်သည်။

ကျောက်ကုန်းလေက…

"ကဲ…တပည့်များအားလုံးကို ခဏ ခေါ်ခဲ့စမ်းပါကွာ"

တပည့်နှစ်ယောက်သည် အခန်းတံခါးဖွင့်၍ ထွက်ခွာသွားသည်။

အခန်းထဲမှ မီးရောင်များ ဖြာထွက်လာသဖြင့် တစ်ဖက်ထောင့်တွင် လူနှစ်ယောက် ပုန်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်ယောက်မှာ မုန်တိုင်းစား ဝမ့်ဖန်း ဖြစ်ပြီး…

ကျန်တစ်ယောက်မှာ စွန်းကျူးချင်းပင် ဖြစ်လေသည်။

✸ ✸ ✸

စွမ်းကျူးချင်းသည် အလွန်ရက်စက်၊ ကြမ်းကြုတ်သည်ကို ဝမ်စိန်ကြည် တွေ့မြင်ခဲ့၏။

ထို့ကြောင့်…

စွမ်းကျူးချင်းအပေါ် မကျေမနပ် ဖြစ်ခဲ့သည်။

သို့သော်…

စွမ်းကျုံးချင်းမှာ မိမိ၏ ဂိုဏ်းသားတစ်ယောက် ဖြစ်နေသဖြင့် သူ့စိတ်ကို ချုပ်တီးခဲ့ခြင်း ဖြစ်သည်။

ယခု...

စွန်းကျုံးချင်းအား တွေ့မြင်လိုက်ရသောအခါ သူမအား ဆုံးမရန် စိတ်ကူးပေါက်လာသည်။

သူသည် ဝင်ချင်းချင်းအား အသံတိုးတိုးဖြင့်...

"မင်း ဒီမှာ ငြိမ်ငြိမ်ကလေးနေ၊ လုံးဝမလှုပ်ရဘူး"

ဝင်ချင်းချင်းက ခန္ဓာကိုယ်အား တစ်ချက် လှုပ်ရှားလိုက်သည်။

"ကျွန်မ လှုပ်ကို လှုပ်မယ်၊ ဘာဖြစ်လဲ"

ဝမ်စိန်ကြည် ကြိတ်၍ ရယ်မောမိ၏။

သူသည် ဝမ့်ဖန်းနှင့် စွန်းကျုံးချင်း၏ အခြေအနေကို အကဲခတ် ကြည့်လိုက်သည်။

သူတို့သည် အခန်းထဲသို့ အာရုံစူးစိုက်စွာ ချောင်းကြည့်နေကြသည်ကို တွေ့ရှိရသဖြင့် စွန်းကျုံးချင်း အနားသို့ တိတ်တဆိတ် ဖြတ်ပြေးသွား၏။

တစ်ဆက်တည်းမှာပင် သူမ၏ခါး၌ ချိတ်ထားသော ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။



စွန်းကျုံးချင်းက အခန်းထဲသို့ အာရုံစိုက်နေသဖြင့် လုံးဝမသိလိုက်ပါ။

ဝမ်စိန်ကြည်က ဝင်ချင်းချင်းထံသို့ ပြန်လည် ရောက်ရှိလာသည်။

ဝင်ချင်းချင်းသည် မိန်းကလေးတစ်ယောက်ထံမှ ဓားကို ဝမ်စိန်ကြည်က ခိုးယူလာ၍ မကျေမနပ် ဖြစ်နေ၏။

ဝမ်စိန်ကြည်သည် ဓားကို သူမ လက်ထဲသို့ အပ်လိုက်ပြီး...

"ဒီဓားကို မင်းသိမ်းထား"

ဝင်ချင်းချင်း ကျေနပ်သွား၏။

ထိုစဉ်...

လူအချို့ အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာကြသည်။

ထိုလူများမှာ ကျောက်ကုန်းလေ၏ တပည့်များ ဖြစ်ရမည်ဟု ဝမ်စိန်ကြည်က ယုံကြသည်။

ထိုလူအားလုံးတို့သည် ကျောက်ကုန်းလေရှေ့၌ တိတ်ဆိတ်စွာ မတ်တတ်ရပ်လိုက်ကြ၏။

ကျောက်ကုန်းလေ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

"မင်းတို့ကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ငါဟာ အသက် ငယ်ငယ်တုန်းက ဓားပြလုပ်ခဲ့ဖူးတယ်ကွယ့်"

ကျောက်ကုန်းလေ၏ စကားကြောင့် သူ၏တပည့်များ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြ၏။

မယုံကြည်နိုင်အောင်လည်း တအံ့တသြ ဖြစ်မိကြ၏။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိနိုင်ပေ။

တစ်နေ့တွင် ဘူးပေါ်သလို ပေါ်လာရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့်...

ကျောက်ကုန်းလေသည် လျှို့ဝှက်မထားတော့ဘဲ အမှန်အတိုင်း ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"အခုလို ရန်သူက ရန်ရှာဖို့ ရောက်ရှိလာတဲ့အခါမှာ သူတို့နဲ့ ဘာကြောင့် ရန်ငြိုးဖြစ်ခဲ့တယ်ဆိုတာ မင်းတို့အားလုံး သိအောင် ရှင်းပြဖို့ အချိန်တန်ပြီထင်လို့ ခေါ်လိုက်တာ"

အားလုံးသော လူများသည် ဆရာဖြစ်သူ ပြောလာမည့် စကားများကို တိတ်ဆိတ်စွာ နားစွင့်နေကြ၏။

ကျောက်ကုန်းလေက သက်ပြင်းတစ်ချက် ချလိုက်၏။

"အခု ငါ့ကိုလာပြီး ရန်ရှာတဲ့လူဟာ မွန်ကျူးမာဖြစ်တယ် အကြောင်းကတော့ သူ့အစ်ကိုကို ဆရာက သတ်လိုက်မိလို့ပါပဲ"

သူသည် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်၏။

"အဲဒီတုန်းက ငါက ဓားပြ၊ သူ့အစ်ကို မွန်ကျူးရပ်က



အာမခံ ဌာနမှူးတစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် သူနဲ့ ငါ ထိပ်တိုက်ရင်ဆိုင်ပြီး တွေ့ကြရတာပါပဲ"

ကျောက်ကုန်းလေသည် သက်ပြင်းချလိုက်၏။

ထို့နောက်...

ယူနှင့် "မွန်ကျား" ကျေးရွာရန်ငြိုး ဖြစ်ခဲ့ရပုံကို အစအဆုံး ရှင်းလင်း ပြောပြလိုက်သည်။

သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

မထင်မှတ်သော ကိစ္စကလေး တစ်ခု၊ အမှားအယွင်း တစ်ခု ဆောင်ရွက်မိသည်နှင့် အခုတော့ သူ့ဘဝပျက်စီးရတော့မည် မဟုတ်ပါလား။

တစ်ခါတစ်ရံတွင် မထင်မှတ်သော ကိစ္စလေးတစ်ခုသည် အသေးအဖွဲ့ဟု ထင်မှတ်ရသော်လည်း ထိုအသေးအဖွဲ့လေးသည်ပင် ဘဝတစ်ခုလုံးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေနိုင်ပေသည်။

ကျောက်ကုန်းလေ၏ လေသံက အနည်းငယ် တုန်တုန်ယင်ယင် ဖြစ်နေ၏။

ကြောက်ရွံ့ ထိတ်လန့်၍ မဟုတ်ဘဲ စိတ်လှုပ်ရှားခြင်းကြောင့် ဖြစ်ကြောင်း၊ ဝမ်းစိန်ကြည် နားလည်သဘောပေါက်မိသည်။

ကျောက်ကုန်းလေက...

"ကျုပ်ဟာ အဲဒီအချိန်က လမ်းဓားပြတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ဓားပြဆိုပေမယ့် လူကောင်းတွေကို ဒုက္ခပေးတဲ့ ဓားပြ မဟုတ်ပါဘူး၊ မတရား အမြတ်ကြီးစားတဲ့ ကုန်သည်ပွဲစားတွေ၊ မတရားတဲ့ အရာရှိတွေကိုသာ ရွေးချယ်တိုက်ခိုက်တာပါ၊ ကျုပ်တို့ တိုက်ခိုက်ပြီး များများစားစား ရတဲ့အခါမျိုးမှာ ဆင်းရဲ ဒုက္ခ ရောက်နေသူတွေကို ခွဲဝေပေးပြီး တတ်နိုင်သလောက် ကူညီခဲ့ပါသေးတယ်၊ အဲ... တစ်နေ့တော့..."

✸ ✸ ✸

ကျောက်ကုန်းလေထံသို့ သတင်းတစ်ခု ရောက်လာ၏။

မတရားသော မြို့တော်ဝန်တစ်ယောက်သည် နဂါးတောင်ကုန်းကို ကျော်ဖြတ်သွားမည်ဆိုသော သတင်း။

ထိုအခါ...

ကျောက်ကုန်းလေတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

မြို့တော်ဝန် ရောက်ရှိလာမည့်အချိန်ကို ထပ်မံစုံစမ်း၍ တိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်ကြသည်။

တစ်ဆက်တည်းမှာပင် မြို့တော်ဝန်အား စောင့်ရှောက်ရ



လိုက်ပါလာသူမှာ မွန်ကျားကျေးရွာမှ အာမခံဌာနမှူး မွန်ကျူးရပ် ဆိုသူဖြစ်ကြောင်း သိလာရ၏။

မွန်ကျူးရပ်၏ သိုင်းပညာမှာ မခေပါချေ။

ထို့ကြောင့်...

ကျောက်ကုန်းလေ တိုက်ခိုက်ရန်ပင် လက်တွန့်နေမိ၏။

သို့သော်...

မြို့တော်ဝန် နဂါးတောင်ကုန်းအနီးသို့ ရောက်လုရောက်ခင် အချိန်၌ နောက်ဆုံး ကြားသိရသော သတင်းကြောင့် ကျောက်ကုန်းလေသည် မဖြစ်မနေ တိုက်ခိုက်ရလေတော့သည်။

ထိုတိုက်ပွဲတွင် ကျောက်ကုန်းလေ၏ လက်ချက်ဖြင့် အာမခံဌာနမှူး မွန်ကျူးရပ် သေဆုံးသွား၏။

မွန်ကျူးရပ် သေဆုံးရသည်မှာ ကျောက်ကုန်းလေ၏ လက်ချက်ဖြစ်ကြောင်း သိလျှင် မွန်ကျားကျေးရွာမှ လူများက လက်တုံ့ပြန်ရန် ကြိုးစားလာကြလေတော့သည်။

ဝမ်စိန်ကြည်သည် ကျောက်ကုန်းလေ၏ စကားများကို နားထောင်ရင်း ဝမ့်ဖန်နှင့် စွန်းကျူးချင်းတို့၏ အခြေအနေကို မသိမသာ အကဲခတ် ကြည့်နေပါသည်။

စွန်းကျူးချင်းသည် သူ၏ကျောပေါ်မှ ဓားပျောက်သွားသည်ကို သတိပြုမိသွား၏။

သူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

မလုံမလဲဖြင့် ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်၏။

အခြေအနေ မဟန်မှန်း ရိပ်စားမိ၍ ဝမ့်ဖန်ကို လက်ကုတ်လိုက်သည်။

တစ်ဖန်...

အသံတိုးတိုးနှင့် ပြောနေ၏။

ဝမ်စိန်ကြည်လည်း သူတို့ကိုကြည့်ကာ ကြိတ်၍ ပြုံးမိလေသည်။

ဇွန်းကျုံးချင်းနှင့် ဝမ်ဖန်းတို့ ဆက်မနေရဲတော့ပါချေ။

ဟိုကြည့် ဒီကြည့် ကြည့်လိုက်ကြပြီး ချက်ချင်းပင် အုတ်နံရံကို ခုန်ကျော်ကာ ထွက်ပြေးသွားကြလေတော့သည်။

ကျောက်ကုန်းလေက သူတို့ နောက်ဆုံးကြားသိခဲ့ရသည့် သတင်းကို ပြောပြလေသည်။

မွန်ကျားကျေးရွာမှ အာမခံဌာနမှူး မွန်ကျုံးရပ်သည် မြို့တော်ဝန်အား ကာကွယ်စောင့်ရှောက်ရန် အလုပ်လက်ခံလိုက်သည်။

ပြီးလျှင်...

ကျောက်ကုန်းလေတို့ လူစုကို သတိမမူဘဲ မြို့တော်ဝန်သည် လူဆိုးလူယုတ်မာ တစ်ယောက်ဖြစ်သည်ဟု တီးတိုးသတင်း လွှင့်လေသည်။

အကြောင်းရင်းမှာ...

သူကိုယ်တိုင်က ဓားပြချုန်းဆိုသူနှင့် ပူးပေါင်းပြီး မြို့တော်ဝန်အား လုပ်ကြံရန် စီစဉ်ထားခြင်းကြောင့် ဖြစ်၏။

မြို့တော်ဝန် နာမည်ဆိုးထွက်နေလျှင် သူတို့အလုပ်ထိခိုက်မည် မဟုတ်တော့ချေ။

သူတို့က မြို့တော်ဝန်ကို အပျောက်ရှင်းပြီး ပစ္စည်းများလုယူမည်။

မြို့တော်ဝန်သမီးကို အပိုင်စီးကြမည် ဖြစ်လေသည်။

သူတို့ လုပ်ကြံသတင်းလွှင့်မှုကြောင့် ကျောက်ကုန်းလေတို့၏ အာရုံစိုက်ခြင်း ခံခဲ့ရသည်ကိုမူ လုံးဝမသိခဲ့ချေ။

ကျောက်ကုန်းလေ လိုက်လံစုံစမ်းရင်း မွန်ကျုံးရပ်၏ အကြံကို သိလာရခြင်း ဖြစ်လေသည်။

ထို့ကြောင့်...

မဖြစ်မနေ ဝင်တိုက်ရန် ဆုံးဖြတ်လိုက်လေ၏။

တိုက်ပွဲတွင် အကြံပက်စက်သော မွန်ကျုံးရပ်ကို အပြတ်ရှင်းပစ်လိုက်လေသည်။

ကျောက်ကုန်းလေ၏ စကားများ ကြားရသောအခါ ဝမ်စိန်ကြည် ခေါင်းညိတ်ထောက်ခံမိလေသည်။

"အင်း... ဒီလောက် ကောက်ကျစ်စဉ်းလဲတဲ့ သူကို သုတ်သင်ပစ်တာ အကောင်းဆုံးပဲ"

ဥပဒေကို လက်တစ်လုံးခြား လုပ်ရန်ကြံစည်သော သူယုတ်မာသည် သေမင်းတံခါးဝသို့ အတင်းဝင်တိုးသူကဲ့သို့ ဖြစ်ချေပေသည်။

ဥပဒေကိုလှည့်စား၍ သူတစ်ပါးပေါ် ကလိန်ကျရန် ကြံစည်ကြိုးစားသူသည် နောက်ဆုံးတွင် ဒုက္ခဖြင့်သာ ရင်ဆိုင်အဆုံး သတ်ရလေ့ရှိပေသည်။

ကျောက်ကုန်းလေက ဆက်ပြောသည်။

"ကျုပ်က မွန်ကျူးရပ်ကို ရှင်းပစ်လိုက်တာနဲ့ အကြောင်းရင်းမှန်ကို မသိကြတဲ့ သူရဲ့ဆရာနဲ့ ညီအစ်ကို မောင်နှမတွေဟာ ကျုပ်ကို ရန်ရှာကြတော့တာပါပဲ"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

ကျောက်ကုန်းလေက အဖြစ်မှန်ကို ရှင်းပြသင့်သည်ဟု ယူဆထား၏။

ကျောက်ကုန်းလေ သက်ပြင်းချကာ...



"ကျုပ်က အမှန်ကို ရှင်းပြချင်ပါတယ်၊ ဒါပေမယ့် သူတို့က ကျုပ် ပြောတဲ့စကားကို ယုံမလား၊ ကျုပ် လိမ်ပြောတယ်လို့ပဲ စွပ်စွဲကြမှာပေါ့"

မှန်ပေသည်။

သူက သက်သေအထောက်အထားမရှိဘဲ ရှင်းပြလျှင် လိမ်ညာပြောသည်ဟုသာ စွပ်စွဲကြမည် ဖြစ်သည်။

ရှင်းပြမည်ဆိုလျှင် ခိုင်လုံသော သက်သေ အထောက်အထား ရှိရမည်ဖြစ်၏။

"ကျုပ်က ရှင်းပြဖို့ စိတ်ကူးမိတယ်၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ရှင်းပြနိုင်မှ ကျုပ်အပေါ်မှာ အထင်မှားမှုတွေ ပပျောက်သွားလိမ့်မယ်၊ ဒါကြောင့် သက်သေပြဖို့ ကြိုးစားခဲ့တာပေါ့"

ကျောက်ကုန်းလေက မည်သို့မည်ပုံ သက်သေပြမည်ကို ဝမ်စိန်ကြည် သိလို၏။

စိတ်ဝင်စားလာ၏။

မတရားသော ကိစ္စတစ်ခုအား လက်ပိုက်ကြည့်မနေတတ်သော သူ့အကျင့်အတိုင်း ကျောက်ကုန်းလေ၏ ပြဿနာကို စိတ်ပါဝင်စားလာခြင်း ဖြစ်တော့၏။

ကျောက်ကုန်းလေက...

"ကျုပ်ဟာ မွန်ကျူးရပ်နဲ့အတူ ကြံရာပါဖြစ်တဲ့ ဓားပြချုန်းကို ဖမ်းဆီးလိုက်တယ်၊ ပြီးတော့ မွန်ကျူးရပ်ရဲ့ အကြောင်းစုံကို အမှန်အတိုင်း ဖွင့်ဟပြီး သက်သေခံစာတစ်စောင် ရေးစေခဲ့တယ်၊ ဒီစာဟာ မွန်ကျူးရပ်ရဲ့ လုပ်ရပ်ကို သက်သေခံမယ့် အထောက်ထားပါပဲ"

သူ၏စကား နားထောင်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။

ဓားပြချုန်းက သက်သေခံစာကို ရေးပေးခဲ့ခြင်း ရှိမရှိ သိလိုလာကြဟန် တူပါသည်။

ရေးပေးခဲ့ပါမူ စိုးရိမ်ဖွယ်ရာ မရှိတော့ပြီ။

ယင်း သက်သေခံစာက သွေးချောင်းစီးတိုက်ပွဲနှင့် ကျောက်ကုန်းလေ၏ အသက်ကို ကယ်တင်နိုင်လိမ့်မည် ဖြစ်ပေသည်။

ကျောက်ကုန်းလေက အားလုံးကိုတစ်ချက် ဝေ့ကြည့်လိုက်ပြီးမှ...

"ဓားပြချုန်းက သက်သေခံစာကို ရေးပေးခဲ့ပါတယ်၊ ကျုပ်မှာ နိုင်လုံတဲ့ သက်သေအထောက်အထား ရပါပြီ၊ ဒီစာကို ရရချင်း မွန်ကျူးရပ်ရဲ့ ဝါစန်းဂိုဏ်းကို ကျုပ်သွားခဲ့တယ်၊ ဝါစန်းဂိုဏ်းချုပ်နဲ့ တွေ့ပြီး စာကိုပြလိုက်တယ်၊ ဂိုဏ်းချုပ်ဟာ စာဖတ်ပြီးတဲ့နောက်



အဖြစ်မှန်ကို သိသွားတဲ့အတွက် ကျုပ်အပေါ် ကျေအေးခွင့်လွှတ်လိုက်ပါတယ်"

ဝါစန်းဂိုဏ်းချုပ်ပင်လျှင် ယင်းစာကို လက်ခံယုံကြည်ကာ ကျေးအေးနိုင်သည်ဟု ဆိုလျှင် ယခုလာရောက် အန္တရာယ်ပြုမည့်သူများလည်း ထိုစာကိုသာ တွေ့ရပါက ကျေအေးသွားကြမည် အမှန်ပင် ဖြစ်၏။

ထိုတွင် တစ်ယောက်က...

"သက်သေခံစာရှိရင် ရန်သူတွေကို ကြောက်စရာမလိုတော့ပါဘူး ခင်ဗျာ"

ဟု ပြောလိုက်၏။

ကျောက်ကုန်းလေက သက်ပြင်းချရင်း...

"သက်သေခံစာ ရှိရင် ဒီကိစ္စ ဒီလောက် စိုးရိမ်စရာမလိုပါဘူး၊ ဒါပေမယ့် ကျုပ်လက်ထဲမှာ သက်သေခံစာ မရှိတော့လို့ အခက်ကြုံနေရတာပေါ့"

သူ၏စကားဆုံးလျှင် ဟင်ခနဲ ထိတ်လန့်အံ့သြသွားသည့်အသံများ ထွက်ပေါ်လာသည်။

သက်သေခံစာကို ကျောက်ကုန်းလေက အသက်နှင့်ထပ်တူ တန်ဖိုးထားပြီး သိမ်းဆည်းထားမည် အမှန်ပင်။

ဤသို့ဆိုလျှင် သက်သေခံစာက မည်သို့မည်ပုံ ပျောက်ဆုံးသွားရပါသနည်း။

ကျောက်ကုန်းလေ၏လက်ထဲမှ မည်သူက ယူသွားပါသနည်း။

ကျောက်ကုန်းလေက ပြောလေသည်။

"သူများက ကျုပ်ကို တစ်ပတ်ရိုက်သွားတယ်လေ၊ ဒါကြောင့် အခုလို အခက်ကြုံနေတာပေါ့၊ မွန်ကျူးရပ် သေဆုံးသွားတဲ့အခါ သူ့ညီ မွန်ကျူးမာဟာ ကျုပ်ကို ခွင့်မလွှတ်နိုင်ခဲ့ဘူး၊ သူက ကျုပ်ကို လက်တုံ့ပြန်လိမ့်မယ်၊ ဒါကိုသိရတော့ ကျုပ်လည်း "ရောက်ထုံး" နယ်မြေကို အမြန်ဆုံး သွားခဲ့တာပေါ့"

အားလုံးသည် ကျောက်ကုန်းလေ အဘယ်ကြောင့် ရောက်ထုံးနယ်သို့ သွားရသည်ကို သိချင်လာကြ၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့လည်း ထိုနည်းနှင်နှင်ပင် ကျောက်ကုန်းလေက...

"ရောက်ထုံးနယ်မှာ ကျုပ်မိတ်ဆွေ "စုချမ်းကွမ်း"တို့ ညီအစ်ကိုတွေ ရှိတယ်၊ စုချမ်းကွမ်းဟာ ကျုပ်လမ်းစားပြ ဘဝမှာကတည်းက ခင်မင်ရင်းနှီးခဲ့သူပါ၊ အကူအညီလိုရင် ရောက်ထုံးနယ်ကို လာဖို့ သူမှာကြားခဲ့တာ သတိရတာ ကြားဝင်ဆောင်ရွက် ပေးနိုင်အောင် သူ့ဆီသွားခဲ့တယ်၊ ကျုပ် သဘောက စုချမ်းကွမ်းက ကျုပ် ကိုယ်စား



သက်သေခံစာကိုယူပြီး မွန်ကျူးမာနဲ့ တွေ့ဖို့ပါပဲ၊ ကျုပ်ကိုယ်တိုင်သွားရင် မွန်ကျူးမာက ရှင်းပြတာကို လက်ခံမှာမဟုတ်ဘဲ၊ ကျုပ်မျက်နှာမြင်တာနဲ့ တိုက်ခိုက်လိမ့်မယ်၊ သက်သေခံစာကို ဖတ်ရရင် မွန်ကျူးမာဟာ အဖြစ်မှန်ကိုသိပြီး ဝါစန်းဂိုဏ်းချုပ်လို ကျေအေးသွားမယ်လို့ ယူဆမိပါတယ်၊ ကံဆိုးချင်တော့ သက်သေခံစာကို လူယုတ်မာ လက်ထဲ အပ်နှံခဲ့မိတယ်"

ပြောရင်း မောသွားဟန်ဖြင့် ခေတ္တရပ်နားလိုက်သည်။

သူ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲခြင်း၊ မိတ်ဆွေများ၏ သစ္စာဖောက်မှု ခံရခြင်းကြောင့်၊ ခံပြင်းအမျက် ဒေါသထွက်ခြင်း စသည့် အရိပ်အယောင်များ ရောယှက်ထွက်ပေါ်လာနေသည်။

မိတ်ဆွေတု မိတ်ဆွေယောင်သည် ရန်သူထက်ပင် ကြောက်မက်ဖွယ် ကောင်းသည်။

မိတ်ဆွေတု မိတ်ဆွေယောင်နှင့် ပေါင်းဖော်ရခြင်းသည် မြွေပွေးခါးပိုက် ပိုက်ထားသည်နှင့် ဘာမျှ မခြားပေ။

သို့ဖြစ်ရာ...

မိတ်ဆွေ အပေါင်းအသင်းများကို ယုံသင့်မှ ယုံရာသည်။

ရန်သူနှင့်တူသော မိတ်ဆွေကို ဝေးဝေးမှ ကြဉ်ရာ၏။

အားလုံး စိတ်ဝင်စားစွာ စောင့်ကြည့်နေကြစဉ် ကျောက်ကုန်းလေက ဆက်ပြောလာသည်။

"စုချမ်းကွမ်းက ကျုပ် ပြန်ခါနီးမှာ မန်ချူးတွေနဲ့ ပူးပေါင်းဖို့ တိုက်တွန်းခဲ့တယ်၊ မန်ချူးတွေဟာ အခက်အခဲ ပြဿနာတွေကို ဖြေရှင်းပေးနိုင်စွမ်းတယ်လို့လဲ ပြောတယ်၊ သက်သေခံစာဟာ သူ့ လက်ထဲအပ်ပြီးပြီ၊ ကျုပ်ရဲ့ကိစ္စကို ကြားဝင်ကူညီ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံတာ သူသဘောတူပြီးပြီ၊ သူဟာ မန်ချူးဘက်သား သစ္စာဖောက်မှန်းလည်း သိရော ကျုပ် သက်သေခံစာ ပြန်တောင်းဖို့ စိတ်ကူးမိတယ်၊ ပြန်တောင်းရင် သူပေးမှာ မဟုတ်ဘူး၊ ကျုပ်မှာ ပြဿနာပါကြီးလာမှာ သေချာတယ်၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုသလို ဖြစ်နေရတယ်၊ ကျုပ်က တိုင်းတစ်ပါး သားတွေ ကျုပ်တို့မြေပေါ် ကျူးကျော်လာတာကို မနှစ်မြို့တဲ့ အကြောင်း ပြောပြီး မန်ချူးတွေနဲ့ မပတ်သက်ဖို့ သူ့ကို တိုက်တွန်း ခဲ့တယ်၊ ကျုပ်ကို ဆွယ်မရမှန်းသိတော့ သူက ကျုပ်ကို အကောက် ကြံတော့တာပဲ"

ဝမ်စိန်ကြည် နားလည်လိုက်ပါပြီ။

ကျောက်ကုန်းလေ ယခုလို တောင်မင်း မကယ်နိုင်၊ မြောက် မင်း မကယ်နိုင် ဖြစ်နေရသည်မှာ စုချမ်းကွမ်း၏ လက်ချက် ဖြစ် လေသည်။

စုချမ်းကွမ်းသည် ကျောက်ကုန်းလေအား မန်ချူးတို့နှင့် ပူး ပေါင်းရန် သိမ်းသွင်းခဲ့သည်။



ကျောက်ကုန်းလေက လက်မခံသောအခါ ဒုက္ခ ရောက်အောင် သက်သေခံစာကို တမင်ပျောက်ဖျက်ထားခြင်းပင်။

သူက မွန်ကျူးမာနှင့် တွေ့ပြီး သက်သေခံစာပြကာ ညှိနှိုင်း ပေးမည်ဆိုပါက ယခုလို ပြဿနာ ပေါ်ပေါက်လာစရာအကြောင်း မရှိချေ။

ကျောက်ကုန်းလေအား ချောက်ချသည့် တရားခံအစစ်မှာ စုချမ်းကွမ်းပင် ဖြစ်လေတော့သည်။

အမေကျော် ဒွေးဒေါ်လွှမ်းသူတို့သည် သစ္စာရှိသူများ မဟုတ် ကြပေ။

သူတို့၏ အကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်သူများ ဖြစ် သည်။

အခွင့်သာလျှင် ဘနဖူးပင် သိုက်တူးမည့်သူများ ဖြစ်ပေသည်။

အကြံပက်စက် စကောလောက်မှ ဖောက်မနက်သောအမျိုးသား သစ္စာဖောက်များကို အစဉ်သတိထား၍ ဖော်ထုတ်နှိမ်နင်းရန် အထူး ပင် လိုအပ်လှချေသည်။

ကျောက်ကုန်းလေ ဆက်ပြောသည်။

"စုချမ်းကွမ်းဟာ သက်သေခံစာကို သိမ်းထားလိုက်တယ်ဆို တာ ရှင်းနေပြီ၊ သူသွားပြီး မရှင်းပြတဲ့အတွက် မွန်ကျူးမာတို့ဟာ အခုထိ အဖြစ်မှန်ကို မသိကြသေးဘူး"

တစ်ယောက်က...

"ဒါကြောင့် သူတို့က လူစုပြီး ရန်ရှာဖို့ လာကြတာဖြစ်မှာပေါ့"

"မှန်ပါတယ်"

ထိုစဉ်...

အခန်းထဲသို့ လူနှစ်ယောက်ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အသက်ဆယ့်ခြောက်၊ ဆယ့်ခုနစ်ခန့်ရှိသော မိန်းကလေး တစ်ယောက်သည် အသက်ကိုးနှစ်ခန့်ရှိသော ယောကျ်ားကလေး တစ်ယောက်၏ လက်ကိုဆွဲကာ ဝင်လာကြခြင်း ဖြစ်သည်။

သူတို့အားတွေ့လျှင် ကျောက်ကုန်းလေ၏မျက်နှာ ညှိုးနွမ်းသွားလေသည်။

"ဖေဖေ"

ဝင်လာသူနှစ်ယောက်က ခေါ်ရင်း ကျောက်ကုန်းလေ၏ ရင်ခွင်ထဲသို့ တိုးဝင်သွားကြသည်။

ကျောက်ကုန်းလေက အလိုက်သင့်ပြန်လည် ပွေ့ဖက်ထားလိုက်သည်။

မိန်းကလေးသည် ကျောက်ကုန်းလေ၏ ရင်ခွင်ထဲတွင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။



ကျောက်ကုန်းလေက သူမ၏ကျောပြင်ကို လက်ဖြင့်အသာ ပုတ်ရင်း...

"မငိုပါနဲ့ သမီးရယ်"

ဟု ချော့မော့ နှစ်သိမ့်လိုက်လေသည်။

မိန်းကလေး မျက်ရည်သုတ်ကာ နောက်ဆုတ်သွား၏။

ကျောက်ကုန်းလေက အသက်ကိုးနှစ်ခန့်ရှိ ကလေးငယ်ကို ကြည့်ကာ မချိတင်ကဲ ပြောသည်။

"ငါ့သားလေးကို ဂရုစိုက်ကြနော်"

သူ၏စကားကြားရလျှင် အားလုံး ခေါင်းငုံ့ထားလိုက်ကြသည်။

ကလေးငယ်မှာ ဖခင်ကြီး၏ ပြဿနာကို အနည်းအကျဉ်းမျှသာ သိပုံရ၏။

ဖခင်ကြီး၏ နောက်ဆုံးအချိန်သို့ ရောက်ရှိနေသည်ကိုမူ လုံးလုံးလျားလျား သိပုံမရသေးချေ။

ကျောက်ကုန်းလေက ကလေးငယ်ကို ပွေ့ချီကာ ဖက်ယမ်းနမ်းရှုပ်လိုက်သည်။

ပြီးမှ...

မိန်းကလေးကို မှာကြားလေသည်။

"သမီး မင်းရဲ့မောင်လေး ကြီးပြင်းလာတဲ့အခါမှာ စာကြိုး

စားနိုင်းပါ၊ ပညာရေးမထွန်းပေါက်ရင် ရိုးရိုးသားသား လယ်သမားဘဝနဲ့ပဲ ရပ်တည်ပါစေ၊ ဘယ်တော့မှ သိုင်းပညာ မသင်ပါစေနဲ့ကွယ်"

မိန်းကလေး မကျေမနပ် ဖြစ်သွားသည်။

"ဖေဖေ...မောင်လေးကို သိုင်းပညာသင်ပေးမှ ဖေဖေ့အတွက် မွန်ကျားကျေးရွာက လူတွေကို လက်တုံ့ပြန်နိုင်မှာပေါ့"

ကျောက်ကုန်းလေ ခေါင်းခါယမ်းလိုက်လေသည်။

"ရန်ကိုရန်ချင်း မတုံ့နှင်းရဘူးသမီးရဲ့၊ ဖေဖေ့ ပြောစကားနားထောင်ပါ"

"ဖေဖေ ရန်သူကို အလျှော့ပေးလို့ ဘယ်ဖြစ်မလဲ"

ပြောပြီး နှုတ်ခမ်းကို ကိုက်ထားလိုက်လေသည်။

သူမသည် လွန်စွာ ဝမ်းနည်းနေပုံရသည်။

ရန်သူကိုရင်ဆိုင် တိုက်ခိုက်ခြင်း မပြုရ၍ ခံပြင်းဒေါသ ထွက်နေပုံလည်း ရလေသည်။ ကျောက်ကုန်းလေက သမီးဖြစ်သူ၏ စိတ်ဓာတ်ကိုနားလည်၍ ခပ်တင်းတင်း ပြောလိုက်လေသည်။

"ငါပြောသလိုလုပ်ပါ၊ ငါသေသွားပြီးတဲ့ နောက်ပိုင်းမှာ တို့ဂိုဏ်းကို လက်ထောက်ဂိုဏ်းချုပ် ဦးလေးကောင်း ဆက်ပြီး ထိန်းသိမ်းလိမ့်မယ်၊ သမီးတို့ဘာမှ ပါဝင်ပတ်သက်စရာ မလိုတော့ဘူး"



မိန်းကလေး အုံ့တင်းတင်း ကြိတ်ကာ...

"ဘာပဲဖြစ်ဖြစ် သမီး ခုခံတိုက်မယ်"

ကျောက်ကုန်းလေက ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ တစ်ယောက်တည်း သေရတာ အကြောင်း မဟုတ်ပါဘူး၊ တိုက်ပွဲဖြစ်လာရင် နှစ်ဦးနှစ်ဖက် သေကြေပျက်စီးကြမှာ မလွဲဘူး၊ ဖေဖေကြောင့် ဂိုဏ်းသားတွေ အသက်မစွန့်စေချင်ဘူး၊ သမီးတို့အပါအဝင် အားလုံးဟာ ဖေဖေ့ စကားကို မြေဝယ်မကျနားထောင်ရလိမ့်မယ်၊ ဒါမှ ဖေဖေ အသေဖြောင့်နိုင်မယ်၊ ကဲ သမီးတို့ ကိစ္စပြီးရင် သွားကြပေတော့"

မိန်းကလေး၏ မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာလေသည်။

✸ ✸ ✸

ကျောက်ကုန်းလေကို ငေးကြည့်ကာ တွေဝေနေသည်။

တစ်ခဏအကြာမှ ဂါရဝပြုပြီးလျှင် ကလေးငယ်အား လက်ဆွဲကာ ထွက်သွားလေသည်။

ကျောက်ကုန်းလေသည် သူတို့ထွက်သွားသည်ကို ငေးကြည့်နေ၏။

ဝမ်စိန်ကြည်လည်း သူတို့၏အဖြစ်အပျက်ကို ကြည့်ရင်း စိတ်မကောင်း ဖြစ်လာလေသည်။

ထိုအချိန်တွင်...

မိန်းကလေးသည် တံခါးဝရောက်မှ ပြန်လှည့်ကြည့်ပြီး...

"တခြားရွေးစရာနည်းလမ်း မရှိတော့ဘူးလား ဖေဖေ"

ဟု မေးလာသည်။

ကျောက်ကုန်းလေ သက်ပြင်းချကာ...

"ဒီကိစ္စအတွက် သေသေချာချာ စဉ်းစားပြီးပါပြီ မတတ်နိုင်တဲ့အဆုံးမို့ အလျှော့ပေးတာပါ"

ပြောရင်း တစ်စုံတစ်ခုကို သတိရလာဟန်ရှိ၏။

သူ၏ မျက်နှာတွင် အားတက်သည့် အရိပ်အယောင်များအထင်းသား ပေါ်လွင်လာသည်ကို တွေ့လိုက်ရလေ၏။

ကျောက်ကုန်းလေ ဝမ်းသာအားရ စကားဆက်လိုက်လေသည်၊

"ဟုတ်ပြီ ငါ့ကို ကယ်တင်မယ့်လူ တစ်ယောက်တော့ရှိတယ်"

"ဘယ်သူလဲ"

မိန်းကလေး ဝမ်းသာအားရမေးသည်။

ကျောက်ကုန်းလေ ပြန်ဖြေမည်ဟု ပြီးမှ ငိုင်ကျသွားသည်၊

မျှော်လင့်ချက်များပျက်သုဉ်းပျောက်ကွယ်သွားပြန်သည့်သဘောဖြစ်လေ၏။



အတန်ကြာ ငိုင်နေပြီးမှ စိတ်ပျက်အားလျှော့သော လေသံဖြင့်...

"သူ...သူကတော့ ကယ်နိုင်မှာပါ၊ ဒါပေမယ့် သူဟာ လောကပေါ်မှာ ရှိမနေနိုင်တော့ပါဘူး"

ဝမ်စိန်ကြည် စိတ်ဝင်စားသွားသည်။

ကျောက်ကုန်းလေကို စိုက်ကြည့်ရင်း တွေးမိလေ၏။

"ဘယ်သူများပါလိမ့်"

ကျောက်ကုန်းလေ၏ အမူအရာ ပြန်လည်၍ တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

သူက သက်ပြင်းချရင်း...

"သူ့နာမည် အရင်းကိုတော့ မသိပါဘူး၊ အားလုံးက သူ့ကို ရွှေမြွေသိုင်းသမား ဒါမှမဟုတ် မြွေစားသခင်လို့ ခေါ်ကြတယ်"

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့ အံ့သြသွားကြ၏။

ကျောက်ကုန်းလေက ဆက်ပြော၏။

"ဒီလူဟာ လူထူးလူဆန်း တစ်ယောက်ပဲ၊ ကျုပ် မွန်ကျူးရပ်ကို ရှင်းပစ်လိုက်ရတဲ့ အကြောင်းရင်းကို ကောင်းကောင်းကြီး သိထားတယ်၊ ဒါကြောင့် သက်သေခံစာ မရှိလည်း သူ ဝင်ရှင်းပြရင် ပြီးသွားနိုင်တယ်၊ ဒါပေမယ့် သူ သေသွားပြီလို့ သတင်းကြားတာပဲ"

"သူ သေသွားပြီဆိုတော့ ဖေဖေ့ဘက်က ဘယ်လိုလုပ် ကူညီနိုင်တော့မှာလဲ"

မိန်းကလေးက ညည်းညူလိုက်၏။

ကျောက်ကုန်းလေ လက်ကာပြရင်း...

"ကဲ...သမီးတို့ သွားပေတော့"

မိန်းကလေးသည် ကလေးငယ်အား လက်ဆွဲကာ ထွက်သွား၏။

ဝမ်စိန်ကြည်၏ ဦးခေါင်းထဲတွင် အလင်းရောင်တစ်ချက် လင်းလက်သွား၏။

ဝင်ချင်းချင်းအား မသိမသာ အချက်ပြလိုက်သည်။

ထို့နောက်...

မိန်းကလေးနောက်သို့ လိုက်သွားလေတော့သည်။

* * *

မိန်းကလေးသည် ကလေးငယ်အား လက်ဆွဲကား သွားနေ၏။

သူမသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငုံ့ထားပြီး ပတ်ဝန်းကျင်ကို သတိမထားတော့ချေ။

တဖြည်းဖြည်း ဥယျာဉ်တစ်ခုသို့ ရောက်လာ၏။



အလွန်တိတ်ဆိတ်ပြီး လူသူကင်းရှင်းလှသည်။

အလွန်ခေါင်သော နေရာတစ်ခု ဖြစ်သည်။

ဝမ်စိန်ကြည်သည် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။

စိတ်ချရပြီဟု ယုံကြည်မှ လျှပ်တစ်ပြက် ခုန်လွှားကာ မိန်းကလေး ရှေ့တွင် လမ်းပိတ်ရပ်လိုက်သည်။

ရုတ်တရက် လူတစ်ယောက် ရှေ့မှပိတ်ဆို့လာသည်ကို ဖြုန်းခနဲ တွေ့ရလျှင် မိန်းကလေး ရင်ထိတ်သွားသည်။

တိုက်ခိုက်ရန် သတိမရဘဲ ကြောင်အမ်းအမ်းနှင့် ကြည့်နေမိ၏။

ဝမ်စိန်ကြည်က ခပ်လောလောကလေး ပြော၏။

"ဒီမှာ မိန်းကလေး မင်းအဖေကို ကယ်တင်ချင်သလား"

သူ၏စကားကို ကြားရမှ မိန်းကလေး သတိဝင်လာလေသည်။

ချက်ချင်း ဓားဆွဲကာ...

"ရှင်...ရှင် ဘယ်သူလဲ"

ဝမ်စိန်ကြည်က...

"မင်း အဖေရဲ့ အသက်ကို ကယ်တင်ချင်ရင် ငါ့နောက်လိုက်ခဲ့"

စကားဆုံးလျှင် ကျွမ်းပစ်ကာ ခုန်ထွက်သွား၏။

အုတ်နံရံကိုကျော်ကာ အပြင်ဘက် ထွက်သွားခြင်း ဖြစ်သည်။

မိန်းကလေးက သူမ၏ မောင်လေးကို...

"မောင်လေး ဒီမှာ ခဏစောင့်နေ"

ဟု မှာကြားပြီး ဓားဆွဲကိုင်ရင်း ဝမ်စိန်ကြည် နောက်သို့ ချက်ချင်း ပြေးလိုက်သွားလေတော့သည်။

✸ ✸ ✸

မိန်းကလေးသည် ကျောက်ကုန်းလေ၏သမီး ဖြစ်သည်နှင့် အညီ သိုင်းပညာနှင့် ကိုယ်ဖော့ပညာ တတ်မြောက်ထားလေသည်။

သို့သော်...

သူမ၏ ကိုယ်ဖော့ပညာသည် ဝမ်စိန်ကြည်ကို မမီချေ။

ဝမ်စိန်ကြည်သည် သူမ၏ရှေ့တွင် ပြေးသွားရင်း အမှောင်ထု အတွင်းသို့ တိုးဝင်ကွယ်ပျောက်သွား၏။

မိန်းကလေးသည် အုတ်နံရံအပြင်ဘက်သို့ ရောက်သည်နှင့် ဝမ်စိန်ကြည်ကို မတွေ့ရတော့သဖြင့် ခြေလှမ်း ရပ်တန့်လိုက်ရသည်။

ပတ်ဝန်းကျင်ကို အကဲခတ်က ရှာဖွေနေစဉ် သူမ၏ ဝဲဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

မိန်းကလေးသည် ထိတ်လန့်ကာ ချက်ချင်း လှည့်ကြည့်သည်။



သို့သော်...

သူမ နောက်ကျသွားချေပြီ။

လူတစ်ယောက် အမှောင်ရိပ်အတွင်းမှ ရုတ်တရက် ခုန်ထွက် လာပြီး သွေးကြောပိတ်လိုက်ရာ လက်ထဲမှဓား လွတ်ကျသွားရတော့ သည်။

ဓားမြေပေါ်သို့ မကျခင် ထိုလူက ဖမ်းယူထားလိုက်၏။

ထိုလူသည် သူမအား မျှားခေါ်သည့် ဝမ်စိန်ကြည်ပင် ဖြစ် တော့သည်။

ဝမ်စိန်ကြည်က မိန်းကလေး ကြောက်ရွံ့မှု လျော့ပါးသွား အောင် ဖျောင်းဖျပြောဆိုလိုက်သည်။

"မကြောက်ပါနဲ့ မိန်းကလေး၊ ကျုပ်ဟာ ရန်သူ မဟုတ်ပါဘူး၊ မိတ်ဆွေပါ၊ မင်းအဖေရဲ့အသက်ကို ကယ်တင်ချင်ရင် ကျုပ်ပြောသလို လုပ်မှဖြစ်မယ်၊ သူ့အသက်ကိုကယ်ဖို့ အချိန်သိပ်မရဘူး၊ အရေးကြီး နေပြီ၊ ကျုပ်ပြောတာ မင်း နားလည်ရဲ့လား"

မိန်းကလေးသည် ဝမ်စိန်ကြည်အား အံ့သြသော မျက်လုံးများ ဖြင့် ကြည့်နေ၏။

ရုတ်တရက်မို့ ဝမ်စိန်ကြည်၏ စကားကို ယုံရခက်နေဟန် တူပါသည်။

မည်သို့ဆိုစေ ဝမ်စိန်ကြည်၏ တည်ကြည်သော ရုပ်ရည်စိုးရိမ် ပူပန်နေသော မျက်နှာထားကို တွေ့လျှင် စိတ်ချယုံကြည်လာသည်။ အန္တရာယ်မပြုဘဲ အကူအညီပေးမည့်လူ တစ်ယောက်ဟု လက်ခံလာတော့၏။

ဝမ်စိန်ကြည်က သူမအား သွေးကြောဖွင့်ပေးလိုက်၏။

သူမက ရုန်းကန် လှုပ်ရှားခြင်း မပြု၊ တိုက်ခိုက်ခြင်း မပြုဘဲ ဝမ်စိန်ကြည်ကို ငေးကြည့်နေ၏။

ဝမ်စိန်ကြည် အားမလို အားမရ ဖြစ်လာပြီး...

"မိန်းကလေး ကျုပ် ပြောတာကြားရဲ့လား၊ မင်းအဖေရဲ့ အသက်ကို ကယ်တင်ဖို့ အရေးကြီးနေပြီ"

မိန်းကလေး ခေါင်းညိတ်လိုက်၏။

"ကျွန်မ ကြားပါတယ်၊ ရှင်က ကျွန်မ အဖေရဲ့အသက်ကို ကယ်တင်နိုင်မှာလား"

ဝမ်စိန်ကြည်လည်း ယတိပြတ် ဆုံးဖြတ်ချက် ချထားပြီးဟန် ဖြင့် ပြောလိုက်၏။

"ကျုပ် ကြိုးစားကယ်တင်မယ်၊ မင်း ကျုပ်စကား နားထောင်ဖို့ အရေးကြီးတယ်၊ မင်းအဖေရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ မင်း အကူအညီ လိုတယ်"



မိန်းကလေး စိတ်ဝင်စားလာ၏။

ဝမ်စိန်ကြည်ကို စိုက်ကြည့်ရင်း...

"ရှင် တကယ် ပြောတာနော်"

"တကယ်ပေါ့"

"ကောင်းပြီ ကျွန်မ အဖေရဲ့အသက်ကို ကယ်တင်နိုင်မယ် ဆိုရင် ကျွန်မ အသက်သေချင်သေပါစေ၊ ဘာမဆို လုပ်ဝံ့ပါတယ်ရှင်"

ဝမ်စိန်ကြည် သက်ပြင်းချလိုက်သည်။

မိန်းကလေးအား သူစည်းရုံးနိုင်ခဲ့ပြီ ဖြစ်လေ၏။

"မင်းအဖေဟာ စိတ်သဘောထား ပြည့်ဝတယ်၊ သူ့ကြောင့် အများသူငါ ဒုက္ခရောက်မှာ မလိုလားဘူး၊ သူ့ကို ငါလေးစားတယ်၊ အစွမ်းကုန် ကြိုးစားကူညီမယ်"

မိန်းကလေး ခေါင်းညိတ်လေ၏။

ဝမ်စိန်ကြည်အပေါ် ပို၍ ယုံကြည်အားကိုးလာ၏။

ဝမ်စိန်ကြည်၏ ရှေ့တွင် ဒူးထောက်ချလိုက်ပြီး...

"ကျေးဇူးပြုပြီး ကျွန်မအဖေရဲ့ အသက်ကို ကယ်တင်ပေးပါရှင်"

ဝမ်စိန်ကြည် ကပျာကယာ လက်ကာပြလိုက်၏။

"ဟောဗျာ...ကျုပ်ကို ဂါရဝ ပြုစရာမလိုပါဘူး၊ ခင်ဗျား

အဖေသာ လူကောင်းတစ်ယောက် မဟုတ်ရင် ကျုပ် ကူညီဖို့စိတ်ကူးမိမှာ မဟုတ်ဘူး၊ ကဲ…ကဲ ကျုပ်ကို မင်းအဖေရဲ့ စာဖတ်ခန်းထဲ ခေါ်သွားပေးပါ၊ ကျုပ် သူ့အတွက် စာတစ်စောင် ရေးပေးမယ်"

မိန်းကလေး မျက်မှောင်ကုပ်သွားသည်။

ဝမ်စိန်ကြည်ကို နားမလည်နိုင်စွာ ကြည့်ကာ…

"ရှင်…စာရေးမယ် ဟုတ်လား၊ စာမရေးဘဲ ဒီအတိုင်းသွားပြောပြလို့ကော မဖြစ်ဘူးလား"

"မဖြစ်ဘူး"

"ဒါဖြင့် ရှင်ရေးမယ့်စာဟာ သက်သေခံစာ အတုလား"

ဝမ်စိန်ကြည် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး၊ ကျုပ် ရေးတဲ့စာကို မင်းသွားပေးလိုက်ပါ၊ စာဖတ်ပြီးတဲ့အခါ သူစိတ်ပြောင်းလဲလာမှာ သေချာတယ်၊ နောက်မှ လုပ်စရာရှိတာ ဆက်လုပ်ရမယ်"

မိန်းကလေး ထောက်ခံ၏။

"ဟုတ်တယ်၊ ဖေဖေ စိတ်ထားပြောင်းလဲသွားဖို့ အရေးကြီးဆုံးပဲ"

"ကောင်းပြီ အရေးကြီးတယ်ဆိုတာ နားလည်ရင် မင်းအဖေရဲ့ စာဖတ်ခန်းဆီ ငါ့ကို ခေါ်သွားပေတော့"



"ကောင်းပါပြီ ကျွန်မနောက် လိုက်ခဲ့ပါရှင်"

မိန်းကလေးသည် ဝမ်စိန်ကြည်အား စာဖတ်ခန်းဆီသို့ လမ်းပြကာ ခေါ်ဆောင်သွား၏။

စာဖတ်ခန်းသို့ရောက်လျှင် စာရွက်လွတ် တစ်ခုကိုရှာပြီး အသင့်ရှိနေသော ကလောင်တံတစ်ချောင်းဖြင့် စာတစ်စောင် ရေးသားလိုက်၏။

ထို့နောက် မိန်းကလေးလက်ထဲ ထည့်ပေးရင်း…

"ဒီစာကို မင်းအဖေလက်ထဲ ရောက်အောင် ထည့်ပေးပါ၊ မင်းလုံးဝ ဖွင့်မဖတ်ရဘူး"

"စိတ်ချပါရှင်"

"ကောင်းပြီ၊ မင်း ငါ့ကို ကတိတစ်ခု ပေးရဦးမယ်"

မိန်းကလေး အံ့သြသွားသည်။

ဝမ်စိန်ကြည်ကို စိုက်ကြည့်သည်။

"ကျွန်မ ဘယ်လိုကတိ ပေးရမှာလဲ"

"လွယ်ပါတယ်၊ မင်းအဖေက ကျုပ်ရဲ့အသက်အရွယ်နဲ့ ရုပ်သွင်ကို မေးတဲ့အခါ မင်းလုံးဝ မပြောပြရဘူး"

"ဘာဖြစ်လို့လဲရှင်"

"မင်းပြောရင် ကျုပ် ကူညီတာ အရာမရောက်ဘဲ ဖြစ်သွားလိမ့်မယ်လို့ မှတ်ထားပေတော့"

ထိုစကားကြားလျှင်...

မိန်းကလေး စောဒက မတက်ရဲတော့ချေ။

"ကောင်းပါပြီရှင်၊ ကျွန်မ မပြောဘူးလို့ ကတိပေးပါတယ်"

"မနက်ဖြန် မွန်းတည့်ချိန်မှာ ယင်းဟို တည်းခိုခန်းက အခန်းနံပါတ် ၃ မှာ ငါစောင့်နေမယ်၊ မင်းလာတွေ့ဖို့ မင်းအဖေ့ ပြောပါ"

"စိတ်ချပါရှင်"

"ကောင်းပြီ၊ ကျုပ် သွားတော့မယ်၊ ကျုပ်မှာတာတွေ မမေ့စာကိုလည်း ဖတ်မကြည့်ပါနဲ့"

စကားဆုံးလျှင် ဝမ်စိန်ကြည် လှစ်ခနဲ ပြေးထွက်လာခဲ့တော့သည်။

အသင့်စောင့်နေသော ဝင်ချင်းချင်းနှင့်အတူ ကျောက်ကုန်းလေ၏ အိမ်ဂေဟာကို ကျောနိုင်း ထွက်ခွာသွားကြသည်။

မိန်းကလေးသည် စာရွက်ကိုကိုင်ကာ ငေးငိုင်နေ၏။

သူမ အိပ်မက် မက်နေသည်ဟုပင် ထင်မိသည်။

သို့သော်...

ချက်ချင်း သတိဝင်လာပြီး သူမ၏ ဖခင်ထံသို့ ချက်ချင်းပြေးသွားလေတော့သည်။

* * *



ကျောက်ကုန်းလေ၏ အခန်းတံခါး ပိတ်ထားသည်။

မိန်းကလေး ခပ်မြန်မြန် ပြေးသွားပြီး အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း ကျောက်ကုန်းလေက တံခါးလာမဖွင့်ချေ။

မိန်းကလေး ရင်ထိတ်သွား၏။

သူမ အလာနှောင်းခဲ့ပြီလော။

သူမ၏ ဖခင်သည် ရန်သူ့လက်ချက်ဖြင့် အသက်သေမခံလိုက်ရ၍ မိမိကိုယ်ကို အဆုံးစီရင်လိုက်ပြီလော။

မိန်းကလေး ချက်ချင်းပင် စင်္ကြံလမ်းအတိုင်း ကွေ့ပတ်ကာ အိမ်ဘေး ပြတင်းပေါက်ဆီသို့ သွားလေသည်။

ကံကောင်းထောက်မစွာ ပြတင်းပေါက်တစ်ခု ဖွင့်ထားသည်ကို တွေ့ရ၏။

ချက်ချင်းခုန်ဝင်သွားရာ အတွင်းဘက် ရောက်သွားသည်။

အတွင်းဘက်၌ မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားသည်။

ကျောက်ကုန်းလေက အရက်သောက်ရန် ဟန်ပြင်နေသည်ကို တွေ့ရလေသည်။

ကျောက်ကုန်းလေက သူ့သမီး ဖြစ်သူကို တွေ့ရလျှင် စိတ်ဆိုးသွားလေသည်။

“သမီး ဘာလာလုပ်တာလဲ၊ သမီးတို့ ဒီက ထွက်သွားကြဖို့ ဖေဖေ အမိန့်ပေးထားပြီးပြီ မဟုတ်လား”

မိန်းကလေး ခေါင်းငုံ့ကာ တောင်းပန် တိုးလျှိုးလိုက်လေသည်။

“ဖေဖေ လူတစ်ယောက် စာတစ်စောင်ပို့ခိုင်းလို့ လာပေးတာပါ”

ပြောပြောဆိုဆို ဝမ်စိန်ကြည် ပေးလိုက်သည့်စာကို လှမ်းပေးလိုက်လေသည်။

ကျောက်ကုန်းလေသည် ကြောင်အမ်းအမ်းဖြင့် စာကိုလှမ်းယူလိုက်သည်။

သူ စာဖွင့်ဖတ်နေချိန်တွင် မိန်းကလေးက မနီးမဝေးမှရပ်ကာ အခြေအနေကို အကဲခတ် ကြည့်နေ၏။

ဝမ်စိန်ကြည် ပြောသည့်အတိုင်း သူ့ဖခင် စိတ်ထားပြောင်းသွားနိုင်ခြင်း ရှိမရှိကို အကဲခတ်ကြည့်နေခြင်း ဖြစ်လေသည်။

ကျောက်ကုန်းလေက လက်တစ်ဖက်တွင် အရက်ခွက်ကိုင်ပြီး ကျန်တစ်ဖက်တွင် စာကိုကိုင်ကာ ဖတ်လိုက်သည်။

တစ်ခဏအတွင်းမှာပင်...



“ခွမ်း...”

သူ၏လက်များ တုန်တုန် ယင်ယင် ဖြစ်လာပြီး လက်ထဲမှ အရက်ခွက်သည် ကြမ်းပြင်ပေါ်လွတ်ကျကာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေသည်။

အခြေအနေ ထူးခြားပြီဖြစ်ကြောင်း မိန်းကလေး ချက်ချင်း ရိပ်မိလိုက်၏။

ကျောက်ကုန်းလေသည် စာရွက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ သေသေချာချာ ဖြန့်ကြည့်၏။

စာရွက်ကို အတန်ကြာ စိုက်ကြည့်ပြီးမှ မိန်းကလေးကို ကြည့်ပြီး...

“သမီး ဒီစာရွက်ကို ဘယ်ကရသလဲ၊ သူ...သူ တကယ် လာတာလားဟင်”

ဟု တုန်ယင်လှိုက်လှဲသော လေသံဖြင့် မေးလိုက်သည်။

ဖခင်ကြီး ဝမ်းသာပျော်ရွှင်နေပုံကို တွေ့ရလျှင် မိန်းကလေး အလိုလို ပျော်ရွှင်မိသည်။

စိတ်သက်သာရာ ရသွားသလို ဖခင်ကြီး၏စိတ်ထား ပြောင်းလဲသွားစေနိုင်ခဲ့သည့် စာတွင် မည်သည့် အကြောင်းခြင်းရာများ ရေးထားသည်ကို သိလိုလာ၏။

ထို့ကြောင့်...

ကျောက်ကုန်းလေအနီးသို့ ကပ်သွားပြီး စာရွက်ကလေးကို ကြည့်လိုက်သည်။

စာရွက်ပေါ်တွင် စာတစ်လုံးမျှ ရေးမထားပါချေ။

ဓားတစ်ချောင်း၏ ပုံကိုသာ ရေးဆွဲထားခြင်း ဖြစ်လေ၏၊

ရေးထားသော ဓားပုံသည် အလွန်ထူးခြား ဆန်းပြားနေ၏၊

ဓားမှာ သာမာန်ဓားများနှင့် မတူဘဲ တွန့်လိန်ကောက်ကွေးနေသည်။

ထို ကွေ့ကွေ့ ကောက်ကောက် ဓား၏ အဖျားတွင် အလွန်ထူးဆန်းသော မြွေခေါင်းပုံနှင့် မြွေခေါင်းမှ လျှာနှစ်ခွပုံ ပါရှိသည်၊

သူမသည် ထူးခြားလှသော ဓား၏ အကြောင်းမသိ၍...

"ဖေဖေ ဒါက ဘာလဲဟင်"

ဟု မေးလိုက်လေသည်။

ကျောက်ကုန်းလေက ဝမ်းသာအားရဖြင့်...

"သူရောက်ရင် ဖေဖေ မသေနိုင်တော့ဘူး၊ ဒါထက် သမီး သူ့ကို တွေ့လိုက်လို့လား"

"ဘယ်သူ့ကိုလဲ"

"ဒီစာရွက် ပေးတဲ့လူကို"



မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"သမီး တွေ့လိုက်ပါတယ်၊ သူက မနက်ဖြန် မွန်းတည့်ချိန်မှာ သူ့ဆီကိုလာဖို့ မှာသွားပါတယ်"

သူမက ဝမ်စိန်ကြည်၏ ချိန်းဆိုချက်ကို ပြောပြလိုက်၏။

ကျောက်ကုန်းလေက...

"သူက ဖေဖေ့ကို လာဖို့ ပြောသေးသလား"

ကျောက်ဝမ်းအော့က ခေါင်းခါယမ်းလိုက်၏။

"မခေါ်ပါဘူး ဖေဖေ"

ကျောက်ကုန်းလေက မျက်မှောင်ကုပ်သွား၏။

"အင်း... ဒီပုဂ္ဂိုလ်က တစ်မျိုးပဲ၊ သူပြောတဲ့စကားကို သူများ နားထောင်မှ ကြိုက်တယ်၊ ဒီလိုဆိုရင် သမီးတစ်ယောက်တည်းသာ သွားပါ၊ အခု သမီးသာ ခြေတစ်လှမ်း နောက်ကျမှ ရောက်လာရင် ဖေဖေ့ အသက်မီမှာ မဟုတ်ဘူး"

ကျောက်ဝမ်းအော့က ရင်ထိတ်သွားလေ၏။

ဖခင် အရက်သောက်မည်မှာ ရိုးရိုးအရက် မဟုတ်ဘဲ အဆိပ်ခတ်ထားသော အရက်ဖြစ်ကြောင်း နားလည်လိုက်သည်။

သူမသည် ကွဲသွားသော အရက်ခွက်၏ အစအနကို တံမြက်စည်းဖြင့် လှဲပစ်လိုက်သည်။

ထို့နောက်...

ဖခင်အား ခုတင်ပေါ်သို့ သိပ်ထားလိုက်လေသည်။

မိခင်ဖြစ်သူနှင့် တပည့်များတို့သည် ကယ်တင်ရှင်တစ်ဦး ပေါ်လာသည့် အကြောင်းကို ကြားသိလိုက်ရသဖြင့် သူတို့သည် ထိုကယ်တင်ရှင်၏ အကြောင်းကို မသိရသော်လည်း...

ကျောက်ကုန်းလေက စိတ်ချလက်ချ အိပ်ပျော်သွားသည်ကို တွေ့ကြရသဖြင့် အားလုံး ဝမ်းသာသွားကြလေ၏။

ရှောင်တိမ်းရန် အစီအစဉ်များကို ပယ်ဖျက်လိုက်ကြလေတော့သည်။

* * *

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ကျောက်ကုန်းလေ၏ အိမ်ဂေဟာမှ ထွက်ခွာလာကြလေသည်။

ဝင်ချင်းချင်းက...

"ရှင်က စာရွက်ပေါ်မှာ ဓားတစ်လက် ရေးဆွဲထားတာက ဘယ်လို အဓိပ္ပာယ် ရှိနေလို့လဲ"

ဝမ်စိန်ကြည်က...

"ကျောက်ကုန်းလေ ပြောနေတာ မင်းလည်း ကြားတယ်



မဟုတ်လား၊ လောကပေါ်မှာ သူ့ကို ကယ်တင်နိုင်တဲ့လူဟာ မင်းအဖေ တစ်ယောက်ပဲရှိတယ်၊ မဟုတ်ဘူးလား"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်၏။

ဝမ်စိန်ကြည်က...

"ငါဆွဲထားတဲ့ ဓားဟာ မင်းအဖေ အသုံးပြုတဲ့ ရွှေမြွေဓားပဲပေါ့"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်၏။ အတန်ကြာမှ သူမက မေးလိုက်သည်။

"အစ်ကိုက ဘာဖြစ်လို့ သူ့ကို ကယ်ချင်ရတာလဲ"

ဝမ်ဝန်ကြည် အံ့အားသင့်သွား၏။

"ကျောက်ကုန်းလေဟာ သူတော်ကောင်းတစ်ယောက်ပါ၊ နောက်ပြီး မင်းအဖေရဲ့ သူငယ်ချင်းလည်း ဖြစ်တယ် မဟုတ်လား"

ဝင်ချင်းချင်းက...

"ကျွန်မ ထင်ထားတာကတော့ သူ့သမီး သိပ်လှတာကို တွေ့ရလို့ ရှင်က ကယ်ချင်တာ ဖြစ်လိမ့်မယ်လို့"

ဝမ်စိန်ကြည် စိတ်တိုသွားသည်။

"မင်းက အစ်ကို့ကို ဘယ်လိုလူစားများ အောက်မေ့နေသလဲ"

ဝင်ချင်းချင်း ပြုံးလိုက်၏။

"စိတ်မတိုပါနဲ့ရှင်၊ ရှင်က ဘာကြောင့် သူ့ကို တည်းခိုခန်းမှာ တွေ့ဖို့ ချိန်းလိုက်ရတာလဲ"

ဝမ်စိန်ကြည် ရယ်မောလိုက်၏။

"မင်းရဲ့ သဝန်တိုမှုဟာ ဆေးကုလို့ မရတော့ဘူး၊ ကဲ ... ငါ့နောက်လိုက်ခဲ့"

ဝင်ချင်းချင်းက ခစ်ခနဲ ရယ်မောလိုက်ပြီး ဝမ်စိန်ကြည်နောက်သို့ ပြေးလိုက်သွား၏။

သူတို့သည် တစ်ခဏကြာ ပြေးသွားပြီးနောက် မွန်ကျူးမာ၏ ဂေဟာရှေ့သို့ ရောက်ရှိလာ၏။

✸ ✸ ✸

ဝမ်စိန်ကြည်သည် ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးမှာ လူသူမရှိဘဲ တိတ်ဆိတ်၍ နေ၏။

ဝမ်စိန်ကြည်က ဝင်ချင်းချင်း၏ လက်ကိုဆွဲကာ အုတ်နံရံကို ကျော်၍ ဝင်ရောက်သွားသည်။

သူတို့နှစ်ယောက်သည် အုတ်နံရံကပ်၍ အခြေအနေကို အကဲခတ်ကြည့်နေ၏။

ဝင်ချင်းချင်းက ရှေ့သို့ ဆက်သွားရန် ခြေလှမ်းပြင်လိုက်သည်၊



ဝမ်စိန်ကြည်က အသံတိုးတိုးဖြင့်...

"မသွားနဲ့"

ဝင်ချင်းချင်းက...

"ဘာဖြစ်လို့လဲ"

ဝမ်စိန်ကြည်က...

"ဒီအထဲမှာ ထိပ်တန်း သိုင်းပညာရှင်တွေ အများကြီးရှိတယ်၊ သူတို့တွေ့သွားရင် တို့အကြံအစည် ဘယ်အောင်နိုင်ပါမလဲ"

ဝင်ချင်းချင်း ရယ်မောလိုက်၏။

"အစ်ကိုက လှတဲ့မိန်းကလေးကို ကူညီချင်တာကို ကျွန်မ မနှာလိုဘူး၊ အစ်ကို့ အကြံပျက်အောင် အသံကျယ်ကျယ်နဲ့ အော်ပစ်လိုက်မယ်"

ဝမ်စိန်ကြည် ပြုံးမိလိုက်သည်။

သူသည် စကားမပြောတော့ဘဲ သူမ၏ လက်ကိုဆွဲကာ အနောက်ဘက် အဆောင်ရှိရာသို့ လျှောက်သွားသည်။

သူတို့သည် ပြတင်းပေါက်ကို ရိုက်ချိုးပြီး အိပ်ခန်းထဲသို့ လှမ်းဝင်လိုက်၏။

ထိုအိပ်ခန်းသည် စုချမ်းကွမ်းတို့ ညီအစ်ကို အိပ်ခန်းဖြစ်သည်။

စုချမ်းကွမ်းမှာ အလွန်လျင်သော သိုင်းသမားတစ်ယောက် ဖြစ်၏။

အခန်းထဲသို့ လူဝင်လာသည်နှင့် ချက်ချင်းနိုးလာသည်။

သူသည် ဆတ်ခနဲ ထထိုင်လိုက်၏။

"ဘယ်သူလဲ"

ထိုစဉ်မှာပင် ဖြူဖွေး လင်းလက်သော ဓားတစ်လက်က သူ၏လည်မျိုသို့ ထောက်ထားလိုက်၏။

တစ်ဆက်တည်းမှာပင် ဝမ်စိန်ကြည်၏အသံ ထွက်ပေါ်လာသည်။

"မင်း ဘယ်သူလဲ ပြောစမ်း"

စုချမ်းကွမ်း ရင်ထိတ်သွား၏။

"ကျုပ်က စုချမ်းကွမ်းပါ"

ဝမ်စိန်ကြည်က လျှပ်တစ်ပြက် သူ၏သွေးကြောကို ထောက်ပိတ်လိုက်သည်။

စုချမ်းမွန်က အိပ်ရာမှ လန့်နိုးလာသောအခါ ဝမ်စိန်ကြည်က ဆက်လက် သွေးကြော ပိတ်လိုက်လေသည်။

ပြီးနောက်...

သူသည် စုချမ်းကွမ်းနှင့် စုချမ်းမွန်၏ အိတ်ထဲသို့ ရှာဖွေကြည့်ရာ စာရွက်စာတမ်းများကို တွေ့ရသဖြင့် အားလုံး နှိုက်ယူလိုက်ပြီး အိတ်ထဲသို့ ထည့်လိုက်လေသည်။



ဝင်ချင်းချင်းက...

"အပြင်မှာ လူသံကြားတယ်၊ တို့သွားကြရင် ကောင်းမယ်"

"ခဏ"

ဝမ်စိန်ကြည်က ပြောပြီး အတွင်းအားကို လက်ညှိုးနှင့်စုစည်းပြီးလျှင်...

စားပွဲပေါ်၌...

"ကျောက်ကုန်းလေ အလေးပြုသည်"

ဟု ရေထွင်းလိုက်လေသည်။

သူတို့သည် နံရံရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။

ထို့နောက်...

အုတ်နံရံကို ကျော်၍ ခုန်ထွက်သွားလေသည်။

ထိုအချိန်တွင် အချက်ပေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အစောင့်များက အချင်းချင်း အချက်ပေးသည်ကို သိလိုက်ရသည်။

သူတို့သည် ရတ်တရက် ထွက်မသွားခဲ့သေးဘဲ အုတ်နံရံ၌ ကပ်၍ အခြေအနေကို အကဲခတ် ကြည့်နေသည်။

ဝင်ချင်းချင်းသည် အုတ်နံရံသို့ တစ်စုံတစ်ရာ စမ်းမိသဖြင့် ဝမ်စိန်ကြည်၏ လက်ကိုဆွဲကာ အုတ်နံရံရှိရာသို့ စမ်းခိုင်းလိုက်သည်။

"ဟောဒီနံရံကို စမ်းကြည့်စမ်း၊ စာတွေ ထွင်းထားတာကို တွေ့ရတယ်"

ဝမ်စိန်ကြည်သည် လက်ဖြင့် အုတ်နံရံကို စမ်းကြည့်ရာ…

အုတ်နံရံပေါ်တွင် စာလုံးများ ထွင်းထားသည်ကို တွေ့ရသည်။

သူသည် စာကြောင်းအတိုင်း စမ်း၍ ကြည့်လိုက်သောအခါ

"မြို့…

ဟု စမ်းမိလေသည်။

သူသည် ကန့်လန့်ဖြတ် ထပ်မံစမ်းလိုက်ရာ…

"စား"

ဟုသော စားလုံးကို စမ်းမိပြန်လေသည်။

သူသည် ဆက်လက် စမ်းကြည့်ပြီး…

စားလုံးများကို ဆက်၍ ဖတ်လိုက်မိသောအခါ…

"မြို့စားကြီး ဝေ့ဂေဟာ"

ဟု ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရလေသည်။

✸ ✸ ✸



ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် မြို့စားကြီး ဂေဟာကို လိုက်လံ ရှာဖွေနေသည်မှာ ရက်ပေါင်း အတန်ကြာနေပြီ ဖြစ်သည်။

သတင်းအစအနပင် မရလိုက်ပေ။

ယခုမှာမူ…

တိုက်တိုက်ဆိုင်ဆိုင် မြို့စားကြီး ဝေ့ဂေဟာကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်လေသည်။

သူတို့နှစ်ယောက်သည် ဝမ်းသာပီတိ ဖြစ်သွားကြလေသည်။

ထိုစဉ်မှာပင်…

အုတ်နံရံပေါ်မှ လူသုံးယောက် ကျော်ထွက်လာသည်ကို တွေ့လိုက်ရသဖြင့်…

ဝမ်စိန်ကြည်က ဝင်ချင်းချင်း လက်ကိုဆွဲကာ ပြေးလွှား ထွက်ခွာသွားလေသည်။

✸ ✸ ✸

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် တည်းခိုခန်းသို့ ပြန်လည် ရောက်ရှိလာသောအခါ မိုးမလင်းသေးပါ။

တည်းခိုခန်း တစ်ခုလုံးမှာလည်း တိတ်ဆိတ်၍ နေလေသည်။

ဝင်ချင်းချင်းက မီးအိမ်ကို မီးထွန်းလိုက်သည်။

ဝမ်စိန်ကြည်က စုချမ်းကွမ်းထံမှ နှိုက်ယူလာသော စာရွက်စာတမ်းများကို ထုတ်၍ကြည့်လိုက်သည်။

စာရွက်စာတမ်းများအနက် စာအိတ်နှစ်ခုကို တွေ့ရှိလိုက်၏။

နှစ်ပေါင်းအတော်ကြာ သိမ်းဆည်းထားသောကြောင့် စာအိတ်အရောင်ပင် ဝါကျင့်ကျင့် ဖြစ်နေ၏။

ဝမ်စိန်ကြည်က စာအိတ်ထဲမှ စာကို ထုတ်ကြည့်လိုက်သောအခါ...

ကျောက်ကုန်းလေက စုချမ်းကွမ်းကို အပ်နှင်းထားသော စာများ ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

ဝင်ချင်းချင်း ရယ်မောလိုက်သည်။

"ဒီတစ်ခါ အစ်ကိုက သူ့အဖေရဲ့ အသက်ကို ကယ်လိုက်နိုင်ပြီ၊ သူက ရှင့်ကို ဘာနဲ့ ကျေးဇူးဆပ်မလဲ မပြောတတ်ဘူး"

ဝမ်စိန်ကြည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"သူဆိုတာ ဘယ်သူလဲ"

ဝင်ချင်းချင်းက ပြုံးလိုက်သည်။

"ကျောက်ကုန်းလေရဲ့ အလှကညာ သမီးလေးလေ"

ဝမ်စိန်ကြည်က မျက်မှောင်ကုပ်သွားသည်။

"အမှန်တော့ ကျောက်ကုန်းလေဟာ တကယ်ကို မှန်ကန်ဖေ



လို့ ငါက ကူညီတာပါ၊ နောက်ပြီး ငါတို့ ဝါစန်းဂိုဏ်းက လူတွေလည်း ပါဝင်နေတယ် မဟုတ်လား"

ဝင်ချင်းချင်း ပြုံးစိစိဖြင့်...

"ဟုတ်သားပဲ စွန်းကျုံးချင်းကလည်း သိပ်လှတာပဲနော်"

ဝမ်စိန်ကြည်က နှာခေါင်း ရှုံ့လိုက်၏။

"သူက သိပ်လှသလောက် အတော်ရက်စက်တယ်"

ဝင်ချင်းချင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်စိန်ကြည်သည် အခြားစာရွက်စာတမ်းများကို ထပ်မံဖတ်ကြည့်သည်။

သူ၏ မျက်နှာတစ်ခုလုံး ဒေါသရောင်များ လွှမ်းမိုးသွားသည်ကို တွေ့ရ၏။

ဝမ်စိန်ကြည်သည် စာတစ်စောင်ဖတ်ပြီး ဝင်ချင်းချင်း ထံသို့ ပစ်ပေးလိုက်သည်။

"ဒီစာကို ဖတ်ကြည့်စမ်း"

ဝင်ချင်းချင်းက ယူ၍ ဖတ်လိုက်၏။

ထိုစာသည် မန်ချူးမြို့စားကြီးက စုကျားညီနောင်တို့ကို ပေးလိုက်သော လျှို့ဝှက်စာတစ်စောင် ဖြစ်သည်။

ထိုစာတွင်...

စုကျားညီအစ်ကိုတို့ကို ကျောက်ကုန်းလေ၏ ရွှေနဂါးဂိုဏ်း တစ်ခုလုံး လက်ပြောင်းယူလိုက်ပြီး မန်ချူး အင်အားအဖြစ် အသုံးပြု ရမည်ဟူသော အကြောင်းပါ စာတစ်စောင် ဖြစ်သည်။

ဝင်ချင်းချင်းသည် ထိုစာဖတ်ပြီးလိုက်သည်နှင့် မခံမရပ် နိုင်ဖြစ်ကာ စာကို ဆုတ်ဖြဲပစ်ရန် ဟန်ပြင်လိုက်၏။

ဝမ်စိန်ကြည်က ကမန်းကတန်း တားလိုက်၏။

"ဒီစာကို မဆုတ်ပါနဲ့"

ဝင်ချင်းချင်းက သတိရလာသည်။

"ဟုတ်သားပဲ ... ဒီစာဟာ သက်သေအထောက်အထား တစ်ခု ဖြစ်တယ်"

ဝမ်စိန်ကြည်က ...

စုချမ်းကွမ်းတို့က ဒီစာနှစ်စောင်ကို ဘာကြောင့် ဖျက်ဆီးပစ် တယ်ဆိုတာ နားလည်လား"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"သူတို့က ဒီစာကိုသိမ်းပြီး တစ်နေ့ မွန်ကျူးမာတို့ကို အကျပ် ကိုင်ဖို့ မဟုတ်လား"

"ဟုတ်တယ်၊ ပထမတုန်းကတော့ ကျောက်ကုန်းလေရဲ့ အသက်ကယ်ပြီးရင် ကျုပ် တာဝန်ပြီးပြီလို့ ယူဆထားတယ်၊ အခု တော့ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး"



ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"သူတို့က ဒီစာကိုသိမ်းပြီး တစ်နေ့ မွန်ကျူးမာတို့ကို အကျပ် ကိုင်ဖို့ မဟုတ်လား"

ဝမ်စိန်ကြည်က ...

"ဟုတ်တယ် ... ပထမတုန်းကတော့ ကျောက်ကုန်းလေရဲ့ အသက်ကယ်ပြီးရင် ကျုပ် တာဝန်ပြီးပြီလို့ ယူဆထားတယ်၊ အခု တော့ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီလို အမျိုးသား သစ္စာဖောက်ကိုတော့ ကျွန်မ တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး"

ဝမ်စိန်ကြည်က ရယ်မောလိုက်၏။

"မင်း အခုလို သဘောပေါက်တာကို ငါ ဝမ်းသာတယ်"

သူသည် ပြတင်းပေါက်အပြင်သို့ တစ်ချက် ကြည့်လိုက်လေ သည်။

ကဲ ... မိုးမလင်းသေးဘူး၊ မင်း တစ်ရေး အိပ်လိုက်ပါဦး"

သူသည် ပြောပြီး အခန်းထဲမှ ထွက်သွားလေတော့သည်။

* * *

နောက်တစ်နေ့နံနက်။

ဝမ်စိန်ကြည် အိပ်ရာနိုးလာသည်။

သူသည် ခုတင်ပေါ်၌ထိုင်၍ အတွင်းအားများကို လေ့ကျင့်နေ၏။

အတွင်းအားများ လေ့ကျင့်ပြီးနောက် ခုတင်ပေါ်မှဆင်းလိုက်သည်။

စားပွဲပေါ်တွင် ပဲရည်နှစ်ခွက်နှင့် အီကြာကွေး တစ်ပန်ကန် အသင့်ရှိနေသည်ကို တွေ့ရသည်။

သူသည် သဘောကျစွာ ပြုံးလိုက်သည်။

ဝင်ချင်းချင်းက စီစဉ်ထားကြောင်း နားလည်လိုက်လေသည်၊

ထိုစဉ်...

ဝင်ချင်းချင်း၏ ရယ်မောသံ ကြားလိုက်ရသည်။

သူလှည့်ကြည့်လိုက်ရာ ဝင်ချင်းချင်း လက်နှစ်ဖက်နောက်ပစ်၍ အခန်းထဲသို့ ဝင်လာ၏။

"ဘယ်လိုလဲ ဆရာကြီး၊ တရားထိုင်ပြီးပြီလား"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"ဒါတွေ မင်းယူလာတာ ဟုတ်လား"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

သူသည် စားပွဲပေါ်မှ အထုပ်တစ်ထုပ်ကို ညွှန်ပြလိုက်သည်၊



"ဟိုမှာ အစ်ကိုရဲ့ အင်္ကျီပါ ဝယ်ထားတယ်"

ဝမ်စိန်ကြည်က အထုပ်ကလေးကို ဖြေကြည့်လိုက်ရာ...

အစိမ်းရောင် ပိုးအင်္ကျီရှည်တစ်ထည် ဖြစ်နေသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည် သဘောကျသွား၏။

"မင်းကို ကျေးဇူးတင်ပါတယ်"

ထိုစဉ်မှာပင်...

ဆိုင်လုလင် တစ်ယောက်သည် လူတစ်ယောက်ကို ခေါ်ဆောင်၍ ရောက်ရှိလာလေသည်။

ဆိုင်လုလင်သည် ဝမ်စိန်ကြည်အား အရိုအသေပြုလိုက်လေသည်။

"အစ်ကိုလေး ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့..."

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က ကြည့်လိုက်ရာ ကျောက်ဝမ်းအော့ ဖြစ်သည်ကို တွေ့လိုက်ရသည်။

ကျောက်ဝမ်းအော့က ဝမ်စိန်ကြည်အား ဦးညွှတ်လိုက်လေသည်။

"ကျွန်မကို ခေါ်ထားလို့ အခု လာခဲ့တာပါ"

ဝမ်စိန်ကြည်က သူမ၏ လက်ကိုဆွဲ၍ ကုလားထိုင်ပေါ်သို့ ထိုင်စေသည်။

ကျောက်ဝမ်းအော့သည် အလွန်ချောမောသော ယောက်ျား ကလေးတစ်ဦးက သူမ၏လက်ကိုဆွဲသည်ကို တွေ့ရသောအခါ မျက်နှာတစ်ခုလုံး နီရဲသွား၏။

သူမသည် ဝင်ချင်းချင်းအား ဦးညွှတ်လိုက်၏။

"ဒီက ကျေးဇူးရှင်ရဲ့နာမည် ဘယ်လို ခေါ်ပါသလဲရှင်"

ဝင်ချင်းချင်းက ဝမ်စိန်ကြည်အား ညွှန်ပြလိုက်၏။

"ငါ မပြောရဲဘူး၊ သူ့ကို မေးပါ"

ကျောက်ဝမ်းအော့က ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်လေသည်။

"အခုလို ကျွန်မတို့မိသားစုရဲ့ အန္တရာယ်ကို ဖယ်ရှားကယ်တင်တာ ကျေးဇူးဆပ်လို့ မကုန်နိုင်တော့ပါဘူးရှင်"

ဝမ်စိန်ကြည် လက်ကာပြလိုက်၏။

"ကျေးဇူးတင်စရာ မလိုပါဘူး၊ မင်းအဖေဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် လူတော်လူကောင်း တစ်ယောက်ပါ၊ သူ့ကို ကူညီသင့်လို့ ကူညီလိုက်တာပါ"

ကျောက်ဝမ်းအော့က...

"အခုလို ကျွန်မကို ခေါ်တဲ့ကိစ္စ အမိန့်ရှိပါရှင်"

ဝမ်စိန်ကြည်က...



"ဒီလိုပါ... ခင်ဗျားပြန်သွားရင် ခင်ဗျားအဖေကို ပြောလိုက်ပါ၊ ကနေ့ ခါတိုင်းလိုပဲ ဆေးသည်များကို ကျွေးမွေးစည့်ခံပါ၊ ကျုပ်ဆီမှာ ပစ္စည်းနှစ်ထုပ် ရှိပါတယ်၊ ဒါကို မင်းအဖေလက်ထဲ အပ်လိုက်ပါ၊ သိပ်ပြီး အရေးကြုံတဲ့အခါ ဒီအထုပ်ကို အများရှေ့မှာ ဖြေပြလိုက်ရင် အကြောင်းထူးပါလိမ့်မယ်"

ကျောက်ဝမ်းအော့သည် ထိုအထုပ်နှစ်ခုကို လှမ်းယူလိုက်ပြီး ကျေးဇူးတင်စကား ပြောကာ ထွက်ခွာသွားလေသည်။

ဝမ်စိန်ကြည်က ဝင်ချင်းချင်းဘက်သို့ လှည့်လိုက်သည်။

"သူ့ကို လမ်းဖြတ်လုယူမှာ စိုးရိမ်ရတယ်၊ တို့ နောက်က လိုက်ပြီး စောင့်ရှောက်ပေးရင် ကောင်းမယ်ထင်တယ်"

သူတို့နှစ်ယောက်သည် အခန်းတံခါးကိုပိတ်ကာ ထွက်လာခဲ့လေသည်။

သူတို့သည် လှေကားပေါ်မှ ဆင်းမည်အပြုတွင် ကျောက်ဝမ်းအော့က မသွားသေးဘဲ ရှိနေသည်ကို တွေ့ရသဖြင့် ခြေလှမ်းရပ်တန့်လိုက်လေသည်။

သူတို့သည် ကျောက်ဝမ်းအော့က အဘယ်ကြောင့် မသွားသေးဘဲ ရှိနေသေးသည်ကို သိလိုသဖြင့်...

အကဲခတ် စောင့်ကြည့်နေ၏။

ကျောက်ဝမ်းအောက ဆိုင်လုလင်တစ်ယောက်အား...

"မင်းတို့ဆိုင်ထိုင် ဘယ်မှာလဲ ခေါ်ခဲ့စမ်း"

အသက်ငါးဆယ် ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက်က သူမထံသို့ လျှောက်လာသည်။

"ကျုပ်က ဆိုင်ထိုင်ပါပဲ၊ ဘာကိစ္စရှိလို့လဲ"

ကျောက်ဝမ်းအောက လက်မနှင့် လက်သန်းအား ထောက်ပြလိုက်သည်။

"ရွှေနဂါးခြေသည်း"

ဟု ပြောလိုက်၏။

ဝမ်စိန်ကြည် အံ့သြသွားသည်။

"ညီမ သူက ဘာပြောနေတာလဲ"

ဝင်ချင်းချင်းက အသက်ငယ်ပင် ငယ်ငြားသော်လည်း သိုင်းလောက အတွေ့အကြုံ အလွန်ရင့်ကျက်နေသဖြင့်...

"ဒါက သူတို့ဂိုဏ်းအဖွဲ့ရဲ့ လျှို့ဝှက်စကားထာ ဖြစ်ရမယ်"

ဆိုင်ထိုင်သည် ကျောက်ဝမ်းအော၏ စကားကို ကြားလိုက်သည်နှင့် ကမန်းကတန်း ရိုသေစွာ ဦးညွှတ်လိုက်လေသည်။

"သခင်မလေးက ဘာများအလိုရှိပါသလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျာ"



ကျောက်ဝမ်းအောက...

"ကျွန်မအိမ်ကို အမြန်ဆုံးသွားပါ၊ ကျွန်မ ဒီမှာရှိတယ်၊ လူနှစ်ဆယ်လောက် လွှတ်လိုက်ပါလို့ ပြောပါ"

ဆိုင်ထိုင်က ကမန်းကတန်း ပြေးလွှားထွက်ခွာသွားလေသည်။

ထမင်းတစ်အိုးချက်ခန့် ကြာသောအခါ ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူနှစ်ဆယ်ခန့် လက်နက်များ ကိုင်ဆောင်ကာ ဆိုင်ထဲသို့ ဝင်ရောက်ကြ၏။

ထိုလူများသည် ကျောက်ဝမ်းအောအား အရိုအသေပြုပြီးလျှင် ခြံရံ၍ ထွက်ခွာသွား၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အားသင့်ကြလေသည်။

ဝမ်စိန်ကြည်က ပခုံးတစ်ချက် တွန့်လိုက်၏။

"သူတို့ဒီနေရာမှာ တော်တော်ကလေး အာဏာရှိသားပဲ၊ တို့လိုက်ပို့စရာ မလိုတော့ပါဘူး"

သူတို့သည် အပေါ်သို့ ပြန်လည်တက်လာကြသည်။

* * *

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ထိုင်၍ စကားပြောနေကြ၏။

အချိန်တန်တော့ သူတို့သည် တည်းခိုခန်းမှ ထွက်ခွာလာကြပြီး ကျောက်ကုန်းလေ ဂေဟာသို့ ထွက်ခွာသွား၏။

ဧည့်သည်များသည် အဆက်မပြတ် ရောက်ရှိလာ၏။

ကျောက်ကုန်းလေမှာမူ တံခါးဝ၌ရပ်၍ ရောက်ရှိလာသော ဧည့်သည်များကို နှုတ်ဆက်၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ဧည့်သည်များကြားမှ ညှပ်၍ လိုက်ပါသွား၏။

ကျောက်ကုန်းလေက သူတို့အား မမြင်မတွေ့ဘူးသဖြင့် ရန်သူဘက်မှ လွှတ်လိုက်သော တပည့်များ ဖြစ်သည်ဟု ထင်မှတ်ကာ ယဉ်ကျေးမှုအရ နှုတ်ဆက်လိုက်၏။

✸ ✸ ✸

ဧည့်သည်များ စုံလင်စွာ ရောက်ရှိလာ၏။

မွန်ကျူးမာ၊ ဆရာစုလိပ်၊ စုကျားညီအစ်ကို၊ အရိုပ်မဲ့သိုင်းသမားမေကျန့်ဟိုနှင့် စွန်းကျူးချင်းတို့ စုံလင်စွာ ရောက်ရှိလာပြီး ဖြစ်၏။

ကျောက်ကုန်းလေက ထမင်းစားပွဲဖြင့် ဧည့်ခံ၏။

သူသည် ကိုယ်တိုင်ကိုယ်ကျ ရောက်လာသော ဧည့်သည်များကို တစ်ဦးချင်း နှုတ်ဆက်လေ၏။



မွန်ကျူးမာက သည်းမခံနိုင်တော့ပါ၊ အရက်ခွက်ကိုယူပြီး မြေပေါ်သို့ ပေါက်ချလိုက်၏။

"ချွမ်း ..."

အရက်ခွက် ကွဲသွားသော အသံကြောင့် အားလုံးသော လူများသည် မွန်ကျူးမာထံသို့ လှည့်ကြည့်၏။

မွန်ကျူးမာက မျက်နှာထား တင်းမာစွာဖြင့် ...

"ဒီမှာ ကျောက်ကုန်းလေ အခုလိုသိုင်းလောက သွေးသောက်များက စုံစုံလင်လင် ရောက်ရှိလာတဲ့အချိန်မှာ ခင်ဗျား ကျုပ်ရဲ့ အစ်ကိုကိုသတ်တဲ့ သွေးကြွေးကို ဘယ်လို ရှင်းရမလဲဆိုတာ ပြောပါ"

ကျောက်ကုန်းလေက မည်သို့ ပြန်ပြောရမှန်းမသိ အခက်ကြုံနေ၏။

သူ၏တပည့်ဖြစ်သူ ဝူးပင်က ထိုင်ရာမှ ထလိုက်၏။

"ဒီမှာ မွန်ကျူးမာ ခင်ဗျားအစ်ကိုက မတရားမှုကို ကျူးလွန်တဲ့ အတွက် ကျုပ်ဆရာက ..."

သူ၏ စကားမဆုံးမီ အရာဝတ္ထုတစ်ခုသည် သူ၏မျက်နှာရှိရာသို့ ပစ်လွှင့်လာသည်ကို တွေ့ရ၏။

သူက ကမန်းကတန်း ရှောင်တိမ်းလိုက်ရာ ...

"ထောက်"

ငါးလက်မခန့်ရှည်သော သံစူးတစ်ခုက စာပွဲပေါ်သို့ စိုက်ဝင်သွား၏။

သူလှည့်ကြည့်လိုက်ရာ လက်နက်ပုန်း ပစ်လွှင့်သူမှာ စွန်ကျူးချင်း ဖြစ်သည်ကို တွေ့ရသည်။

သူသည် ဓားကို ဆွဲထုတ်လိုက်၏။

"ဒီမှာ အမျိုးသမီး၊ ကျုပ်ရဲ့အစ်ကိုကို လက်တစ်ဖက် ဖြတ်ပစ်တာ မင်းမဟုတ်လား"

သူက ဒေါသကြီးစွာဖြင့် တိုက်ခိုက်ရန် လှမ်းထွက်လိုက်၏။

ကျောက်ကုန်းလေက သူ၏လက်ကို ဆွဲထားလိုက်၏။

သူသည် စွမ်းကျူးချင်းအား ကြည့်လိုက်၏။

"ခင်ဗျားက ထိပ်တန်းသိုင်းသမား တစ်ယောက်ပါ၊ လူငယ်များဖြစ်တဲ့ ကျုပ်တပည့်ကို ဒီလို အနိုင်မကျင့်သင့်ပါဘူး"

ထိုစဉ်...

မွန်ကျူးမာသည် စားပွဲပေါ်မှ တူကို ကောက်ကိုင်လိုက်ပြီး ကျောက်ကုန်းလေ၏ မျက်လုံးအစုံသို့ ပစ်လွှင့်လိုက်သည်။

"သေပေတော့..."

ကျောက်ကုန်းလေသည် လက်ထဲမှ ကိုင်ထားသောတူဖြင့် ပစ်လွှင့်လာသော တူနှစ်ချောင်းကို အသာအယာ ညှပ်ယူလိုက်ပြီး စားပွဲပေါ်သို့ ချထားလိုက်သည်။



"ဟော့...တစ်ယောက်ယောက်က တူတစ်စုံ ဖြည့်ပေးလိုက်ပါဦး"

မွန်ကျူးမာသည် ကျောက်ကုန်းလေ၏ သိုင်းပညာကို တွေ့မြင်လိုက်ရသောအခါ ရင်ထိတ်သွားသည်။

"ဒါကြောင့် ငါ့အစ်ကို သူ့လက်ချက်နဲ့ သေတာကိုး"

ဟု ကြိတ်၍ မှတ်ချက် ချမိသည်။

မေကျန့်ဟိုသည် မွန်ကျူးမာက တစ်ကွက်ရှုံးသွားသည်ကို တွေ့ရသဖြင့် သူသည် ကျောက်ကုန်းလေ ရှေ့သို့ တိုးသွားပြီး...

"ခင်ဗျားရဲ့ သိုင်းပညာ ဘယ်ဆိုးလို့တုန်း"

သူသည် ပြောရင်း ကျောက်ကုန်းလေ၏ လက်မောင်းကို ဆုပ်ကိုင်ရန် လက်ကို ဆန့်လိုက်သည်။

ကျောက်ကုန်းလေက လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်လေသည်။

မေကျန့်ဟို၏ လက်ငါးချောင်းသည် ကုလားထိုင်နောက်မှီကို ဆုပ်ကိုင်မိသွားသည်။

"ဖြောက်..."

ကုလားထိုင် နောက်ကျောပြင်တစ်ခုလုံး ကျိုးပဲ့သွားလေသည်။

အခြေအနေသည် အလွန်တင်းမာလာ၏။

မွန်ကျူးမာ၏ ဘက်တော်သားတို့သည် တိုက်ခိုက်ရန် ဟန်ပြင်နေကြသည်။

ကျောက်ကုန်းလေ၏ ဘက်တော်သားတို့မှာလည်း တိုက်ခိုက်ရန် အသင့်ပြင်ထားကြသည်။

သို့သော်...

ယခုအချိန်အထိ မြွေဓားသခင်က ရောက်မလာသေးပါ။

အကယ်၍ တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်မှု ဖြစ်ပွားလာလျှင် လူပေါင်းများစွာ သေကြေပျက်စီးသွားမည် ဖြစ်လေသည်။

သူသည် အလွန်စိုးရိမ်လာသဖြင့် သမီးဖြစ်သူ ကျောက်ဝမ်းအော့အား မေးမြန်းသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

ကျောက်ဝမ်းအော့သည် အခြေအနေ ဆိုးဝါးလာနေသည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ ပူပန်နေစဉ် ဖခင်၏ မျက်ရိပ်ကို မြင်တွေ့လိုက်သည်နှင့် သူမသည် ရှည်မျောမျော အထုပ်ကလေးကို ဖြေချလိုက်သည်။

အထုပ်ထဲ၌ ဓားနှစ်လက်ကို တွေ့လိုက်ရသည်။

သူမသည် ယင်းဓားနှစ်လက်ကို ကျောက်ကုန်းလေရှေ့တွင် ချပေးလိုက်သည်။

ကျောက်ကုန်းလေသည် ထိုဓားနှစ်လက်ကို တွေ့လိုက်ရသော်



လည်း ယင်းဓားနှစ်လက်မှာ မည်သို့ အဓိပ္ပာယ် ရှိသည်ကို နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ထိုအချိန်...

မုန်တိုင်းဓား ဝမ့်ဖန်းက ယင်းဓားနှစ်လက်မှာ မိမိနှင့် စွန်းကျူးချင်း၏ ဆောင်ဓားများ ဖြစ်သည်ကို မှတ်မိလိုက်သည်။

သူသည် ရှက်အမ်းအမ်းဖြစ်ပြီး စကားတစ်ခွန်းမှ မပြောဘဲ ဓားနှစ်လက်ကို ယူလိုက်ပြီး...

ဓားတစ်လက်ကို စွန်းကျူးချင်းဘက်သို့ ပေးလိုက်သည်။

စွန်းကျူးချင်း၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။ သူမသည် ဓားကို လှမ်းယူရင်း...

"သတ္တိရှိရင် အတိအလင်း ထွက်ပြီး ယှဉ်ပြိုင်ပါလား၊ သူများ ပစ္စည်းခိုးတာ အစွမ်းအစ မရှိလို့ဘဲ"

ကျောက်ကုန်းလေသည် နားမလည်နိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

စွန်းကျူးချင်းက ရှေ့သို့ ခြေနှစ်လှမ်း လှမ်းလိုက်ပြီး လက်ထဲမှ ဓားဖြင့် သူ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ကျောက်ကုန်းလေသည် ခြေနှစ်လှမ်း နောက်ဆုတ်၍ ရှောင်တိမ်းလိုက်သည်။

တပည့်တစ်ယောက်က ဓားကို လှမ်းပေးသည်။

သို့သော်...

ကျောက်ကုန်းလေက ပြန်လည် တိုက်ခိုက်ခြင်း မပြုပါ။

စွန်းကျုံးချင်း၏ ဓားပညာသည် ဝါစန်းဂိုဏ်းတွင် အဆင့်မြင့်သော သိုင်းသမားတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

သူမသည် တစ်ဖက်လူကို ခုခံရုံမျှသာ ခုခံသည်။

တိုက်ခိုက်ခြင်း မပြုပါ။

စွန်းကျုံးချင်းမှာမူ တရကြမ်း တိုက်ခိုက်နေသည်။

သိုင်းကွက် သုံးကွက် ကျော်ကျော်မျှ ပြီးဆုံးသွားသောအခါ စွမ်းကျုံးချင်း၏ ဓားသည် ကျောက်ကုန်းလေ၏ အင်္ကျီစကို တစ်ပေခန့် ကွဲသွားစေ၏။

ထိုစဉ်မှာပင်...

တပည့်နှစ်ယောက်က ပြိုင်တူဝင်ရောက်လာပြီး ပြိုင်တူတားထားလိုက်သည်။

ကျောက်ဝမ်းအော့က လက်ထဲမှ စာနှစ်စောင်ကို ဖခင်အား ထောင်ပြလိုက်၏။

"ဖေဖေ ဒီမှာ စာနှစ်စောင် ပါတယ်"



ကျောက်ကုန်းလေက ထိုစာနှစ်စောင်ကို တွေ့မြင်လိုက်သဖြင့် အကြီးအကျယ် ဝမ်းသာသွား၏။

သူသည် လက်တစ်ဖက်မြှောက်၍ ကာပြလိုက်၏။

"ခဏရပ်လိုက်ပါ၊ ကျုပ်စကား ပြောစရာရှိတယ်"

သူ၏တပည့်နှစ်ယောက်သည် ဆရာ၏စကား ကြားလိုက်ရသောအခါ တိုက်ခိုက်ရာမှ ရပ်တန့်သွား၏။

သို့သော်...

စွန်းကျုံးချင်းက ရပ်တန့်ခြင်း မရှိဘဲ ခြေထောက်ဖြင့် ကန်လိုက်၏။

"ဝုန်း ..."

တပည့်တစ်ယောက်ရင်ဝ အကန်ခံလိုက်ရသဖြင့် မြေပေါ်သို့ လဲကျသွားပြီး သွေးများ အန်ထုတ်လိုက်၏။

* * *

ကျောက်ကုန်းလေက စွန်းကျုံးချင်း၏ ရမ်းကားမှုကို တွေ့ရသဖြင့် ဒေါသခြောင်းခြောင်း ထွက်လာ၏။

သို့သော်...

အခြေအနေ တင်းမာနေသည်ကို ဖြေရှင်းနိုင်ရန် ဒေါသကို ချုပ်တီးလိုက်ရ၏။

"မိတ်ဆွေတို့ခင်ဗျား၊ ကျုပ် ပြောမယ့်စကားကို သည်းခံ
နားထောင်ကြပါဦး ခင်ဗျား"

ညှိခန်းတစ်ခုလုံးတွင် ရုတ်ရုတ်သံသဲ ဖြစ်ရာမှ တဖြည်းဖြည်
ငြိမ်၍သက်လာ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားတော့မှ တဖြည်းဖြည်
ငြိမ်သက်လာ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားတော့မှ ကျောက်ကု
လေက စကားတစ်လုံးချင်း ပြောချလိုက်၏။

"ဟောဒီက မိတ်ဆွေ မွန်ကျူးမာရဲ့အစ်ကိုကို ကျုပ်ကသ
လိုက်တယ်လို့ စွပ်စွဲပြောဆို နေပါတယ်"

သူသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူ့အစ်ကို မွန်ကျူးရပ်ကို ကျုပ်သတ်လို
တာပါ"

ညှိခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားပြန်၏။

မွန်ကျူးမာ အံကိုတင်းတင်း ကြိတ်လိုက်၏။

"အကြွေးယူရင် ငွေနဲ့ဆပ်ရမယ်၊ လူကိုသတ်ရင် အသက်
လျော်ရမယ်"

သူနှင့်အတူ ပါလာသော လူများက တစ်ယောက်တစ်
ထောက်ခံကြ၏။



"ဟုတ်တယ်...ဟုတ်တယ်"

"သွေးကြွေးကို သွေးနဲ့ဆပ်ရမယ်"

ကျောက်ကုန်းလေ လက်နှစ်ဖက်မြှောက်၍ ဟန့်တားလိုက်သည်။

"ခင်ဗျားတို့ ပြောတာ မှန်ပါတယ်၊ လူသတ်ရင် အသက်နဲ့လျော်ရမယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့်..."

သူသည် စာနှစ်စောင် ထောင်ပြလိုက်၏။

"ကျုပ်ဆီမှာ စာနှစ်စောင် ရှိပါတယ်၊ အဲဒါကို တရားမျှတပြီး အသက်အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် နှစ်ယောက် အကဲဖြတ်ကြည့်ပါ၊ သူတို့က ကျုပ်မှာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင် ကျုပ်အများရှေ့မှာ ကိုယ့်ကိုယ်ကို သတ်သေပါ့မယ်"

သူ၏စကား ဆုံးသွားသည်နှင့် မွန်ကျူးမာတို့ လူစုများသည် စာကို ယူကြည့်ရန် ရှေ့သို့ တိုးဝှေ့လာ၏။

ကျောက်ကုန်းလေ ဟန့်တားလိုက်၏။

"ခဏနေပါဦးဗျာ ဒီကိစ္စနဲ့ ပတ်သက်ပြီး မွန်ကျူးမာ ယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်သုံးယောက် ရွေးပြီးတော့ ဖတ်ကြည့်စေလိုပါတယ် ခင်ဗျာ"

မွန်ကျူးမာ သဘောတူလိုက်၏။

သူသည် ချက်ချင်းပင်...

"ဆရာစုလိပ်၊ ကျွန်းပိုင်ရှင် တိမ်ချီးယင်းနဲ့ အရိုပ်မဲ့ သိုင်းသမ
မေကျန့်ဟို"

ထိုသုံးယောက်ကို ရွေးချယ်လိုက်လေ၏။

ဆရာစုလိပ်တို့ သုံးယောက်သည် စာကို လှမ်းယူလိုက်ပြ
စားပွဲပေါ်၌ချ၍ ဖတ်ကြည့်ကြလေ၏။

စုကျားညီအစ်ကိုတို့မှာမူ ဒေါသထွက်လွန်း၍ မျက်နှာတစ်
လုံး ဖြူဖပ် ဖြူရော် ဖြစ်နေ၏။

ဆရာစုလိပ်က စာများကိုဖတ်ပြီးသည့်နောက် သူ၏သဘော
ထားကို ကြေညာလိုက်၏။

"ကျုပ်ရဲ့သဘောထားကို ပြောရမယ်ဆိုရင် မွန်ကျူးမာက
ကျောက်ကုန်းလေနဲ့ ရန်ငြိုးမထားသင့်တော့ဘူးလို့ ယူဆပါတယ်"

ဆရာစုလိပ် ဆိုသူမှာ ရှောင်လင်ကျောင်း ဒါမိုဆောင်၏
အဆောင်မှူး တစ်ယောက်ဖြစ်သည်။

သူ၏သိုင်းပညာမှာ အထွက်အထိပ်အဆင့် ရောက်နေပြီ ဖြ
သည်။

ထို့ကြောင့်...

သူ၏စကားသည် အများ၏ ကြည်ညိုလေးစားခြင်း ခံရ
သည်။



သူသည် ယခုကဲ့သို့ ကြေညာလိုက်သောကြောင့်...

အားလုံးသော လူများသည် အံ့အားသင့်ကုန်ကြလေသည်။

မွန်ကျူးမာက မနေနိုင်တော့ဘဲ စာကိုယူဖတ်ကြည့်လိုက်၏။

စာနှစ်စောင် ဆုံးသွားသည်နှင့် သူသည် ရှက်လည်းရှက်
ဝမ်း လည်း နည်းလာ၏။

သူသည် စကားမပြောနိုင်တော့ဘဲ တွေဝေငေးငိုင်သွားလေ
တော့သည်။

ထိုစဉ်မှာပင် မေကျန့်ဟိုက ထအော်လိုက်၏။

"ဒီစာနှစ်စောင်စက လိမ်တာ၊ အတု ဖြစ်ရမယ်"

သူက ပြောရင်း စာနှစ်စောင်ကို အစိပ်စိပ်အမွှာမွှာ ဆွဲဆုတ်
လိုက်လေသည်။

ကျောက်ကုန်းလေသည် မိမိ၏အဖြစ်ကို ရှင်းလင်းတင်ပြနိုင်
ရန် အားထားသော အထောက်အထား စာနှစ်စောင် စုတ်ပြဲသွားသော
ကြောင့် ဒေါသကို ချုပ်တည်းမရနိုင်တော့ဘဲ ဓားကို ကောက်ကိုင်
လိုက်ပြီး...

မေကျန့်ဟိုအား တိုက်ခိုက်လိုက်လေသည်။

"မင်း မရှက်ဘူးလား"

မေကျန့်ဟိုက အေးတိအေးစက် အသံဖြင့်...

"ဘယ်သူက အရှက်မရှိတာလဲ၊ ခင်ဗျားက မွန်ကျူးမာ
အစ်ကိုကို သတ်သေးတယ်၊ စာလည်းလိမ်ပြီး ရေးထားတယ်၊ ဒီ
ကျုပ် အစောင်တစ်ရာတောင် ရေးပေးနိုင်တယ်"

ဆရာစုလိပ်နှင့် တိမ်ချိုးယင်တို့သည် ထိုစာကိုဖတ်ပြီးသော
အခါ မွန်ကျူးမာဘက်မှ မမှန်မကန် ဖြစ်သည်ကိုတွေ့ရှိသော်လည်း...

ယခုမှာမူ...

မေကျန့်ဟိုက ယင်းစာနှစ်စောင်မှာ အတုဖြစ်ကြောင်း
ပြောလာ သောအခါ...

သူတို့သည် တွေဝေလာပြန်သည်။

ကျောက်ကုန်းလေ၏ တပည့်ဖြစ်သူ ဝူးပင်က မိမိ၏ဆရာ
အစော်ကား ခံရသည်ကို မကြည့်ရက်နိုင်တော့ဘဲ ဓားကိုဆွဲထုတ်
လိုက်ပြီး မေကျန့်ဟိုအား ခုတ်ချလိုက်၏။

မေကျန့်ဟိုက ရှောင်တိမ်းလိုက်ပြီး ဓားကိုဆွဲထုတ်လိုက်လေ
သည်။

"ချွမ်း..."

ဝူးပင်လက်ထဲမှဓားသည် လွင့်စဉ် သွားပြန်လေသည်။

မေကျန့်ဟို၏ ဓားသည် သူ၏လည်မျိုသို့ ချိန်ရွယ်ထားပြ
ဖြစ်သည်။



"မင်း ဒူးထောက်လိုက်ရင် အသက်ချမ်းသာပေးမယ်"

ကျောက်ကုန်းလေ၏ တပည့်များသည် ဒေါသကိုမချုပ်တည်း
နိုင်တော့ဘဲ ဓားကိုဆွဲထုတ်လိုက်ပြီး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

မွန်ကျူးမာ၏ ဘက်တော်သားများက ဝင်ရောက်ဟန့်တား
လိုက်ရာ သူတို့သည် အပြန်အလှန် တိုက်ခိုက်ကြလေတော့သည်။

ဝူးပင်သည် နောက်သို့ ခြေလှမ်းဆုတ်သွားသည်။

သို့သော်...

မေကျန့်ဟို၏ ဓားသည် သူ၏လည်မျိုသို့ ချိန်ရွယ်မြဲ ချိန်ရွယ်
ထား၏။

"ဟား...ဟား...ဟား မင်းက ဒူးမထောက်ရင် ငါ့အဆိုး
မဆိုနဲ့"

ဝူးပင်က အံကိုတင်းတင်း ကြိတ်လိုက်၏။

"မင်း သတ်ချင်ရင်သတ်လိုက်၊ စကားမရှည်နဲ့"

ထိုစဉ်...

ကျောက်ကုန်းလေက ကုလားထိုင်ပေါ်သို့ တက်၍ ရပ်လိုက်
သည်။

"အားလုံး ရပ်လိုက်၊ ငါ့ကိုကြည့်စမ်း"

သူသည် ဓားကိုကန့်လန့်ဖြတ်ပြီး သူ့လည်မျိုရှေ့သို့ ရွယ်ထား
လိုက်၏။

"မွန်ကျူးရုပ်ကို ငါသတ်တာ၊ ဒါကြောင့် သွေးကြွေးကိုဆပ်တဲ့ အနေနဲ့ ငါ့ကိုငါသတ်မယ်၊ ငါတပည့်တွေအားလုံး နောက်ဆုတ်"

သူ၏တပည့်များသည် နောက်သို့ ဆုတ်သွားကြပြီး ဆရာဖြစ်သူအား ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်နေကြသည်။

ကျောက်ဝမ်းအော့က ရုတ်တရက် ဟန့်တားလိုက်၏။

"ဖေဖေ ခဏနေပါဦး၊ ဟိုစာကော သူက ဖေဖေကို လာကယ်မယ်လို့ ပြောတယ် မဟုတ်လား"

ကျောက်ကုန်းလေက အိတ်ထဲမှ စာတစ်စောင် ထုတ်လိုက်ပြီး စာရွက်ကိုဖြန့်၍ အားလုံးကို ပြလိုက်၏။

စာရွက်ပေါ်တွင် မြွေသဏ္ဌာန်တူသော ဓားတစ်လက်ကို ရေးဆွဲထားသည်ကို တွေ့ရသည်။

ယင်းစာရွက်သည် မည်သည့်အဓိပ္ပာယ် ဆောင်သည်ကိုမည်သူကမျှ နားမလည်ကြပါ။

သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"မြွေဓားသခင်ရယ်၊ ခင်ဗျား အချိန်မီ ရောက်မလာနိုင်လို့ ကျုပ် မနေရတော့ပါဘူး"

သူသည် ဓားကို ကန့်လန့်ဖြတ်ဖြင့် လည်ပင်းသို့ ဆွဲလိုက်၏၊

"ရွမ်း"



အရာဝတ္ထုတစ်ခုသည် သူ၏ဓားကို ထိမှန်သွားပြီး အောက်သို့ လွင့်ကျသွားသည်။

တစ်ချိန်တည်းမှာပင် ကျောက်ကုန်းလေ၏ နံဘေးတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

✸ ✸ ✸

ကျောက်ကုန်းလေ၏ နံဘေးတွင် လူငယ်တစ်ယောက် ရပ်နေသည်။

ထိုလူငယ်သည် မည်ကဲ့သို့ ရောက်ရှိလာသည်ကိုမူ မည်သူကမှ သေသေချာချာ မမြင်လိုက်ပါ။

ထို့ကြောင့်...

အားလုံးသော လူများသည် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

အမှန်မှာ ထိုလူငယ်သည် ဝမ်စိန်ကြည်ပင် ဖြစ်၏၊

သူသည် လူအများနှင့် ရောနှော၍ ထိုင်ကြည့်နေ၏။

ကျောက်ကုန်းလေအဖို့ စာနှစ်စောင် ရရှိထားသည့်အတွက် အားလုံး အဆင်ပြေလိမ့်မည်ဟု ယူဆထားသည်။

သို့သော်...

မမျှော်လင့်ဘဲ မေကျန့်ဟိုက ဓားကို ဆုတ်ပစ်လိုက်သည့်အတွက် ကျောက်ကုန်းလေက ကိုယ့်ကိုယ်ကို သတ်သေမည်အထိ ဖြစ်သွားလာသည်ကို တွေ့ရသောအခါ သူ မနေနိုင်တော့ဘဲ ကျောက်ခဲတစ်လုံး ကောက်ယူပြီး ဓားကို ပစ်လွှင့်လိုက်ခြင်း ဖြစ်သည်။

သူသည် ကျောက်ကုန်းလေ၏ နံဘေးတွင် ဝင်ရောက်ရပ်လိုက်ပြီး လက်နှစ်ဖက် မြှောက်ကာ အသံကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

မြေခြားသခင်က အရေးကြီးတဲ့ ကိစ္စရှိလို့ မလာနိုင်လို့ သူ့သားကျုပ်ကို ဖျန်ဖြေပေးဖို့ လွှတ်လိုက်တာပါ"

ညှိခန်းထဲတွင် အသက်အရွယ်ကြီးသော လူများသည် မြေခြားသခင်၏ အကြောင်းကို သိကြသည်။

မြေခြားသခင် သေဆုံးသွားသည်ကိုလည်း ကြားသိရပေ၏။

ယခု...

မြေခြားသခင် မသေသေးသည်ကို ကြားရသဖြင့် အားလုံးရင်ထိတ်သွားကြသည်။

ကျောက်ဝမ်းအောက အသံတိုးတိုးဖြင့်...

"ဖေဖေ့စာကို ပေးလိုက်တာ သူပဲ"

ကျောက်ကုန်းလေက လှည့်၍ အကဲခတ်လိုက်ရာ ဝမ်စိန်ကြည်



မှာ လူငယ်တစ်ယောက် ဖြစ်သည်ကို တွေ့ရသောအခါ သံသယဖြစ်နေ၏။

စွန်းကျုံးချင်းက စူးရှစွာ အော်မေးလိုက်သည်။

"ရှင်က ဘယ်သူလဲ၊ ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဝမ်စိန်ကြည်သည် စွန်းကျုံးချင်းအပေါ် ဘဝင်မကျ ဖြစ်၏။

အမှန်မှာ ဝမ်စိန်ကြည်သည် ဝါစန်းဂိုဏ်း၌ အသက်ငယ်ပင်ငယ်သော်ငြားလည်း စွန်းကျုံးချင်းထက် ဝါကြီးနေ၏။

သို့သော်...

မေကျန့်ဟိုနှင့် စွန်းကျုံးချင်းတို့မှာ ဝမ်စိန်ကြည်အား မသိကြသဖြင့် ယင်းကဲ့သို့ မေးမြန်းလိုက်ခြင်း ဖြစ်လေ၏။

ဝမ်စိန်ကြည်သည် မိမိမှာ ဝါစန်းဂိုဏ်းက ဖြစ်ကြောင်း ထုတ်ဖော်ခြင်း မရှိဘဲ...

"ကျုပ်နာမည်က ဝမ်စိန်ကြည်ပါ၊ မြေခြားသခင်က ဆရာကြီးကျောက်ကုန်းလေဆီကို လွှတ်လိုက်တာပါ၊ လမ်းမှာ အရေးပေါ်ကိစ္စနဲ့ကြုံလို့ အခုလို အရောက်နောက်ကျတာကို သည်းခံပါဗျာ"

စွန်းကျုံးချင်းသည် အသက်ငယ်ရွယ်သူ ဖြစ်၏။

မြေခြားသခင်၏ အကြောင်းကို လုံးဝမကြားဘူးသဖြင့်...

"ဒီမှာ မြေခြားသခင်တို့ ဘာတို့ ဆိုတာ ကျွန်မ နားမလည်ဘူး၊ မင်း အောက်ဆင်းခဲ့စမ်း ဒီကိစ္စကို ဝင်မရှုပ်နဲ့"

ဝင်ချင်းချင်းက မဲ့ပြုံး ပြုံးလိုက်သည်။

သူမအား လျှာထုတ်ပြပြီး နှာခေါင်း ရှုံ့ပြလိုက်သည်။

"ညည်းက ဘာမှ နားမလည်ပါလား"

စွန်းကျုံးချင်းက ဒေါသခြောင်းခြောင်း ထွက်လာသည်။

လက်ထဲမှ ဓားဖြင့် ဝင်ချင်းချင်း ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်သည်။

ဝမ်စိန်ကြည်သည် ဝါစန်းဂိုဏ်းသား တစ်ယောက် ဖြစ်သည်၊

ထို့ကြောင့်...

စွန်းကျုံးချင်း၏ သိုင်းကွက်ကို ကောင်းစွာသိထားသည်။

စွန်းကျုံးချင်းက ဝင်ချင်းချင်းအား တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ အလွန်ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်ကြောင်း သိလိုက်ရသည်။

သူသည် စွန်းကျုံးချင်း၏ ရက်စက်ပုံကို စိတ်ထဲမှ စက်ဆုပ်လာသည်။

ထို့ကြောင့်...

သူသည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ပြီး ဝင်ချင်းချင်း ရှေ့သို့ ခံပေးလိုက်သည်။

ညာဘက်ခြေထောက်ကို မြှောက်လိုက်ပြီး ရုတ်တရက် နင်းချလိုက်ရာ စွန်းကျုံးချင်း၏ဓားကို နင်းထားမိလိုက်သည်။



ယင်းသိုင်းကွက်သည် မြွေဓားသခင်၏ ထူးခြားသော သိုင်းကွက် တစ်ကွက် ဖြစ်သည်။

သိုင်းလောကသားများ မသိကြချေ။

အားလုံး အံ့အားသင့်ကုန်ကြသည်။

စွန်းကျုံးချင်းက ဓားကို တအားဆွဲနှုတ်လိုက်သည်။

သူမသည် အစွမ်းကုန် ဆွဲနှုတ်သော်လည်း လုံးဝရွေ့လျားခြင်း မရှိပါ။

ဝမ်စိန်ကြည်၏ လက်ဝါးသည် သူမ၏ ပါးပြင်သို့ ရောက်ရှိလာသည်။

စွန်းကျုံးချင်းက ကမန်းကတန်း ဓားကို လက်လွှတ်လိုက်ပြီး နောက်ဆုတ်သွားသည်။

ဝမ်စိန်ကြည်က ဓားကို ကောက်ယူလိုက်ပြီး...

"ခြွမ်း"

ဓားကို ထက်ပိုင်း ချိုးလိုက်သည်။

ထို့နောက်...

မြေပေါ်သို့ ပစ်ချလိုက်သည်။

မေကျုန့်ဟိုနှင့် သံမဏိလက်သီး လူပေစိမ်းမှာ စွန်းကျုံးချင်း ရှုံးနိမ့်သွားသည်ကို တွေ့ရသဖြင့်...

လူပေစိမ်းက ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်၊ မေကျွန့်ဟိုက ဟန့်တားလိုက်သည်။

"မလုပ်နဲ့… သူ ဘာပြောမလဲဆိုတာ စောင့်ပြီး နားထောင်ကြရအောင်"

ဝမ်စိန်ကြည်က အသံကျယ်ကျယ်ဖြင့်…

"ကြွရောက်လာကြတဲ့ ဧည့်သည်များ ခင်ဗျာ… ဒီကိစ္စကို ကျွန်တော် သိသလောက် ရှင်းပြပါ့မယ်"

အားလုံးသော လူများသည် တိတ်ဆိတ်စွာနားထောင်ကြသည်၊

ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"မွန်ကျူးမာရဲ့အစ်ကို မွန်ကျူးရပ်ဟာ ဂိုဏ်းရဲ့စည်းကမ်းကို ဖောက်ဖျက်ပြီး မဟုတ်မဟုတ်တာကို လုပ်ပါတယ်၊ အဲဒါကို ကျောက်ကုန်းလေက တွေ့ရှိပြီး သတ်ခဲ့ရပါတယ်၊ ဒီကိစ္စကို မြွေဓားရှင်က ကောင်းကောင်း သိခဲ့ပါတယ်"

သူသည် စုတ်ပြဲနေသော စာနှစ်စောင်ကို ညွှန်ပြလိုက်လေသည်။

"ဒီစာနှစ်စောင်ဟာ မြွေဓားသခင်နဲ့ ဆရာကျောက်ကုန်းလေတို့ …တန်ဂိုဏ်းချုပ် ဝမ်းမုရသေ့ဆီသွားပြီး သက်သေပြတဲ့ စာနှစ်စောင်ပဲ"



သူသည် မေကျွန့်ဟိုဘက်သို့ လှည့်လိုက်သည်။

"ဒီက နောင်ကြီးက ဘာကြောင့် ဒီစာကို ဆုတ်ပစ်လိုက်ရတာလဲဗျာ"

ကျောက်ကုန်းလေသည် ဝမ်စိန်ကြည်၏ စကားကို ကြားလိုက်ရသောအခါ ဝမ်းသာလွန်း၍ သမီး၏လက်ကို တင်းကျပ်စွာ ကိုင်ထားသည်။

မေကျွန့်ဟို မဲ့ပြုံး ပြုံးလိုက်သည်။

"ဒီစာနှစ်စောင်ဟာ ကျောက်ကုန်းလေက ပြုလုပ်ထားတဲ့ စာအတုဖြစ်တဲ့အတွက် ကျုပ်က ဆုတ်ပစ်လိုက်တာ"

ဝမ်စိန်ကြည်က…

"ကျုပ် ဒီကို မလာခင်တုန်းက မြွေဓားသခင်က စာထဲပါတဲ့ အကြောင်းအရာတွေကို ကျုပ်ကို ပြောပြထားတယ်၊ ဒီစာကို…"

သူသည် ဆရာစုလိပ်နှင့် ကျွန်းပိုင်ရှင် တိမ်ချီယင်ဘက်သို့ လှည့်၍ ဦးညွတ်လိုက်သည်။

"ဟောဒီ ပုဂ္ဂိုလ်နှစ်ယောက်က ဖတ်ပြီးပြီလို့ ထင်ပါတယ်"

ဆရာစုလိပ်နှင့် တိမ်ချီယင်တို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကျုပ်တို့ ဖတ်ပြီးပါပြီ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"အခု ကျုပ်က ဒီစာမှာပါတဲ့ အကြောင်းအရာတွေကို ပြောပြပါမယ်၊ အတုလား၊ အစစ်လားဆိုတာ ခွဲခြားသွားနိုင်ပါတယ်"

ဆရာစုလိပ်နှင့် တိမ်ချိုးယင်တို့က ပြိုင်တူခေါင်းညိတ်လိုက်သည်။

"ဒါလည်း ကောင်းပါတယ်၊ မင်းပြောပါ"

ဝမ်စိန်ကြည်က မွန်ကျူးမာဘက်သို့ လှည့်လိုက်သည်။

ဒီမှာမိတ်ဆွေ၊ ကျုပ်က အမှန်အတိုင်း ပြောလိုက်ရမယ်ဆိုရင် ခင်ဗျား အစ်ကိုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ်၊ ကျုပ်က ပြောရမလားဗျာ"

မွန်ကျူးမာ၏ နဖူးပေါ်မှ သွေးကြောများ ဖောင်းတက်လာသည်။

"ကျုပ်အစ်ကိုက ဒီလိုလူစားမျိုး မဟုတ်ဘူး၊ ဒီစာဟာ အတုဖြစ်နိုင်တယ်"

ဝမ်စိန်ကြည်က ဝင်ချင်းချင်းဘက်သို့ လှည့်လိုက်သည်။

"ညီလေး အဲဒီစာနှစ်စောင်ကို အကျဉ်းချုံးပြီး ပြောလိုက်ပါကွယ်"

ဝင်ချင်းချင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး စာထဲမှာ ပါရှိသော အကြောင်းအရာများကို ပြောပြလိုက်သည်။



ဝင်ချင်းချင်းသည် မှတ်ဉာဏ်အလွန်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမသည် ထိုစာနှစ်စောင်ကို တည်းခိုခန်း၌ တစ်ခေါက်ဖတ် ဖူးသဖြင့်...

စာထဲတွင် ပါရှိသော အကြောင်းအရာများကို အကြမ်းအားဖြင့် ပြောပြနိုင်ခဲ့လေသည်။

သူမ၏ အသံသည် ကြည်လင် ပြတ်သားနေသောကြောင့် လေးငါးဆယ်ခွန်းခန့် ပြောလိုက်သောအခါ ညှိခန်းမှလူများသည် အချင်းချင်း တီးတိုးဝေဖန် ပြောဆိုကြလေသည်။

မွန်ကျူးမာက မနေနိုင်တော့ပါ။

"ရပ်လိုက်စမ်း မင်းက ဘယ်သူလဲ"

မေကျွန့်ဟိုက အေးတိအေးစက် အသံဖြင့်...

"သူက ကျောက်ကုန်းလေရဲ့ လူဖြစ်မှာပေါ့၊ သူတို့အချင်းချင်း အတိုင်အဖောက် လုပ်ထားတာ ဖြစ်မှာပေါ့ဗျာ"

မွန်ကျူးမာက...

"ဟုတ်တယ်၊ မင်းက မြွေဓားသခင် လွှတ်လိုက်တဲ့ လူဆိုတာ ဟုတ်မှဟုတ်ရဲ့လား"

ဝမ်စိန်ကြည်က...

"ကျုပ် ဘယ်လိုလုပ်ရင် ခင်ဗျား ယုံမလဲ"

မွန်ကျူးမာက ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်၏။

"မြွေဓားသခင်က သိုင်းပညာအလွန်ထူးချွန်တယ် ပြော ကြားတယ်၊ မင်းက သူ့ရဲ့တပည့် တစ်ယောက်ဆိုရင် သူ့ရဲ့ပညာ ရလိမ့်မယ်၊ ဒါကြောင့် ငါ့လက်ထဲကဓားကို မင်းက အနိုင်ရမယ် ဆိုရင် ငါယုံမယ်"

ဝမ်စိန်ကြည်က ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။

အရက်ကို တစ်ကျိုက်မော့ချလိုက်ပြီး တူဖြင့် အသားလုံး တစ်လုံးကို ညှပ်၍ စားလိုက်သည်။

"ခင်ဗျားကိုနိုင်ဖို့ မြွေဓားသခင်ရဲ့ သိုင်းပညာတတ်ဖို့ မလို သေးပါဘူးဗျာ"

သူသည် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ခင်ဗျားကို သူများက ခုတုံးလုပ်လိုက်တာကို မသိတာခေါ် တယ်ဗျာ"

မွန်ကျူးမာသည် ဒေါသကြီးစွာဖြင့်...

"ကျုပ်ကို ဘယ်သူက ခုတုံးလုပ်လိုက်တာလဲ၊ မင်းက ယုံ ရင် ယုံပါ၊ မယုံဝံ့ရင် အမြန်ဆုံး ထွက်သွားပါ"

ဝမ်စိန်ကြည်က အရက်ကို တစ်ကျိုက်လောက် မော့လိုက်ပြ သည်။



"ဝူးတန်ဂိုဏ်းရဲ့ ပညာဟာ သိုင်းလောကမှာ ပထမလို့ ကြား ခဲ့ရတာကြာပြီ၊ ဒါကြောင့် ကနေ့ ကျုပ်က ဝူးတန်ဂိုဏ်းရဲ့ ဓားပညာ ကို လေ့လာခွင့် ရတာပေါ့ဗျာ"

သူသည် အသားလုံးတစ်လုံး ညှပ်၍စားရင်း စကားဆက် လိုက်သည်။

"စကားတစ်ခွန်းလောက် ကြိုတင်ပြောထား ပါရစေ၊ ကျုပ် နိုင်ခဲ့ရင် ခင်ဗျားနဲ့ ကျောက်ကုန်းလေတို့ နောက်ထပ် ရန်ငြိုးမဖွဲ့ ရတော့ဘူး၊ အဲ့ဒါကို ဒီမှာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က သက်သေ ခံပေးပါဗျာ"

မွန်ကျူးမာက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ် သဘောတူတယ်၊ ဆရာစုလိပ်နဲ့ တိမ်ချိုးယင်တို့က သက်သေခံပါလိမ့်မယ်၊ မင်းက ငါ့ကို ရှုံးရင်ကော"

ဝမ်စိန်ကြည်က...

"ကျုပ်ရှုံးရင် မင်းကို ဦးချတောင်းပန်မယ်၊ ဒီကိစ္စလည်း ကျုပ်လုံးဝ မစွက်ဘဲ ထွက်သွားပါမယ်"

မွန်ကျူးမာက...

"ကောင်းပြီ၊ ကဲ...တို့ယှဉ်ပြိုင်ကြမယ်"

သူသည် ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်သည်။

"အုန်း..."

ဓားသည် တုန်ခါသွားပြီး အသံထွက်လာသည်။

သူ၏အတွင်းအားမှာ မည်မျှထက်မြက်သည်ကို ပြသလိုက်ခြင်း ဖြစ်လေသည်။

ဝမ်စိန်ကြည်သည် ပြုံးလိုက်၏။

"မြွေစားသခင်က ကျုပ်ကို မှာလိုက်ပါတယ်၊ ဝူးတန်ဂိုဏ်းသားနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့ရဲ့သိုင်းကွက်ကို ခုခံနိုင်ဖို့ သိုင်းကွက် နည်းနည်းပါးပါး သင်ပေးလိုက်ပါသေးတယ်"

သူ၏ စကားမဆုံးမီ လူအုပ်ထဲမှ ရသေ့တစ်ယောက်က တိုးထွက်လိုက်လေသည်။

"ဒီမှာ မင်း အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ စကားကို ပြင်ပြောရင် ကောင်းမယ် ထင်တယ်"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"မြွေစားသခင်က မှာလိုက်ပါတယ်၊ ဝူးတန်ဂိုဏ်းရဲ့အခြားသိုင်းပညာကို မှုစရာမလိုပါဘူး၊ သူတို့မှာ အထက်မြက်ဆုံးကတော့ ဖိုမဓားပညာပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဖိုမဓားကို အနိုင်ရတဲ့ သိုင်းကွက်ကို သင်ပေးလိုက်ပါတယ်ဗျာ"

ထိုရသေ့က ဒေါသထွက်လွန်း၍ ခုန်ဆွခုန်ဆွ ဖြစ်လာလေ၏။



"ကောင်းကွာ ကျုပ်တို့ ဖိုမဓားကွက်ကို လက်တွေ့စမ်းကြည့်စမ်းပါကွာ"

သူသည် ပြောပြီး ဝမ်စိန်ကြည်၏ မျက်နှာပေါ်သို့ ဓားဖြင့် ထိုးသွင်းလိုက်သည်။

ဝမ်စိန်ကြည်က ဘယ်ဘက်လှည့်ပြီး ရှောင်တိမ်းလိုက်လေ၏။

သူသည် ညော့်ခန်းအလယ်သို့ ခုန်ချလိုက်သည်။

သူ၏ ဘယ်ဘက်လက်တွင် အရက်ခွက် ကိုင်ထားသည်။

ညာဘက်လက် ကိုင်ထားသောတူသည် ကြက်ပေါင်တစ်ခု ညှပ်ထားသည်။

"ဒါနဲ့ ရသေ့က ဘွဲ့နာမည် ဘယ်သူပါလဲ ခင်ဗျာ"

ရသေ့က...

"ကျုပ်ရဲ့ ဘွဲ့နာမည်က တုံရှမ်းလို့ ခေါ်တယ်၊ ဝူးတန်ဂိုဏ်းရဲ့ ဆယ့်သုံးကြိမ်မြောက် တပည့်ဖြစ်ပါတယ်"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက ဖိုမဓားနဲ့ တိုက်ခိုက်မယ်ဆိုရင် အဖော်တစ်ယောက် ခေါ်ပါဦးလေ"

တုံရှမ်းရသေ့က မွန်ကျူးမာအား ခေါင်းညိတ်ပြလိုက်၏။

သူတို့နှစ်ယောက် ဓားနှစ်လက်ဖြင့် ဝမ်စိန်ကြည်အား ပြိုင်တူ တိုက်ခိုက် ထိုးသွင်းလိုက်၏။

ဝမ်စိန်ကြည်၏ ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ရှားသွား၏၊ သူသည် ဓားနှစ်လက်ကြားမှ ထိုးဖောက် ထွက်သွားလေ၏၊ တုံရှမ်းရသေ့နှင့် မွန်ကျူးမာတို့သည် ထပ်မံတိုက်ခိုက်လိုက်လေ၏။

သူတို့သည် တစ်ယောက်က တိုက်ခိုက်လိုက်လျှင် တစ်ယောက်က အကာအကွယ် ပေးထား၏။

တစ်ယောက်က ကာကွယ်ပေးလျှင် တစ်ယောက်က တိုက်ခိုက်လိုက်၏။

ထို့ကြောင့်...

ဖိုမဓားပညာသည် သိုင်းလောကတစ်ခုလုံး လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ခြင်း ဖြစ်၏။

ထိုစဉ်...

ဝင်ချင်းချင်း ဟန့်တားလိုက်၏။

"ခဏနေကြပါဦး ... ကျွန်တော် စကားတစ်ခွန်း ပြောချင်ပါသေးတယ်"

မွန်ကျူးမာနှင့် တုံရှမ်းရသေ့တို့က တိုက်ခိုက်ရာမှ ရပ်တန့်လိုက်၏။

မွန်ကျူးမာက...



"မင်း ဘာပြောမလို့လဲ"

ဝင်ချင်းချင်းက...

"ခင်ဗျားတို့ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်တာ မတရားဘူးထင်တယ်"

တုံရှမ်းရသေ့ မဲ့ပြုံး ပြုံးလိုက်၏။

"ဖိုမဓားကွက်ဆိုတာ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ရတယ်ဆိုတာ မင်း မသိဘူးလား"

ဝင်ချင်းချင်းက ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

ဝမ်စိန်ကြည်က ပြုံးလိုက်၏။

"ဖိုမဓားပညာဆိုတာ ပညာမပြည့်တဲ့ သူအတွက်တော့ နှစ်ယောက်ပေါင်းပြီးမှ အသုံးပြုလို့ ရပါတယ်၊ တကယ်တတ်ကျွမ်းတဲ့ လူအတွက်တော့ တစ်ယောက်တည်းလည်း သုံးလို့ရပါတယ်"

မွန်ကျူးမာနှင့် တုံရှမ်းရသေ့တို့သည် ထိုစကားကြားလိုက်ရသောအခါ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြ၏။

ဝင်ချင်းချင်း စကားဆက်လိုက်၏။

"ခင်ဗျားတို့က နှစ်ယောက်နဲ့ တစ်ယောက်ဆိုရင် လောင်းကြေး ကို နောက်ထပ်ဖြည့်မှ ဖြစ်မယ်ထင်တယ်"

မွန်ကျူးမာက...

"မင်းက ဘယ်လောက် ထပ်လောင်းချင်လို့လဲ"

ဝင်ချင်းချင်းက ပြုံးလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် ရှုံးသွားရင် ကျောက်ကုန်းလေကို ရန်မရှာရမယ့်အပြင် ခင်ဗျားမှာရှိတဲ့ ဓားကိုလည်း အရှုံးပေးရမယ်"

မွန်ကျူးမာက ရယ်မောလိုက်သည်။

"ကောင်းတယ် ကျုပ်တို့သဘောတူတယ်၊ မင်းက ဘာထပ်ပြောချင်သေးသလဲ"

ဝင်ချင်းချင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘာမှ ပြောစရာ မရှိတော့ပါဘူးဗျာ"

မွန်ကျူးမာက ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"တကယ်လို့ မင်းက ဒဏ်ရာရသွားတယ် ဆိုရင်ကော၊ ကျုပ်တို့ကို ဘာလျော်မလဲ"

ဝမ်စိန်ကြည်က အပြောရ ခက်သွားသည်။

ကျောက်ကုန်းလေက ကြားဖြတ်လိုက်သည်။

"ခင်ဗျား ဒီအိမ် ဘယ်လောက်တန်သလဲ"

မွန်ကျူးမာက...

"ဒီအိမ်ကို ကျုပ် အရင်ကဝယ်ခဲ့တယ်၊ ရှစ်ထောင့်သုံးရာ ကျတယ်"



ကျောက်ကုန်းလေက...

"ဒီလိုဆိုရင် ဝမ်စိန်ကြည် ရှုံးသွားတဲ့အခါမှာ ကျုပ်က သူ့အတွက် ရှစ်ထောင့်သုံးရာ လောင်းကြေးပေးပါမယ်"

သူသည် ကျောက်ဝမ်းအော့ ဘက်သို့လှည့်၍ ခေါင်းညိတ်ပြလိုက်သည်။

ကျောက်ဝမ်းအော့က အတွင်းခန်းထဲသို့ ပြေးဝင်သွားလေသည်။

* * *

တစ်ခဏအကြာတွင်...

ငွေလွှဲစက္ကူတစ်ထပ် ယူဆောင်လာလေသည်။

ကျောက်ကုန်းလေက ငွေလွှဲလက်မှတ်များကို စားပွဲပေါ်သို့ ချထားလိုက်သည်။

"ဟောဒီမှာ ငွေရှစ်ထောင့်သုံးရာ၊ ဝမ်စိန်ကြည်က ရှုံးသွားရင် ခင်ဗျားတို့ ယူသွားနိုင်ပါတယ်"

တိမ်ချီးယင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်ဗျာ၊ တရားမျှတပါတယ်"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ကျုပ်ကတော့ မွန်ကျူးမာဘက်က လောင်းမယ်"

သူသည် အိတ်ထဲမှ ရွှေတုံးကလေးနှစ်တုံးကို နှိုက်ယူလိုက်ပြီး စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"ဟောဒီ ရွှေတုံးနှစ်တုံးက သုံးထောင်တန်တယ်၊ ကျုပ်က နိုင်ရင် တစ်ထောင်ပဲယူမယ်၊ ဘယ်သူ လောင်းချင်သလဲ"

သူသည် စိန်ခေါ်လိုက်သော်လည်း လောင်းကြေးချမည့်သူ မရှိပါ။

ညွှန်ပရိသတ်များတို့သည် ဝမ်စိန်ကြည်မှာ အသက်ငယ်ရွယ်သူဖြစ်၍ ဝူးတန်ဂိုဏ်း၏ ထိပ်တန်း စားသမားနှစ်ယောက်ကို နိုင်လိမ့်မည် မဟုတ်ဟု ယူဆထားပြီး မလောင်းဝံ့ကြချေ။

ကျောက်ဝမ်းအော့က သူ၏ လက်ကောက်ကိုထည့်လိုက်သည်။

"ကျွန်မ ဦးလေးနဲ့ လောင်းမယ်"

သူမသည် လောင်းကြေးကို ထပ်သည်။

သူမသည် လက်ကောက်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

တိမ်ချိုးယင်က လက်ကောက်ကို ယူကြည့်လိုက်ရာ ကျောက်သံပတ္တမြား မွမ်းမံထားသဖြင့်...

"ငါ့တူမရဲ့ လက်ကောက်က သုံးထောင်လောက် တန်တယ်၊ ငါက အသာမယူပါဘူး၊ လောင်းကြေးကို ခြောက်ထောင်ထားပါမယ်"



သူ၏လက်အောက် ငယ်သားများက ရွှေတုံးကလေး လေးတုံး ထပ်မံချထားလိုက်သည်။

တိမ်ချိုးယင် ပြုံးလိုက်သည်။

"ငါ့တူမ နိုင်ပါစေလို့ ဆုတောင်းချင်တယ်၊ ဒါမှ အိမ်ထောင်ကျတဲ့အခါ လက်ဖွဲ့ပြီးသား ဖြစ်မှာပေါ့"

အားလုံးက ရယ်မောကြသည်။

စွန်းကျုံးချင်က ရုတ်တရက် သူမ၏ စားကျိုးတစ်ပိုင်းကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"ကျုပ်က ဒီစားကို လောင်းတယ်"

ဝင်ချင်းချင်း အံ့အားသင့်သွားသည်။

"ခင်ဗျားရဲ့ စားကျိုးတစ်ပိုင်းကို ဘယ်သူက လိုချင်မှာလဲ"

စွန်ကျုံးချင်းက...

"ကျုပ်က သုံးလေး တစ်လေး လောင်းမယ်"

သူမသည် ဝမ်စိန်ကြည်အား ညွှန်ပြလိုက်သည်။

သူက နိုင်သွားရင် မင်းက ဒီစားနဲ့ ငါ့ကိုယ်ပေါ်မှာ သုံးချက်တိတိ ထိုးပါ၊ သူက ရှုံးသွားရင် ကျုပ်က မင်းရဲ့ ကိုယ်ပေါ်မှာ တစ်ချက်ပဲထိုးမယ် နားလည်လား"

ဝင်ချင်းချင်း ပြုံးလိုက်သည်။

"ခင်ဗျားလို့လှတဲ့ မိန်းကလေးတစ်ယောက်ကို ကျုပ်က မထိုးရက်ပါဘူးဗျာ"

လူပေစိမ်းက ဒေါသခြောင်းခြောင်း ထွက်လာသည်။

"မင်း ဘာလျှောက်ပြောနေတာလဲ"

စွန်းကျုံးချင်းသည် ကျောက်ကုန်းလေး၏ လူစုကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

"ရှင်တို့ ရွှေနဂါးဂိုဏ်းကလူတွေ သတ္တိရှိတယ်လို့ ထင်မိတာ အခုတော့ သတ္တိမရှိကြပါလား"

ကျောက်ဝမ်းအော့က မဲ့ပြုံး ပြုံးလိုက်လေသည်။

"ကျွန်မ လက်ခံတယ်"

ကျောက်ကုန်းလေ ဘက်တော်သား သုံးလေးယောက်က မတ်တတ်ရပ်လိုက်သည်။

"ကျုပ်တို့ လောင်းမယ်"

ကျောက်ဝမ်းအော့က ဟန့်တားလိုက်သည်။

"မလိုဘူး မင်းတို့အားလုံး နောက်ဆုတ်ကြ"

စွန်းကျုံးချင်းက မဲ့ပြုံးလေး ပြုံးလိုက်သည်။

"ကောင်းပြီ ကျွန်းပိုင်ရှင်က သက်သေလူကြီးလုပ်ပါ"

တိမ်ချီယင်က ခေါင်းညိတ်လိုက်သည်။



"ကောင်းပြီလေ ကျုပ်သက်သေ လုပ်ပါ့မယ်"

မေကျုန့်ဟိုက အေးတိအေးစက် အသံဖြင့်...

"ဩော်... ခင်ဗျား ကြည့်ရတာ မြွေဓားသခင်ရဲ့ တပည့်ကို တော်တော် သဘောကျပုံ ရတယ်"

ကျောက်ဝမ်းအော့၏ မျက်နှာ နီရဲသွားသည်။

"ရှင်က လောင်းချင်လို့လား"

မေကျုန့်ဟိုက မဲ့ပြုံး ပြုံးလိုက်သည်။

"စိန်လိုက်လေ"

ဝင်ချင်းချင်း ကြားဖြတ်လိုက်သည်။

"ဒီလူကို ကျုပ်အတွက်ထားပါ၊ ကျုပ်နဲ့လောင်းမယ်"

မေကျုန့်ဟိုက...

"မင်းက ဘာလောင်းမလဲ"

ဝင်ချင်းချင်းက...

"ကျုပ်လည်း သုံးလေးတစ်လေး လောင်းမယ်"

မေကျုန့်ဟို မျက်မှောင် ကုပ်သွားသည်။

"ပြောပါ"

ဝင်ချင်းချင်းက...

"ကျုပ်လူ ရှုံးသွားရင် အများရှေ့မှာ ခင်ဗျားကို ဖေဖေလို့

သုံးခါခေါ်မယ်၊ ကျုပ်လူကနိုင်ရင် ခင်ဗျားက ကျုပ်ကို ဖေဖေလို့ တစ်ခွန်း ခေါ်ရမယ်"

အားလုံးသော လူများသည် ဝါးခနဲ ရယ်မောကြလေသည်၊ မေကျွန့်ဟို မျက်မှောင်ကုပ်သွားသည်။

"စကားမများနဲ့၊ မင်းလူက နိုင်သွားရင် ကျုပ်က ဝင်ပြီး ယှဉ်ပြိုင်ရဦးမယ်"

ဝင်ချင်းချင်းက...

"ခင်ဗျား ပြောပုံဆိုရင် ခင်ဗျားရဲ့ ဓားပညာက သူတို့ထက် သာတယ်ပေါ့"

"မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ သူတို့က ဝူးတန်ဂိုဏ်း၊ ငါက ဝါစန်းဂိုဏ်း၊ ဂိုဏ်းတိုင်းမှာလည်း ထူးခြားတဲ့ သိုင်းပညာ တစ်မျိုးရှိတယ်"

သူတို့ ပြောဆိုနေကြသည်ကို တုံရှမ်းရသေ့က စိတ်မရှည်နိုင် တော့ပါ။

"ခင်ဗျားတို့ စကားပြောလို့ မပြီးကြတော့ဘူးလား"

အားလုံးသော လူများသည် ဆိတ်ဆိတ် နေကြလေတော့၏။

* * *



တုံရှမ်းရသေ့က ဓားကို အသင့်ပြင်လိုက်သည်။

"ကဲ... သူငယ် တို့စကြရအောင်"

သူသည် ဝမ်စိန်ကြည်အား တိုက်ခိုက်သည်။

တုံရှမ်းရသေ့ တိုက်ခိုက်သည်နှင့်...

မွန်ကျူးမာကလည်း ပါဝင်တိုက်ခိုက်လေတော့သည်။

သူတို့နှစ်ယောက်မှာ တစ်ယောက်က ဘယ်ဘက်ဓားဖြင့် တိုက်ခိုက်သည်။

တစ်ယောက်က ယာဘက်ဓားဖြင့် တိုက်ခိုက်သည်။

တစ်ယောက်က တိုက်ခိုက်လျှင် တစ်ယောက်က ကာကွယ် ပေးသည်။

ဤသို့ဖြင့်...

သူတို့နှစ်ယောက်သည် ညှပ်ပူးညှပ်ပိတ် ဟန်ချက်ညီညီဖြင့် ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

မြွေပွေးသခင်သည် ဝူးတန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူ ဝမ်းမှ ရသေ့နှင့် အလွန်ခင်သည်။

သူတို့နှစ်ယောက်သည် ဓားပညာရပ်များကို မကြာခဏ ဆွေး နွေးခဲ့ဖူးသည်။

ဖိုမစားကွက်သည် ချွတ်ယွင်းချက် အတော်များများ ရှိနေသည်ကို တွေ့ရှိခဲ့ဖူးသည်။

သို့သော်...

ဝမ်းမုရသေ့က ပြုံး၍ ပြန်ဖြေလိုက်သည်မှာ...

"ကျုပ်ရဲ့စားကွက်မှာ ချွတ်ယွင်းချက် ရှိတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် လောကပေါ်မှာ ဘယ်သူကမှ နိုင်မှာ မဟုတ်ပါဘူး"

မြွေစားသခင်က မပြောဘဲ ပါးစပ်ပိတ်ထားခဲ့လေသည်။

ထို့နောက်...

မြွေစားသခင်သည် ဖိုမစားကွက်ကို အနိုင်ရမည့် သိုင်းကွက်များကို တီထွင်လိုက်သည်။

ယင်းသိုင်းကွက်များကို သူ၏သိုင်းကျမ်းတွင် ရေးသား ဖော်ပြထားသည်။

ထို့ကြောင့်...

ဝမ်စိန်ကြည်က လုံးဝမမှုဘဲ စိန်ခေါ်ဝံ့ခြင်း ဖြစ်လေသည်။

* * *

မွန်ကျူးမာနှင့် တုံးရှမ်းရသေ့တို့သည် ဖိုမစားကွက်ကို အသုံးပြုပြီး ဝမ်စိန်ကြည်အား ညုပ်ပူးညှပ်ပိတ် တိုက်ခိုက်နေလေ၏။



စားတော့ယမ်း လိုက်သောအသံများ ဟိန်းထွက်လာပြီး စားရောင်ဖွေးလက်သွားလေသည်။

ဝမ်စိန်ကြည်မှာမူ သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုကြားတွင် အေးဆေးစွာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

တိမ်ချိုးယင်က ကြည့်ရင်း ဆရာစုလိပ်ဘက်သို့ လှည့်လိုက်သည်။

"ဒီသူငယ်က ဒါလောက်တော်နေရင် မြွေစားသခင်ရဲ့တပည့်အစစ် ဖြစ်နိုင်တယ်"

ဆရာစုလိပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နောက်ပေါက်ထဲကဆိုရင် သူငယ်က အတော်ကို တော်တာပဲကွ"

မွန်ကျူးမာသည် တိုက်ခိုက်ရင်း ဝမ်စိန်ကြည်အား မည်သို့မျှ မနိုင်မှန်း သိလိုက်သဖြင့်...

သူသည် ဒေါသကို မထိန်းနိုင်တော့ဘဲ တရကြမ်းတိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် ဝမ်စိန်ကြည် မဆုတ်သာအောင် ညုပ်ပူးညှပ်ပိတ် ဖိ၍ တိုက်ခိုက်လိုက်သည်။

သူသည် မွန်ကျူးမာ၏ ဝမ်းဗိုက်သို့ ခေါင်းဖြင့် အသာအယာ ဆောင့်တွန်းလိုက်ရာ...

မွန်ကျူးမာက နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားပြီး ပက်လက်လန် လဲကျသွားရာ တုံ့ရှမ်းရသေ့က အချိန်မီပေးမလိုက်၍ ဖင်ထိုင်ကျမသွားတော့ဘဲ ဟန်ထားနိုင်လေသည်။

မွန်ကျူးမာက ရက်လည်းရက် ဒေါသလည်းထွက်လာပြီး...

"ခွေးမွေးတဲ့သား၊ ငါ့ကိုခေါင်းနဲ့ ဆောင့်ရသလား"

ဟု ကြိမ်းမောင်း ဆဲဆိုလိုက်သည်။

ဝမ်စိန်ကြသည်သည် ယခုကဲ့သို့ ဝင်ရောက်စွပ်ဖက်ခြင်းမှာ တစ်ဖက်နှင့်တစ်ဖက် ရန်ငြိုးမရှည်လို၍ ဖြစ်သည်။

ထို့အပြင်...

တစ်ဖက်နှင့်တစ်ဖက် အမှားများ ထပ်မံမလွန်ကျူးနိုင်ရန် ဝင်ရောက်ဖျန်ဖြေပေးခြင်း ဖြစ်သည်။

ယခုမှာမူ...

မွန်ကျူးမာက ရိုင်းစိုင်းစွာ ပြောဆိုလာသည်ကို ကြားလိုက်ရသဖြင့် ဒေါသထွက်လာလေသည်။

မိမိက အလျှော့ပေးနေလျှင် ဤကိစ္စမှာ ပြီးပြတ်နိုင်မည်မဟုတ်ဟုလည်း နားလည်လိုက်သည်။

သူသည် စားပွဲအနီးသို့ လျှောက်သွားသည်။

အရက်ခွက်တစ်ခုကိုယူလိုက်ပြီး မော့၍ သောက်ချလိုက်သည်။



"ခင်ဗျားတို့ ပညာက ဒါပဲလား၊ ကျုပ်က မစောင့်နိုင်ဘူး၊ အရက်ကို အဝသောက်ရဦးမယ်"

မွန်ကျူးမာသည် ဝမ်စိန်ကြည်၏ မထီလေးစား ပြုမူနေသည်ကို တွေ့ရသဖြင့်...

အလွန်ဒေါသထွက်ပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

တုံ့ရှမ်းရသေ့က အသံတိုးတိုးဖြင့် သတိပေးလိုက်သည်။

"ရန်သူက စိတ်ဆွပေးနေတာ၊ ဒေါသကို ချုပ်တည်းထားရမှာပေါ့"

မွန်ကျူးမာ သတိရလာပြီး တုံ့ရှမ်းရသေ့နှင့် ဟန်ချက်ညီညီဖြင့် ဝမ်စိန်ကြည်အား ဝိုင်းရံ တိုက်ခိုက်နေတော့သည်။

* * *

မွန်ကျူးမာနှင့် တုံ့ရှမ်းရသေ့တို့သည် တစ်ယောက်နှင့် တစ်ယောက် ကျွမ်းကျင်စွာဖြင့်...

ဝူးတန်းဂိုဏ်း၏ ဖိုမစားကွက်ကို စုပေါင်း၍ အသုံးပြုပြီး ဝမ်စိန်ကြည်အား ပိတ်ဆို့ဟန့်တား တိုက်ခိုက်နေ၏။

ဤသို့ဖြင့်...

သိုင်းကွက်သုံးဆယ်မျှ ပြီးဆုံးသွားသောအခါ ဝမ်စိန်ကြည်

ရုတ်တရက် နောက်သို့ ဆုတ်ပြေးသွားပြီး လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်သို့ ချထားသည်။

"ငါ့ဆီ အရက်ထည့်ပါဦးကွ"

"လာပါပြီ"

ဝင်ချင်းချင်း အရက်ကရားယူ၍ ငှဲ့ပေး၏။

ဝမ်စိန်ကြည်က ကုလားထိုင်ကို ယူလိုက်သည်။

သူသည် စားပွဲအနီး၌ရပ်၍ မွန်ကျူးမာနှင့် တုံ့ရှမ်းရသေ့ တိုက်ခိုက်လာသော တိုက်ကွက်များကို ခံပေးလေ၏။

ထို့နောက်...

အရက်ခွက်ယူပြီး ကုလားထိုင်ပေါ် ချထားလိုက်သည်။

စားပွဲပေါ်မှ ကြက်ပေါင်တစ်ခုယူ၍ စားရင်း...

"ဖိုမစားကွက် နဂိုက ချို့ယွင်းချက် ရှိနေတဲ့ဥစ္စာ၊ ခင်ဗျားတို့ နှစ်ယောက်လည်း မကျွမ်းကျင်တော့ ကျုပ်ကို ဘယ်နိုင်မလဲဗျာ"

သူသည် အရက်တစ်ခွက် မော့ပြန်သည်။

"ကျုပ် ငယ်ငယ်တုန်းကဆိုရင် ဆရာက အမြဲတမ်း ကဗျာစပ်ခိုင်းတယ်၊ အခုတော့ ကျုပ် ကဗျာစပ်ချင်တဲ့စိတ် ပေါ်လာပြီဗျ"

တုံ့ရှမ်းရသေ့ ဒေါသခြောင်းခြောင်း ထွက်လာသည်။

"သေပေတော့"



သူသည် ပြင်းထန်စွာ တိုက်ခိုက်သည်။

ဝမ်စိန်ကြည်က ရှောင်တိမ်းရင်း အသံကျယ်လောင်စွာဖြင့်...

"မြွေစားသခင်ရဲ့ တပည့်က လူပေါ်နှစ်ယောက်ကို ရယ်မောစွာဖြင့် တိုက်ခိုက်ခြင်း"

ဝင်ချင်းချင်း ရယ်မောသည်။

"အစ်ကိုကြီး ဒါက ဘာလဲဗျ"

ဝမ်စိန်ကြည်က...

"အဲဒါ ကဗျာခေါင်းစဉ်း"

ဝင်ချင်းချင်း ရယ်မောလိုက်၏။

"ဟုတ်ပြီ ကျွန်တော် မှတ်ထားမယ်"

ဝမ်စိန်ကြည် စကားဆက်လိုက်၏။

"မားဆိုသည်မှာ လူသတ်သော လက်နက် ဖြစ်သည်"

ဝင်ချင်းချင်း ပြုံးလိုက်၏။

"ဟုတ်တယ်ဗျ"

ဝမ်စိန်ကြည် ဆက်လိုက်ပြန်၏။

"လူပေါ်ဆိုတာ လူညံ့ရဲ့ နာမည်တစ်မျိုးပါ"

တုံ့ရှမ်းရသေ့ အံကိုတင်းတင်းကြိတ်လိုက်ပြီး ပြင်းထန်စွာ တိုက်ခိုက်သည်။

သို့သော်...

သူကြိုးစားသမျှ အချည်းနှီးပင် ဖြစ်ကုန်သည်။

ဝမ်စိန်ကြည် အသာကလေး ရှောင်တိမ်းနိုင်ခဲ့သည်။

ဝင်ချင်းချင်းက...

"အစ်ကိုကြီး ကဗျာဆုံးသွားပြီလား"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်သည်။

"မဆုံးသေးပါဘူး"

"ဒါဖြင့် မြန်မြန် စပ်ပါဗျာ"

ဝမ်စိန်ကြည်က...

"လူပေါတစ်ယောက်ဆိုရင် ဖြေဖျော်မှုရမယ်၊ လူပေါနှစ်ယောက်ကြတော့ အတော်ရီစရာကောင်းတယ်၊ လူပေါနှစ်ယောက်က ဓားနဲ့ လူကိုသတ်ဖို့ ကြိုးစားတယ်ဆိုတာ ကျုပ်ဖြင့် ရယ်ရလွန်းလို့ ဗိုက်တောင် နာလာတယ်"

ဝင်ချင်းချင်း ရယ်မောလိုက်သည်။

"အစ်ကိုကြီးရဲ့ ကဗျာဟာ လက်တွေ့အခြေအနေနဲ့ ကိုက်ညီပါပေတယ်"

မွန်ကျူးမာနှင့် တုံ့ရှမ်းရသေ့တို့က အံကိုတင်းတင်းကြိတ်၍ တိုက်ခိုက်နေသည်။



ဝမ်စိန်ကြည် ရှောင်တိမ်းရင်း...

"ကျုပ် ညှာနေတာကို သူတို့က သဘောမပေါက်ပါလား"

သူသည် ဝင်ချင်းချင်းဘက်သို့ လှည့်လိုက်သည်။

"အစ်ကို ဘာလုပ်ရမလဲ"

ဝင်ချင်းချင်း ပခုံးတစ်ချက် တွန့်လိုက်သည်။

"အကြောင်းသိအောင် ပြလိုက်ပေါ့"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အကြောင်းသိအောင်တော့ ပြရမှာပဲ"

သူ၏စကား ဆုံးသွားသည်နှင့် ကိုယ်ခန္ဓာတစ်ချက် လှည့်လိုက်ပြီး ကြက်ပေါင်ကို မွန်ကျူးမာ၏ မျက်နှာသို့ ပစ်လွှင့်လိုက်လသည်။

တစ်ဆက်တည်းမှာ...

အတွင်းအားကို တူနှစ်ချောင်းပေါ်သို့ ပို့ဆောင်လိုက်ပြီး တုံ့ရှမ်းရသေ့ ဓားကိုင်သော လက်ဖမိုးပေါ် ရိုက်ချလိုက်၏။

"ဓားကို လွှတ်လိုက်စမ်း"

"ချွမ်း"

တုံ့ရှမ်းရသေ့၏ လက်တစ်ဖက် ထုံကျဉ်သွားပြီး ဓား အောက်သို့ လွတ်ကျသွားသည်။

မွန်ကျူးမာက ဓားဖြင့် ဝမ်စိန်ကြည်၏ ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ဝမ်စိန်ကြည်က လက်ထဲမှ အရက်ခွက်ဖြင့် မွန်ကျူးမား၏ ဓားကိုင်ထားသော ဘယ်ဘက်လက်သို့ ပစ်ပေါက်လိုက်ရာ မွန်ကျူးမား၏ လက်တစ်ဖက် ထုံကျဉ်သွားသည်။

"ချွမ်း ..."

ဓားသည် လက်ထဲမှ လွင့်စဉ်ကျသွား၏။

ဝမ်စိန်ကြည်က လျှပ်တစ်ပြက် သူတို့၏ ဓားနှစ်လက်ကို ကောက်ယူလိုက်သည်။

ထို့နောက် အသံကျယ်လောင်စွာဖြင့် ...

လူတစ်ယောက်တည်းနဲ့ ဖိုမ ဓားကွက်ကို အသုံးပြုကာ ခင်ဗျားတို့ မမြင်ဖူးဘူးဆိုရင် ကျုပ် အခု အသုံးပြုပြပါမယ်"

သူသည် ပြောပြီးသည်နှင့် ဓားနှစ်လက်ကို ဝှေ့ယမ်းလိုက်သည်။

* * *

သူ၏ ဘယ်ဘက်မှ ဓားသည် တိုက်ခိုက်သည့်အခါ ညာဘက်ဓားက အကာအကွယ် ပြုထားသည်။

ညာဘက်ဓားက တိုက်ခိုက်သည့်အခါ ဘယ်ဘက်ဓားက ခုခံရန် အသင့်ရှိနေသည်။



သူသည် လူတစ်ယောက်တည်းနှင့် ထိပ်တန်းလူနှစ်ယောက် အသုံးပြုသွားသော သိုင်းကွက်များကို သရုပ်ပြ လိုက်သောအခါ ဆရာစုလိပ်၊ မုန်တိုင်းဓား၊ ဝမ့်ဖန်း၊ တိမ်ချီးယင်၊ ဝါစန်းဂိုဏ်းမှ မေကျုန့်ဟိုတို့ ထိပ်တန်းသိုင်းသမားများတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩကုန်ကြသည်။

သူသည် ဖိုမဓားကွက် ၆၄-ကွက်ကို အသုံးပြုပြီးသောအခါ

"ယား..."

ဓားနှစ်လက်ကို အပေါ်သို့ ပစ်လွှင့်လိုက်ရာ...

ဓားနှစ်လက်သည် ခေါင်မိုးထုပ်တန်းပေါ်သို့ စိုက်ဝင်သွားသည်။

ဝမ်စိန်ကြည် နောက်ဆုံး အသုံးပြုလိုက်သော သိုင်းကွက်မှာ ဝါစန်းဂိုဏ်းမှ သူ၏ဆရာ မူလိန်ချိန်း၏ ထိပ်တန်းသိုင်းကွက် တစ်ကွက် ဖြစ်သည်။

ဧည့်ခန်းမှ ဩဘာသံများသည် ဟိန်းထွက်၍လာသည်။

ဝမ်စိန်ကြည်က အားလုံးကို ဦးညွှတ်ပြီး နောက်ဆုတ်သွားသည်။

* * *

ဝင်းချင်းချင်းက လက်ခုပ်တီးရင်း ရယ်မောလိုက်သည်။

"ဟား...ဟား...ငါ့ကို ပေဖေလို့ ခေါ်မယ့်လူ ရှိနေပြီဟေ့"

မေကျွန့်ဟို၏ မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

သူ၏လက်တစ်ဖက်သည် ဓားဆေါ်သို့ ရောက်ရှိသွားလေသည်၊ တိန့်ချိယင်က စားပွဲပေါ်မှ ရွှေတုံးကလေးများကို ကျောက်ဝမ်းအော့သို့ တွန်းပို့သည်။

"ငါ့တူမကြီး နိုင်ပြီ၊ ယူလိုက်ပါတော့"

ကျောက်ဝမ်းအော့က ဦးညွတ်လိုက်သည်၊

"ဦးလေးကို ကျေးဇူးတင်ပါတယ်၊ ဒီငွေတွေကို ဦးလေးအစား အောက်လက်ငယ်သားများကို ဆုချလိုက်ပါ့မယ်"

သူမသည် ခေါင်းမော့၍ အသံကျယ်လောင်စွာဖြင့်...

"ယောဒီက ငွေကိုးထောင်ဟာ ဦးလေးတိန့်ချိယင်နဲ့ ကျွန်မနဲ့ လောင်းထားတဲ့ လောင်းကြေးပါ၊ ဒါကြောင့် အခုလို ရောက်ရှိနေတဲ့ အစ်ကို၊ အစ်မ၊ ဦးလေးတို့ ပါလာတဲ့ အောက်လက်ငယ်သားများကို တစ်ယောက် ငွေတစ်ရာ ပေးပါ့မယ်၊ မနက်ဖြန်ကျရင် တည်းခိုတဲ့ နေရာကို ပို့နိုင်းလိုက်ပါ့မယ်ရှင်"

အလွန်ပြင်းထန်ရေသာ ရန်ကြွေးတစ်ခုသည် ပြေလည်စွာ ဖြေရှင်းနိုင်ခဲ့သည့်အတွက် အားလုံးသော လူများသည် ကျေနပ်သွားကြကုန်သည်။



သို့သော်...

မွန်ကျူးမာနှင့် တုံ့ရှမ်းရသေ့တို့မှာ အရှုံးကြီး ရှုံးခဲ့သဖြင့် မျက်နှာမကောင်း ဖြစ်နေသည်။

ကျောက်ကုန်းလေက မွန်ကျူးမာအား ဦးညွတ်၍ တောင်းပန်လိုက်သည်။

"တစ်ချိန်တုန်းက ကျုပ် အသက်ငယ်ရွယ်သူမို့ မဆင်မခြင်ဘဲ ခင်ဗျားရဲ့ အစ်ကိုကို သတ်ခဲ့တာ ကြီးစွာနောင်တ ရပါတယ်၊ ဒါကြောင့် အများရှေ့မှာ တောင်းပန်ပါတယ်လို့ ပြောပါရစေ"

ကျောက်ဝမ်းအော့ကလည်း ဦးညွတ်၍ အရိုအသေ ပြုလိုက်သည်။

မွန်ကျူးမာသည် ထိုစာနှစ်စောင်ကို ဖတ်မိပြီးသည့်နောက် မိမိဘက်မှ အလွန်ဖြစ်နေသည်ကို နားလည်ထားလေသည်။

သူသည် စိတ်ထဲ၌ ဘဝင်မကျသော်လည်း အခြေအနေအရ ထိုရန်ကြွေးကို ဖြေဖျောက်လိုက်တော့သည်။

"ပြီးခဲ့တာလည်း ပြီးပါပြီဗျာ၊ ကျုပ် ရှုံးထားတဲ့အိမ်ကို သုံးရက်အတွင်း လွှဲပြောင်းပေးပါမယ်"

ကျောက်ကုန်းလေက ပြုံးလိုက်သည်။

"အခုလို ခွင့်လွှတ်တာပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ဒီအိမ်

ကိစ္စကိုတော့ လွှဲပြောင်း ပေးမနေပါနဲ့တော့၊ ကျုပ်ကပဲ အိမ်အသစ်တစ်လုံး ဝယ်ပြီးပေးပါ့မယ်"

ဝင်ချင်းချင်းက ခေါင်းခါယမ်းလိုက်၏။

"အိမ်အသစ်ကို ကျွန်တော် မလိုချင်ပါဘူး၊ လောင်းကြေးထားတဲ့အတိုင်း အိမ်အဟောင်းကိုပဲ လိုချင်ပါတယ်"

ကျောက်ကုန်းလေ မျက်မှောင်ကုပ်သွားသည်။

"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ဟောဒီအိမ်နဲ့ ဆယ်ဆလောက်ကောင်းတဲ့အိမ်ကို ကျုပ်ဝယ်ပေးပါ့မယ်၊ ဒီအိမ်ကိုတော့ မလိုချင်ပါနဲ့ဗျာ"

ဝင်ချင်းချင်းက ခေါင်းခါယမ်းလိုက်၏။

"ဝမ်းနည်းပါတယ် ကျွန်တော် လက်မခံနိုင်ပါဘူး"

အားလုံးသော လူများသည် ဝင်ချင်းချင်းအား လှည့်ကြည့်သည်။

ဝင်ချင်းချင်းမှာ လောင်းကြေး နိုင်ထားသောအိမ်ထက် ဆယ်ဆသာသောအိမ်ကို အဘယ်ကြောင့် မလိုချင်ပါသလဲဟု နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

ကျောက်ကုန်းလေက မတတ်နိုင်တော့ဘဲ မွန်ကျူးမာအား တောင်းပန်လိုက်သည်။



"ဒီလိုဆိုရင် ခင်ဗျား ဝယ်ထားတဲ့ တန်ဖိုးထက် ကျုပ်က တစ်ဆတိုးပြီး လျော်ပေးပါမယ် ခင်ဗျာ"

မွန်ကျူးမာက...

"ကျုပ်က ရှုံးတဲ့လူပါ၊ ငွေကို လျော်ပေးစရာ မလိုပါဘူး၊ ယောကျ်ားဆိုတာ စကားတစ်ခွန်းကို ကတိတည်ရမယ်၊ အခုချိန်ကစပြီး ကျုပ်နဲ့ခင်ဗျားနဲ့ ရန်ငြိုးမရှိတော့ပါဘူး၊ ဒီအိမ်ကိုလည်း လိုချင်တဲ့အချိန် လာယူပေတော့"

သူသည် လက်နှစ်ဖက်ဆုပ်၍ အားလုံးတို့ကို ဦးညွှတ်လိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

✸ ✸ ✸

ဝမ်စိန်ကြည်သည် မွန်ကျူးမာမှာ ဖြောင့်မတ်သော စိတ်ထားရှိသည်ကို တွေ့ရသဖြင့် လက်ကာ၍ ဟန့်တားလိုက်လေသည်။

"ခဏနေပါဦး ခင်ဗျာ"

မွန်ကျူးမာ မျက်မှောင်ကုပ်သွားသည်။

ခင်ဗျား ဘာပြောချင်သေးလို့လဲ"

ဝမ်စိန်ကြည်က...

"အားလုံးရဲ့ရှေ့မှာ ကျုပ် စကားတစ်ခွန်း အမှန်အတိုင်းပြောချင်လို့ပါ"

သူသည် မွန်ကျူးမာအား ပြုံးပြလိုက်၏။

"ခင်ဗျား ရှုံးသွားပေမယ့် အမှန်ပြောရရင် ကျုပ်ရဲ့ သိုင်းပညာဟာ ခင်ဗျားထက် အများကြီး နိမ့်ပါတယ်၊ တုံရှမ်းရသေ့နဲ့ ယှဉ်ပြိုင်မယ်ဆို ပိုပြီး မမီပါဘူး၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်လို့ ပြောမလို့ပါ"

သူ၏စကားကြောင့် မွန်ကျူးမာနှင့် တုံရှမ်းရသေ့ တို့ပါမက...

ပရိသတ်အားလုံးကပင် အံ့အားသင့်ကုန်ကြလေသည်။

ဝမ်စိန်ကြည်သည် အေးအေးဆေးဆေးဖြင့် မွန်ကျူးမာနှင့် တုံရှမ်းရသေ့တို့အား အသာကလေး အနိုင်ရရှိလိုက်သည်ကို မျက်ဝါးထင်ထင် မြင်တွေ့လျက်နှင့် အဘယ်ကြောင့် သူ၏သိုင်းပညာမမီကြောင်း ဝန်ခံပြောဆို ရပါသနည်း။

သူတို့သည် အတွေးရခက်နေစဉ် ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"အမှန်တော့ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကို ရှုံးတာမဟုတ်ပါဘူး၊ မြွေစားသခင်ကို ရှုံးတာပါ၊ သူက ခင်ဗျားတို့ဟာဖိုမစားကွက်ကို အသုံးပြုလိမ့်မယ်လို့ ကြိုတင်သိထားတဲ့အတွက်



ကျုပ်ကို တမင်တကာ ပေါ့ပေါ့တန်တန် မထီမဲ့မြင်ပြုပြီး ခင်ဗျားတို့ကို စိတ်ဆိုးအောင် ပြုပြီးမှ အနိုင်ယူဖို့ သေသေချာချာ သင်ပေးလိုက်တာပါ"

အားလုံးသော လူများသည် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြလေသည်။

ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ကျုပ်ကလည်း သူ့တပည့် မဟုတ်ပါဘူး၊ သူနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့လို့ ကျုပ်ကို ဒီမှာလာပြီး ဖျန်ဖြေနိုင်းလိုက်လို့ပါ၊ ဒါကြောင့် 'ခင်ဗျားတို့ ဘာမှ စိတ်မကောင်း' မဖြစ်ပါနဲ့"

မွန်ကျူးမာနှင့် တုံရှမ်းရသေ့တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တွေဝေနေသည်။

ဝမ်စိန်ကြည် စကားဆက်လိုက်၏။

"ကျွန်တော် ခပ်ရိုင်းရိုင်း ပြောရမယ်ဆိုရင် ခင်ဗျားတို့နှစ်ယောက် မဆိုထားနဲ့ ခင်ဗျားတို့ဆရာ ဝမ်းမုကတောင် မြွေစားသခင်ကို မယှဉ်နိုင်ပါဘူးဗျာ"

မွန်ကျူးမာနှင့် တုံရှမ်းရသေ့တို့သည် ခံပြင်းသော စိတ်များအလိုလို ပပျောက်သွားလေသည်။

တုံ့ရှမ်းရသေ့က လက်အုပ်ချီလိုက်၏။

"အခုလို ကျုပ်တို့အတွက် အရှက်မရအောင် ပြောပေးတာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ"

ဝမ်စိန်ကြည်က ဝင်ချင်းချင်းအား ညွှန်ပြလိုက်၏။

"သူကတော့ မြွေစားသခင်ရဲ့သမီးပါ၊ နာမည်က ဝင်ချင်းချင်းလို့ ခေါ်ပါတယ်၊ ကျုပ်ကတော့ ဝမ်စိန်ကြည်ပါ"

မွန်ကျူးမာ... ကျောက်ကုန်းလေအား ဦးညွှတ်လိုက်လေသည်။

"ကဲ... ကျုပ်တို့ကို သွားခွင့်ပြုပါ"

သူသည် ချာခနဲလှည့်ကာ တုံ့ရှမ်းရသေ့နှင့် ထွက်ခွာသွားလေသည်။

* * *

မွန်ကျူးမာနှင့် တုံ့ရှမ်းရသေ့တို့ ထွက်ခွာသွားရာ ကျန်ရှိသော ဧည့်သည်များမှာလည်း နောက်မှ လိုက်သွားကြလေသည်။

"မေကျုန့်ဟိုနှင့် စွန်းကျုံးချင်းတို့ကလည်း လှည့်ထွက်သွားမည်အပြုတွင် ဝင်ချင်းချင်းက ဟန့်တားလိုက်သည်။

"ဒီမှာ ဓားတစ်ပိုင်း လောင်းထားတဲ့လူ ဘယ်လိုလုပ်ကြမလဲ"

ကျောက်ဝမ်းအောသည် ထပ်မံရန်စ မပွားလို၍ ဝင်ချင်းချင်းလက်ကို ဆွဲလိုက်သည်။



"အစ်ကိုကြီးရယ် ဒါတွေ ထားလိုက်ပါတော့"

ဝင်ချင်းချင်း ပြုံးလိုက်သည်။

"ရပါတယ်၊ ဒါပေမယ့် ပေပေ ခေါ်မယ့်လူက အခုထိ မခေါ်သေးဘူး၊ ဒါကို ကျုပ် မကျေနပ်ဘူး"

မေကျုန့်ဟိုနှင့် စွန်းကျုံးချင်းတို့က မနေနိုင်တော့ပါ။

မေကျုန့်ဟိုက ဝမ်စိန်ကြည်အား လက်ညှိုး ငေါက်ငေါက်ထိုး၍...

"မင်းက ဘယ်သူလဲ၊ ဓားနှစ်လက်ကို ထုတ်တန်းပစ်လွှင့်တဲ့ သိုင်းကွက်ဟာ ကျုပ်တို့ ဝါစန်းဂိုဏ်းက ခိုးသွားတာ"

လူပေစိန်းကလည်း အော်မေးလိုက်၏။

"ခုန အသုံးပြုတဲ့ ကျုပ်တို့ ဝါစန်းဂိုဏ်းက ကျားနိုင်လက်ဝါးဟာ ဘယ်က ခိုးလာတာလဲ ပြောစမ်း"

ဝမ်စိန်ကြည် ပြုံးပြလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ ခိုးရမှာလဲ"

စွန်းကျုံးချင်းက တံတွေးတစ်ချက် ထွေးလိုက်သည်။

"သူများရဲ့ သိုင်းကွက်လည်း ခိုးသေးတယ်၊ ငြင်းလည်း ငြင်းချင်သေးတယ်"

မေကျုန့်ဟိုက အေးတိအေးစက် အသံဖြင့်...

"ပြောစမ်းပါ၊ တို့ဂိုဏ်းရဲ့ သိုင်းကွက်ကို ဘယ်က သင်လ
တာလဲ"

ဝမ်စိန်ကြည်က...

"ကျုပ်က ဝါစန်းဂိုဏ်းသား တစ်ယောက်ပါ"

စွန်းကျုံးချင်းက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

"မင်း ခုနက မြွေစားသခင် ဆိုင်းဘုတ်ကိုတပ်ပြီး အ
ဝါစန်းဂိုဏ်းက ပြောပြတယ်၊ မင်းကို ရှင်းရှင်းပြောမယ်၊ ငါတို့သုံး
ယောက်က ဝါစန်းဂိုဏ်းကရှင့်"

ဝမ်စိန်ကြည်က...

"မြွေစားသခင်နဲ့ ကျုပ်နဲ့ ဘာမှမပတ်သက်ဘူးလို့ ပြောပြီး
သားပဲ၊ ကျုပ်က ဟောဒီ မြွေစားသခင်ရဲ့ သားနဲ့ သူငယ်ချင်းပါ၊
ခင်ဗျားတို့ သုံးယောက်ဟာ ဝါစန်းဂိုဏ်းသားမှန်းတော့ ကျုပ် သိပါ
တယ်၊ တို့က အချင်းချင်းတွေ မဟုတ်လား"

လူပေစိမ်း မျက်မှောင်ကုပ်သွားသည်။

"ငါတို့ဂိုဏ်းက လူဆိုရင် အားလုံးသိပါထယ်၊ မင်းကိုတော့
မသိပါလား"

စွန်းကျုံးချင်းက...

"ဘယ်သိပါ့မလဲ၊ သူက လူလိမ်ပဲ"



ဝမ်စိန်ကြည်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါကတော့ ကျုပ်နဲ့ ခင်ဗျားတို့နဲ့ မတွေ့ကြလို့ပါ"

လူပေစိမ်းက...

"ဒါဖြင့် မင်းဆရာက ဘယ်သူလဲ"

ဝမ်စိန်ကြည်က...

"ကျုပ်ဆရာက မူလိန်ချိန်းပါ၊ သိုင်းလောကသားတွေက သူ့
ကို လက်ရှစ်ဖက်လူဝံလို့ ခေါ်ကြပါတယ်"

သူ၏စကားကြောင့် မေကျန့်ဟိုတို့ လုံးဝမယုံကြည်ဘဲ ဖြစ်
သွားကြသည်။

မေကျန့်ဟိုက အေးတိအေးစက် အသံဖြင့်...

"မင်းပြောတဲ့ စကားအတိုင်းဆိုရင် မင်းက ငါတို့ရဲ့ ဦးလေး
တောင် ဖြစ်နေပြီပဲ"

ဝမ်စိန်ကြည် ရယ်မောလိုက်၏။

"ခင်ဗျားတို့လို ပုဂ္ဂိုလ်ကျော် သုံးဦးကို ကျုပ်ရဲ့ တူပါလို့
မခေါ်ဝံ့ပါဘူး ခင်ဗျာ"

မေကျန့်ဟိုက မဲ့ပြုံး ပြုံးလိုက်သည်။

"ဘာလဲ ကျုပ်တို့က ဝါစန်းဂိုဏ်းကို သိက္ခာကျအောင် လုပ်နေ
လို့လား"

သူသည် ဦးညွှတ်လိုက်၏။

"ဒါဖြင့် ဦးလေးရယ်၊ ကျုပ်တို့ တူလေး သုံးယောက်ကို အမြင်မတော်ရင် ဆုံးမလိုက်ပါဦး"

သူ၏စကားကြောင့် အားလုံးသော လူများသည် ဝေါခနဲ ပွဲကျသွားတော့သည်။

ဝမ်စိန်ကြည်က မျက်နှာထား တည်ကြည်စွာဖြင့်...

"တကယ်လို့ အစ်ကိုကြီး ကွေ့စင်းလုသာ ရှိနေမယ်ဆိုရင် ခင်ဗျားတို့ကို ဆုံးမမှာ သေချာတယ်"

မေကျန့်ဟို ဒေါသချောင်းချောင်း ထွက်လာသည်။

"ချွမ်း"

သူသည် ဓားကို ဆွဲထုတ်၏။

"ဒီမှာ မင်းစကား ဆင်ဆင် ခြင်ခြင် ပြောပါ"

ကျောက်ကုန်းလေသည် ကိစ္စများ ငြိမ်းအေးသွား၍ ဝမ်းသာနေသည်။

ထိုစဉ်...

မေကျန့်ဟိုနှင့် ဝမ်စိန်ကြည်တို့က အချင်းများနေသည်ကို တွေ့ရသဖြင့် စိုးရိမ်ပူပန်လာ၏။

"ကဲပါဗျာ အားလုံး သည်းခံကြပါဗျာ"



ဝင်ချင်းချင်းက...

"သူလောင်းကြေးရှုံးသွားပြီး ကျွန်တော်တို့ကို ပေးပေလို့ မခေါ်သေးဘူးဗျ"

ဝမ်စိန်ကြည် သူ့ဘက်သို့လှည့်၏။

ချင်းချင်း ဝင်မရှုပ်စမ်းပါနဲ့ကွာ"

သူသည် တစ်ဖန် မေကျန့်ဟိုဘက် လှည့်လိုက်၏။

"ခင်ဗျားတို့ ကျုပ်ထက် အသက်ကြီးပါတယ်ဗျာ၊ တချို့ကိစ္စကို မဆင်ခြင်ဘဲ ဝင်မရှုပ်သင့်ပါဘူးဗျာ"

"ဟား...ဟား...ဟား"

မေကျန့်ဟို ဒေါသထွက်လွန်း၍ ရယ်မောလိုက်၏။

"အောင်မာ မင်းက ငါ့ကိုတောင် ဆုံးမလာပြီ ဟုတ်လား၊ ကဲ...ပြောစမ်း ကျုပ် ဘယ်နေရာမှာ မှားသလဲ၊ ကိုယ့်မိတ်ဆွေ အခက်အခဲ ရှိတာကို ကျုပ် ဝင်မကူညီသင့်ဘူးလား"

ဝမ်စိန်ကြည် ပြုံး၏။

"ကျုပ်တို့ ဝါစန်းဂိုဏ်း စည်းကမ်းချက် ဆယ့်နှစ်ချက်ရှိတယ်၊ အဲဒီအထဲက တတိယအချက်ရယ်၊ ပဉ္စမအချက်ရယ်၊ ဆဋ္ဌမအချက်ရယ်၊ နောက်ပြီး အမှတ်စဉ် ဆယ့်တစ်အချက်က ဘာကို ဆိုထားတာလဲဗျ"

မေကျန့်ဟိုက ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်၊ စွန်ကျုံးချင်း ဓားကျိုးတစ်ပိုင်းဖြင့် ဝမ်စိန်ကြည် မျက်နှာရှိရာသို့ ပစ်လွှင့်လိုက်၏။

"ကဲ...ဝါစန်းဂိုဏ်းရဲ့ ပညာကို အသုံးပြုပြစမ်းပါ"

ဝမ်စိန်ကြည် ထိုဓားကျိုးတစ်ပိုင်း အနီးသို့ ရောက်ရှိလာတော့မှ ဘယ်ဘက်လက်ဝါးကို အပေါ်လှန်ထားပြီး ညာဘက်လက်ဝါးဖြင့် ရိုက်ချသည်။

"ဖုတ်"

ဓားကျိုးတစ်ပိုင်းကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ယူလိုက်သည်၊

"ဟောဒီသိုင်းကွက်က မယ်တော်ကို ဂါရဝပြုတဲ့ သိုင်းကွက်ပဲ ဟုတ်တယ် မဟုတ်လား"

မေကျန့်ဟိုနှင့် လူပေစိမ်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

* * *

ဝမ်စိန်ကြည် အသုံးပြုလိုက်သော သိုင်းကွက်မှာ ဝါစန်းဂိုဏ်း၏ သိုင်းကွက်ပင် ဖြစ်နေ၏။

ထို့အပြင်...



ဝမ်စိန်ကြည် အသုံးပြုခြင်းမှာ မိမိဆရာထက်ပင် သာနေသေးသည်ဟု တွေ့ရှိရ၏။

လူပေစိမ်းရှေ့သို့ ခြေတစ်လှမ်း တိုးသည်။

"မင်းအသုံးပြုတဲ့ သိုင်းကွက်ဟာ၊ တို့ဝါးစန်းဂိုဏ်းက သိုင်းမှန်ပါတယ်၊ ဒါပေမယ့် ပိုပြီး သေချာသွားအောင် ကျုပ်နဲ့ သိုင်းကွက်တစ်ကွက်နှစ်ကွက် ယှဉ်ပြိုင်ကြရအောင်"

ဝမ်စိန်ကြည် ပြုံး၏။

"အစ်ကိုကြီးကို လက်သီးဝိဇ္ဇာ သိုင်းသမားလို့ ခေါ်ကြတယ်၊ ဒါကြောင့် ကျုပ်တို့ဂိုဏ်း ကျားနိုင်လက်ဝါးကို ကောင်းကောင်း တတ်မှာပေါ့နော်"

လူပေစိမ်းသည် ဝမ်စိန်ကြည်အပေါ် အထင်မသေးဝံ့တော့ချေ။

"တတ်တော့ တတ်ပါတယ်၊ ဒါပေမယ့် ကျွမ်းကျင်တယ်လို့ မခေါ်နိုင်သေးပါဘူး"

ဝမ်စိန်ကြည်က...

"ခင်ဗျားနဲ့ အစ်ကိုကြီး ကွေ့စင်းလုနဲ့ သိုင်းပညာယှဉ်ပြိုင်မယ်ဆိုရင် သိုင်းကွက် ဘယ်နှစ်ကွက်အထိ ခံနိုင်မလဲဗျာ"

လူပေစိမ်းက...

"ပထမသိုင်းကွက် ၁၀ ကွက်လောက်တော့ ခံနိုင်ရည်ရှိ
လိမ့်မယ်၊ ဆယ်ကွက် ကျော်သွားရင်တော့ သိပ်လွယ်မယ် မထင်ဘူး"

ဝမ်စိန်ကြည် ခေါင်းညိတ်သည်။

"အစ်ကိုကြီး တွေ့စင်းလုဟာ လက်သီးသိုင်းပညာ အလွန်ထူး
ချွန်ပါတယ်၊ ခင်ဗျား ဆယ်ကွက်အထိ ခံနိုင်တယ်ဆိုရင် သိုင်းလောက
မှာ ရှားပါတယ်၊ ဒါကြောင့် ခင်ဗျားကို လက်သီးဝိဇ္ဇာလို့ ခေါ်တာ
မလွန်ပါဘူးဗျာ"

လှုပေစိမ်းက...

"ကျုပ်ကို အထင်မကြီးပါနဲ့ဗျာ၊ ကျုပ်ရဲ့ သိုင်းပညာက နုပ်
သေးတယ်"

စွန်းကျုံးချင်သည် လှုပေစိမ်းက ဝမ်စိန်ကြည်အပေါ် လေးလေး
စားစား စကားပြောနေသည်ကို ကြားလိုက်ရသောအခါ ဒေါသထွက်
လာသည်၊

"အစ်ကိုကြီး ဘယ်လို ဖြစ်သွားတာလဲ၊ သူက ကြားတာကို
ကြောက်သွားပြီလား"

ဝမ်စိန်ကြည် သူ့မ၏စကားကို နားမထောင်ဘဲ လှုပေစိမ်းအား
ပြုံးပြလိုက်သည်။

"ကျုပ်က ဝါစန်းဂိုဏ်းသား တစ်ယောက်ဖြစ်တယ်၊ နောက်



ပြီး ခင်ဗျားတို့ထက် ဝါကြီးတယ်ဆိုတာ ခင်ဗျားတို့ ယုံအောင်
ကျုပ် ဘာလုပ်ပေးရမလဲ"

လှုပေ့စိမ်းက...

"ကျုပ်ကတော့ ခင်ဗျားနဲ့သိုင်းကွက် အနည်းငယ် ယှဉ်ပြိုင်
ချင်ပါတယ်၊ ကျုပ်ထက် အမှန်တကယ် သာတယ်ဆိုရင်"

ဝမ်စိန်ကြည်က ကြားဖြတ် ပြောလိုက်၏။

"ဒါလွယ်ပါတယ်၊ ခင်ဗျားက ကျုပ်ရဲ့သိုင်းကွက် ငါးကွက်ကို
ခုခံနိုင်တယ်ဆိုရင် ကျုပ်က အတုလို့ ဝန်ခံမယ်၊ မကောင်းဘူးလား"

မေကျုန့်ဟိုသည် ဝမ်စိန်ကြည်က လှုပေ့စိမ်းအား သိုင်းကွက်
ငါးကွက်နှင့် အနိုင်ယူမည်ဟု ကြားလိုက်ရသောအခါ ကြိတ်၍ရယ်
မိလေသည်။

သူသည် ကမန်းကတန်း ကြားဖြတ်လိုက်သည်။

"ကောင်းပြီး ကျုပ်က သက်သေလုပ်မယ်"

လှုပေ့စိမ်းသည် ဝမ်စိန်ကြည်အား လက်နှစ်ဖက်ဆုပ်၍ အရို
အသေ ပြုလိုက်သည်။

"ကျုပ်ရဲ့သိုင်းပညာ ညံ့ဖျင်းတယ်ဆိုရင် ကျေးဇူးပြုပြီး ညွှန်
တာပါ ခင်ဗျာ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ကျုပ်ရဲ့ ပထမသိုင်းကွက်ကတော့ မိုးအောက်မြေပြင် ဖြစ်ပါတယ်။ ခင်ဗျား သတိထားပေတော့"

✸ ✸ ✸

လူပေစိမ်းက ကြောင်အမ်းအမ်း ဖြစ်သွား၏။

သိုင်းပညာချင်း ယှဉ်ပြိုင်သည့်နေရာတွင် မိမိ တိုက်ခိုက်မည့် သိုင်းကွက်ကို အခြားသူသိအောင် ဖွင့်ပြောခြင်းမှာ...

လိမ်ညာပြောခြင်းသာ ဖြစ်မည်ဟု ထင်မိလိုက်၏။

ထို့ကြောင့်...

သူသည် ဘယ်ဘက်လက်ဝါးဖြင့် မျက်နှာပေါ်သို့ ကာကွယ်ထားပြီး ညာဘက်လက်သီးဆုပ်ကာ ဝမ်းဗိုက်ကို ကာကွယ်ထားသည်။

ဝမ်စိန်ကြည်က...

"ကဲ... ကျုပ်ရဲ့ ပထမသိုင်းကွက်လာပြီ"

သူ၏ ဘယ်ဘက်လက်ဝါးသည် ဟန်ပြ၍ ဇော့ယမ်းလိုက်လေသည်။

ညာဘက်လက်ဝါးဖြင့် လူပေစိမ်း၏ မျက်နှာပေါ်သို့ ထိုးဖောက်ဝင်ရောက်လာသည်။



သူအသုံးပြုလိုက်သော သိုင်းကွက်မှာ ဝါစန်းဂိုဏ်း၏ ထိပ်တန်းသိုင်းကွက်များအနက်...

မိုးအောက်မြေပြင် သိုင်းကွက်သာ ဖြစ်သည်။

လူပေစိမ်းက ညာဘက်လက်ဝါးဖြင့် ခံပေးလိုက်သည်။

ဝမ်စိန်ကြည်၏ လက်သီးသည် လူပေစိမ်း၏ မျက်နှာရှေ့သို့ ရောက်ရှိလာသောအခါ ရုတ်တရက် ရပ်တန့်သွား၏။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ် ပြောတာကို မယုံကြည်ရတာလဲဗျ။ လက်ဝါးတစ်ဖက်နဲ့ တားလို့မရရင် နှစ်ဖက်လုံး တားရမှာပေါ့"

လူပေစိမ်းက ဘယ်ဘက်လက်ဝါးပါ ဆန့်တန်းလိုက်ပြီး "တောင်ကြီးပြိုလဲ"သိုင်းကွက်ဖြင့် ခံပေးလိုက်လေသည်။

ဝမ်စိန်ကြည် ယခုမှ လက်သီးထိုးသွင်းလိုက်ရာ သူ၏ လက်ဝါးနှစ်ဖက်နှင့် ထိမှန်သွား၏။

သူသည် ပြန်လည် နောက်ဆုတ်သွားသည်။

"ကျုပ်ရဲ့ နောက်ထပ် သိုင်းကွက်သုံးကွက်ကို တစ်ချိန်တည်း အသုံးပြုလိုက်မယ်၊ အဲဒီသိုင်းကွက်ကတော့ "ခံတပ်သုံးတန် သိုင်းကွက်၊ "ငါးကလေးနဲ့ငါးကြီးများ"၊ "သံမဏိကြိုးအမြီးပြတ် ဖြစ်တယ်၊ ခင်ဗျား ဘယ်လို ခုခံမလဲ"

လူပေစိမ်းက...

"ကျုပ်က "ပိတ်ဆို့လက်"၊ "တိမ်တိုက်တိမ်လိပ်"၊ "ပန်းသတင်း လေညင်းဆောင်" သိုင်းကွက်ကို အသုံးပြုမှာပေါ့"

ဝမ်စိန်ကြည်က...

"ပထမသိုင်းကွက်နဲ့ ဒုတိယသိုင်းကွက်ကတော့ မှန်ပါတယ်၊ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင် သိုင်းကွက်ကို အသုံးပြုရင် မှားမှာပေါ့"

လူပေစိမ်းက...

"ဘာဖြစ်လို့လဲ"

ဝမ်စိန်ကြည်က...

"ပန်းသတင်း လေညင်းဆောင်သိုင်းကွက်က ခုခံအားနည်းတယ်၊ ငါရဲ့ သံမဏိကြိုးအမြီးပြတ် သိုင်းကွက်ကို ခံနိုင်မှာမဟုတ်ဘူး" သည်။ လူပေစိမ်းက...

"ဒါဖြင့် ကျုပ်က မြေပြင် အမြစ်သွယ်သိုင်းကွက်ကို အသုံးပြုဘာ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဒီသိုင်းကွက်ကို အသုံးပြုမှ မှန်မယ်"

သူသည် ပြောရင်း ညာဘက်လက်ဝါးကို မြှောက်လိုက်သည်၊

"လာပြီ သတိထားပေတော့"



လူပေစိမ်းက ခုခံရန် ဟန်ပြင်လိုက်၏။

ဝမ်စိန်ကြည်က ညာဘက်လက်မြှောက်ထားပြီး ခုတ်ရခြင်း မပြုဘဲ ဘယ်ဘက်လက်ဝါးဖြင့် ရုတ်တရက် ခုတ်ချလိုက်လေသည်။

သူသည် တစ်ဆက်တည်း ရှင်းပြလိုက်၏။

"သိုင်းပညာဟာ ပုံသေမထားရဘူး၊ ဆရာသင်ပေးလိုက်တဲ့ ခံတပ်သုံးတပ် သိုင်းကွက်ကတော့ ညာဘက်လက်ကို အသုံးပြုထားပေမယ့် ဘယ်ဘက်လက်ဝါးကိုလည်း အသုံးပြုနိုင်ပါတယ်"

သူသည် ပြောပြီး တိုက်ခိုက်လိုက်၏။

လူပေစိမ်းက ပြန်လည်ခုခံလိုက်၏။

ဝမ်စိန်ကြည်က...

"ကျုပ်ရဲ့ ပဌမသိုင်းကွက်ကတော့ ကျောက်ခွဲ လက်ဝါးရဲ့ အသင့်ပြင်အနေအထားပါပဲ"

လူပေစိမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဝမ်စိန်ကြည် ပြုံးပြလိုက်၏။

"အသင့်ပြင် အနေအထားကို အထင်မသေးပါနဲ့၊ တိုက်ခိုက်တဲ့အကွက် မဟုတ်ဘူးလို့ ထင်နေရင်မှားမယ်၊ ကျုပ်တို့ ဝါစန်းဂိုဏ်းတည်ထောင်တဲ့ ဂိုဏ်းချုပ်ကြီး ဒီသိုင်းကွက်များကို တီထွင်စဉ်က သိုင်းကွက်တိုင်းမှာ ရန်သူကို တိုက်ခိုက်တဲ့အကွက်ပါပဲ"

သူသည် ပြောရင်း အသင့်ပြင် အနေအထားဖြင့်...

"ကဲ... မယုံရင်ကြည့်နေ"

သူသည် ပြောပြီး ခန္ဓာကိုယ်အနည်းငယ် ရှေ့သို့ကိုင်းလိုက်၍ ညာဘက်လက်သီး ဘယ်ဘက်လက်ဝါးဖြင့် အရှိအသေ ပြလိုက်သည်။

ယင်းသို့...

အလေးပြုရင်း တစ်ဆက်တည်း လက်သီးတစ်ဖက်နှင့် လက်ဝါးတစ်ဖက်ဖြင့် လူပေစိမ်း၏ ပေါင်ပေါ်သို့ ရိုက်ချလိုက်သည်၊

လူပေစိမ်းက ရပ်တန့်၍ မရတော့ပေ။

"ဝုန်း..."

သူ၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားလေသည်၊

ဝမ်စိန်ကြည်က သွားရောက်၍ အချိန်မီ ဖမ်းဆွဲထားလိုက်သောကြောင့် မြေပေါ်သို့ လဲကျမသွားချေ။

* * *

လူပေစိမ်းက ဒူးထောက်လိုက်သည်။

"ကျွန်တော် အမှားသိပါပြီ၊ ကျွန်တော့်ကို လွှန်တာရှိရင် ခွင့်လွှတ်ပါဗျာ"



ဝမ်စိန်ကြည် ဖေးထူလိုက်သည်။

"ဒီလိုမလုပ်ပါနဲ့ဗျာ၊ ခင်ဗျားက ကျုပ်ထက် အသက်ကြီးပါတယ်"

လူပေစိမ်းက...

"ခုန သိုင်းကွက် ၅ ကွက် ရှင်းပြတဲ့အတွက် ကျုပ်ဖြင့် ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ"

လူပေစိမ်းက ဝမ်စိန်ကြည်အပေါ် လေးလေးစားစား ရိုရိုသေသေ ဂါရဝပြုသည်ကို တွေ့မြင်ရသဖြင့် မယုံဘဲ မနေနိုင်တော့ပေ။

သို့သော်...

မေကျွန့်ဟိုက မိမိ၏ဓားပညာကို အထူးယုံကြည်နေသဖြင့် ၎င်းဝမ်စိန်ကြည်မှာ အခြားပညာတော်ပြီး ဓားပညာ ကျွမ်းကျင်လိမ့်မည် မဟုတ်ဟု ယုံကြည်၏။

ထို့ကြောင့်...

တွေဝေစဉ်းစားနေ၏။

ဗွန်းကျုံးချင်းက...

"အစ်ကိုကြီး သူ့ကို ဓားပညာနဲ့ စမ်းကြည့်ပါဦးလား"

ဟု တိုက်တွန်းရာ...

မေကျွန့်ဟို ခေါင်းညိတ်လိုက်၏။

"ကောင်းသားပဲ"

သူသည် ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"ကျုပ်က စားပညာ စမ်းကြည့်ချင်ပါသေးတယ်"

သူ၏လေသံသည် ယခင်ကထက် ပျော့ပျောင်းသွားသည်။

သို့သော်...

မျက်နှာပေါ်တွင် မာန်မာန အရိပ်အငွေ့များ ရှိနေသေးသည်။

ဝမ်စိန်ကြည် ဆင်ခြင်မိသည်။

"ဒီလူက သိုင်းပညာတော်ပြီး တစ်ခါမှ အရှုံးနဲ့ မကြုံခဲ့ဖူးလို့နဲ့ တူတယ်၊ အပေါင်းအသင်း မြှောက်ပေးတာနဲ့ မာန်မာနထောင်လွှား နေတာ ဖြစ်ရမယ်၊ သူ့ကိုတော့ နောင်ကြဉ်သွားအောင် ဆုံးမမှ ဖြစ်တော့မယ်"

သူသည် ယင်းသို့တွေးပြီးနောက် မေကျန့်ဟိုအား တစ်ချက် ကြည့်လိုက်လေသည်။

"စားချင်းယှဉ်လို့တော့ ရပါတယ်၊ ဒါပေမယ့် မင်းရှုံးသွားရင် ကျုပ်စကားကို နားထောင်ရလိမ့်မယ်"

မေကျန့်ဟိုက ရင်ကော့လိုက်လေသည်။

"အရှုံးအနိုင် မပြောနိုင်သေးပါဘူး၊ ပြောစရာရှိတာ နောက်မှ ပြောပါ"



သူသည် ပြောပြီးသည်နှင့် တိုက်ခိုက်ရန် နေရာယူလိုက်လေ သည်။

လူပေစိမ်းက ကြားဖြတ်လိုက်သည်။

"အစ်ကိုကြီး၊ မေကျန့်ဟို အောက်ဘက်မှာ နေရတယ်ဗျ"

မေကျန့်ဟိုသည် မကြားလိုက်သည့်အလား အထက်စီးမှ ပြုံးရယ်နေ၏။

အမှန်မှာ ဝါစန်းဂိုဏ်း၏ စည်းကမ်းချက်သည် မိမိထက် ကြီးသောလူနှင့် အချင်းချင်း စားယှဉ်ပြိုင်လျှင် တစ်ဖက်လူအား လေးစားသည့်အနေဖြင့် အောက်ဘက်မှာ နေရာယူရသည်။

ယခု...

မေကျန့်ဟို ယူထားသောနေရာမှာ ဝမ်စိန်ကြည်အား မိမိထက် ကြီးသည်ဟု အသိအမှတ် မပြုသည်မှာ ထင်ရှားလှပေသည်။

သူသည် အသင့်အနေအထား ပြင်ထားပြီးမှ ဝမ်စိန်ကြည်အား ကြည့်လိုက်သည်။

"ခင်ဗျားလည်း စားယူလိုက်ပါ"

ဝမ်စိန်ကြည်က ကျောက်ကုန်းလေဘက်သို့ လှည့်လိုက်သည်။

"ကျေးဇူးပြုပြီး စားဆယ်လက်လောက် ယူခဲ့ပါဗျာ"

ကျောက်ဝမ်းအော့က လက်ဝှေ့ယမ်းပြလိုက်သည်နှင့် အောက်

လက်ငယ်သားများသည် ဓားဆယ်လက်ကို စုဆောင်း၍ လာ...

ပို့သွားလေတော့သည်။

ဝမ်စိန်ကြည်မှာမူ ထိုဓားဆယ်လက်အား လုံးဝအသုံးမပြု...

ရှန်းကျုံးချင်း၏ ရှန်းကျုံးချင်း၏ ဓားကျိုးတစ်ပိုင်းကို ကောက်...

လိုက်သည်။

"ကျုပ်က ဒီဓားကိုပဲ အသုံးပြုမယ်"

သူ၏ ၊စကားကြောင့် အားလုံးက အံ့ဩသွားကြ၏။

၎င်းဓားကျိုးမှာ လက်ကိုင်မရှိသဖြင့် မည်သို့မျှ အသုံးမပြုနိုင်...

ဖြစ်နေသည် မဟုတ်ပါလော။

မေကျုန့်ဟိုမှာမူ ဒေါသခြောင်းခြောင်း ထွက်လာလေသ...

ဝမ်စိန်ကြည်က မိမိအပေါ် စော်ကားသည်ဟု ထင်မိ...

သည်။

ဝမ်စိန်ကြည်သည် ဓားကျိုးကို လက်မနှင့် လက်ညှိုးကြား...

ညှပ်၍ မေကျုန့်ဟိုအား ပြုံးပြသည်။

ကဲ... ခင်ဗျား တိုက်နိုက်နိုင်ပါပြီ"

✸ ✸ ✸

မေကျုန့်ဟို မဲပြုံး ပြုံးလိုက်သည်။



သူသည် လက်တစ်ဖက်ဖြင့် ဝမ်စိန်ကြည်၏ ညာဘက်လက်

ကောက်ဝတ်သို့ ထိုးသွင်းလိုက်သည်။

အားလုံးသော လူများသည် ဝမ်စိန်ကြည်က ဓားကျိုးဖြင့်

မည်ကဲ့သို့ ခုခံမည်ကို အာရုံစူးစိုက်၍ ကြည့်ရှုနေကြသည်။

မေကျုန့်ဟို၏ ဓားသည် ဝမ်စိန်ကြည်၏ လက်ကောက်ဝတ်သို့

မရောက်မီ အချိန်တွင်...

ဝမ်စိန်ကြည်က ရုတ်တရက် ဓားကျိုးဖြင့် ခံပေးလိုက်သည်။

"ခြွမ်း"

မေကျုန့်ဟို လက်ထဲမှဓားသည် ထက်ပိုင်းကျိုးသွားလေသည်။

အားလုံးသော လူများသည် အံ့ဩထိတ်လန့်စွာဖြင့် တစ်

ယောက်မျက်နှာ တစ်ယောက် ကြည့်နေ၏။

ဝမ်စိန်ကြည်က စားပွဲပေါ်၌ ချထားသော ဓားဆယ်လက်ကို

ညွှန်ပြလိုက်သည်။

"ခင်ဗျားအတွက် ကျုပ်ဓားဆယ်လက် စီစဉ်ထားတယ်၊

ကြိုက်တဲ့ ဓားတစ်လက် လဲလိုက်ပါ"

မေကျုန့်ဟို ထိတ်လန့်ခံပြင်းလာသည်။

သူသည် စားပွဲပေါ်မှ ဓားတစ်လက်ကို ကောက်ယူလိုက်ပြီး

ဝမ်စိန်ကြည်၏ အောက်ပိုင်းသို့ ထိုးသွင်းလိုက်သည်။

ဝမ်စိန်ကြည်က မေကျန့်ဟို၏ တိုက်ကွက်မှာ ဟန်ပြသိုင်းကွက် ဖြစ်သည်ကို ကြိုတင်သိထားသဖြင့် ခုခံခြင်း မပြုပါ။

မေကျန့်ဟိုသည် ဝမ်စိန်ကြည် အောက်ပိုင်းသို့ ဟန်ပြပြီး တိုက်ခိုက်သော်လည်း ရုတ်တရက် သိုင်းကွက် ပြောင်းသွားပြီး ဝမ်စိန်ကြည် ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်သည်။

ဝမ်စိန်ကြည်က ဓားကျိုးဖြင့် ခုခံလိုက်သည်။

"ခြွမ်း"

မေကျန့်ဟို၏ ဓားသည် ထက်ပိုင်းကျိုးသွား ပြန်သည်။

မေကျန့်ဟို မခံမရပ်နိုင် ဖြစ်လာသည်။

သူသည် ဓားသုံးလက် ထပ်မံလဲလိုက်သည်။

သို့သော်...

ဓားသုံးလက်စလုံးကိုလည်း ဝမ်စိန်ကြည် လက်ထဲမှ ဓားကျိုးက ရိုက်ချိုးလိုက်သည်။

သူသည် ငေးငိုင်သွားပြီး မလှုပ်မယှက် ရပ်နေလေသည်။

စွန်းကျုံးချင်းက ထအော်လိုက်သည်။

"ဒါက ဓားယှဉ်ပြိုင်တာမှ မဟုတ်ဘဲ၊ မဟုတ်တဲ့ နည်းလမ်းနဲ့ အနိုင်ယူတာ"

ဝမ်စိန်ကြည်က ဓားကျိုးကို လွှင့်ပစ်လိုက်သည်။



ဓားပွဲပေါ်မှ ဓားနှစ်လက်ကို ယူလိုက်ပြီး ဓားတစ်လက်ကို မေကျန့်အား ပစ်ပေးလိုက်သည်။

သူသည် စွန်းကျုံးချင်းဘက်သို့ လှည့်လိုက်၏။

"မင်းက ဝါစန်းဂိုဏ်းကဖြစ်ပြီး ငါအသုံးပြုတဲ့ သိုင်းပညာကိုတောင် နားမလည်တာ မရှက်ဘူးလား"

ထိုစဉ်...

မေကျန့်ဟိုသည် ဝမ်စိန်ကြည် အလစ်တွင် လက်ထဲမှ ဓားဖြင့် ဝမ်စိန်ကြည်ထံသို့ ထိုးသွင်းလိုက်သည်။

"သတိထား"

ဝမ်စိန်ကြည်က ဘေးသို့ ရှောင်တိမ်း ပေးလိုက်၏။

"သတိထား"

သူသည် ယင်းသို့ ပြန်လည်သတိပေးရင်း သူ၏ ဓားသည် မေကျန့်ဟို အသုံးပြုသော သိုင်းကွက်အတိုင်း တိုက်ခိုက်လိုက်သည်။

မေကျန့်ဟိုသည် ဝမ်စိန်ကြည် ရှောင်တိမ်းလိုက်သည့်အတိုင်း ခန္ဓာကိုယ်အား ဘေးသို့ ရှောင်တိမ်းလိုက်၏။

သို့သော်...

ဝမ်စိန်ကြည်က ရုတ်တရက် တစ်ပတ်လှည့်လိုက်ပြီး သူ၏ ဓားသည် မေကျန့်ဟို၏ နောက်ကျောသို့ ထောက်မိသွားသည်။

သူသည် ရှေ့သို့ ရှောင်တိမ်းလိုက်သည်။

သို့သော်...

ဝမ်စိန်ကြည်၏ ဓားက သူ၏ နောက်ကျောတွင် ထောက်ထားမြဲ ထောက်ထားနေသည်။

မေကျွန့်ဟိုက အနေအထား အမျိုးမျိုး ရှောင်တိမ်းလိုက်သော်လည်း ဝမ်စိန်ကြည်၏ ဓားများသည် သူ၏နောက်ကျောတွင် မခွာဘဲ ထောက်ထားမြဲပင် ဖြစ်နေသည်။

အကယ်၍သာ...

ဝမ်စိန်ကြည်က ဓားကို ရှေ့သို့ ထိုးသွင်းလိုက်လျှင် မေကျွန့်ဟို၏အသက်မှာ ရှိမည် မဟုတ်တော့ပါ။

ဝမ်စိန်ကြည်သည် မေကျွန့်ဟို၏ တစ်ကိုယ်လုံး ချွေးများ စိုရွှဲလာသည်ကို တွေ့ရသဖြင့် ဓားကို ပြန်လည် ရုပ်သိမ်းလိုက်သည်။

"ဒါက တို့ဝါစန်းဂိုဏ်းရဲ့ ဓားပညာ တစ်ကွက်ပါပဲ၊ ခင်ဗျား မသိဘူးလား"

မေကျွန့်ဟိုက မောဟိုက်စွာဖြင့် ခေါင်းညိတ်လိုက်၏။

"ဒီသိုင်းကွက်က အရိုးပေါ်ကပ်နေသော လောက်ကောင်"

ဝမ်စိန်ကြည် ရယ်မောလိုက်၏။



"ဟုတ်တယ် နာမည်ဆိုးသလောက် အလွန်ထက်မြက်တယ်ဗျ"

ဝင်ချင်းချင်းက ကြားဖြတ်၍ အော်လိုက်သည်။

"ဘယ်လိုလဲ ခင်ဗျားက အရိပ်မဲ့ သိုင်းသမား နာမည်ရထားတယ် မဟုတ်လား၊ အခုတော့ ဘာဖြစ်သွားပြီလဲ"

မေကျွန့်ဟို မခံမရပ်နိုင် ဖြစ်လာသည်။

သူသည် တတ်ထားသော ဓားပညာရပ်များကို အသုံးမပြုဘဲ ရှုံးနိမ့်သွားသဖြင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်လာသည်။

သူသည် ဝမ်စိန်ကြည်အား ထပ်မံ စိန်ခေါ်လိုက်၏။

"ကျုပ်တို့ ဓားချင်း ရိုးရိုး ယှဉ်ပြိုင်ရအောင်၊ ခင်ဗျားလို ပညာမျိုးစုံကို ကျုပ် မတတ်ဘူးဗျာ"

ဝမ်စိန်ကြည်က...

"ခင်ဗျား အထင်လွဲနေပြီ၊ ကျုပ် အသုံးပြုတဲ့ ဓားကွက်တွေ အားလုံးဟာ တို့ဝါစန်းဂိုဏ်းရဲ့ ပညာတွေပါပဲ"

သူသည် ပြုံး၍ စကားဆက်လေ၏။

"ကောင်းပြီလေ၊ ခင်ဗျား ကျေနပ်အောင် ထပ်မံယှဉ်ပြိုင်ပါမယ်"

သူသည် ပြောပြီး ဓားဖြင့် တိုက်ခိုက်လိုက်၏။

မေကျုန့်ဟိုက ဓားဖြင့် ခုခံလိုက်သည်။

သူသည် ဓားကို ရုပ်သိမ်းလိုက်ပြီးနောက် ပြန်လည်တိုက်
ရန် ဟန်ပြင်လိုက်ရာ အဘယ်ကြောင့်မှန်းမသိ၊ မိမိ၏ ဓား
ဝမ်စိန်ကြည်ဓားနှင့် ကပ်လျက် ခွာမရဘဲ ဖြစ်နေ၏။

ဝမ်စိန်ကြည်က ဓားကို ဇွေ့ယမ်းလိုက်ရာ မေကျုန့်ဟို
ဓားသည် လက်မှလွတ်ပြီး လွင့်စဉ်သွားသည်။

ဝမ်စိန်ကြည် ပြုံးလိုက်၏။

နောက်ထပ် ကြိုးစားကြည့်ချင်သေးလား"

မေကျုန့်ဟိုက စကားတစ်ခွန်းမှ မပြောဘဲ ဓားပွဲပေါ်မှ ဓား
ကောက်ယူလိုက်ပြီး...

ဝမ်စိန်ကြည်အား သဲသဲမဲမဲ တိုက်ခိုက်လိုက်၏။

ဤတစ်ကြိမ်...

သူသည် ဝမ်စိန်ကြည်၏ ဓားနှင့်မထိမိရန် ရှောင်တိမ်းလို
သည်။

ဝမ်စိန်ကြည်က သူ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

မေကျုန့်ဟိုက ကမန်းကတန်း ဓားဖြင့် ခံပေးလိုက်တော့သည်

ဓားနှစ်လက် ထိတွေ့သွားသည်နှင့် ဝမ်စိန်ကြည်က ဓား
ဇွေ့ယမ်းလိုက်သည်။



သူ၏ဓားသည် လက်ထဲမှ လွတ်ထွက်သွားပြန်လေတော့
သည်။

သူသည် နောက်ထပ်ဓားကို လှမ်းယူရန် ဟန်ပြင်လိုက်ပြန်
သည်။

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

"အခုထိ မင်းက ဘဝင်မကျသေးဘူးလား

သူသည် ဓားကို နှစ်ချက်တိတိ တိုက်ခိုက်လိုက်၏။

မေကျုန့်ဟိုက ခန္ဓာကိုယ်ကို နောက်သို့လှည့်၍ ရှောင်တိမ်း
လိုက်သည်။

ဝမ်စိန်ကြည်က ခြေထောက်ဖြင့် အသာအယာချိတ်လိုက်ရာ...

"ဝုန်း"

မေကျုန့်ဟိုသည် ပက်လက်လန် လဲကျသွား၏။

ဝမ်စိန်ကြည်က ဓားဖြင့် သူ၏ လည်မျိုသို့ ချိန်ရွယ်ထားသည်။

"မင်း အရှုံးပေးပြီလား"

မေကျုန့်ဟိုသည် သူ၏တစ်သက်တာမှာ ယင်းကဲ့သို့ အရှက်
မရဘူးသဖြင့် ဒေါသထွက်လွန်း၍ သတိပင် လစ်သွားတော့သည်။

* * *

စွန်ကျုံးချင်းသည် မေကျန့်ဟို သေဆုံးသွားပြီဟု ထင်မှတ်ကာ ဝမ်စိန်ကြည်ထံသို့ ခုန်အုပ်လိုက်၏။

"ကျွန်မကိုပါ သတ်လိုက်"

ဝမ်စိန်ကြည်သည် မေကျန့်ဟို မလှုပ်မယှက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွားသည်။

"ဒုက္ခပဲ၊ သူသေသွားရင် သူ့ဆရာကို ဘယ်လို ရှင်းပြရပါမလဲ"

သူသည် ကမန်းကတန်း မေကျန့်ဟို၏ ခန္ဓာကိုယ်အား စစ်ဆေးကြည့်လိုက်၏။

မေကျန့်ဟိုမှာ နှလုံးခုန်နေသေးသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

သူသည် သွေးကြောအား ထောက်ပေးလိုက်တော့မှ မေကျန့်ဟိုက သတိရလာသည်။

ထိုစဉ်...

စွန်ကျုံးချင်းက လက်သီးဖြင့် ဝမ်စိန်ကြည် ကျောပေါ်သို့ ထုရိုက်နေ၏။

ဝမ်စိန်ကြည်က လှည့်မကြည့်ဘဲ မေကျန့်ဟို၏ သွေးကြောများကို ဖြေပေးနေ၏။



ဝင်ချင်းချင်းနှင့် လူပေစိမ်းတို့ စွန်ကျုံးချင်းအား ဆွဲဖယ်လိုက်၏။

စွန်းကျုံးချင်းမှာမူ မြေပေါ်သို့ ထိုင်ချလိုက်ပြီး ငိုကြွေးလိုက်သည်။

ထိုစဉ်...

မေကျန့်ဟိုက ထထိုင်နိုင်ပြီ ဖြစ်၏။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး...

ကျုပ်ကို သတ်လိုက်ပါတော့"

လူပေစိမ်းက...

"ဒီလို မမိုက်ပါနဲ့ဗျာ၊ သူက တို့ထက် ဝါကြီးတယ် မဟုတ်လား၊ ဆုံးမတာကို လက်ခံရမှာပေါ့"

ဝင်ချင်းချင်းက စွန်းကျုံးချင်းအား ပြုံးပြလိုက်သည်။

"သူက မသေဘဲ မင်းက ဘာဖြစ်လို့ ငိုနေရတာလဲ"

စွန်းကျုံးချင်းသည် ဒေါသ ချောင်းချောင်း ထွက်လာသည်။

ထိုင်ရာမှ ထခုန်လိုက်ပြီး လက်သီးဖြင့် ဝင်ချင်းချင်းအား တိုက်ခိုက်လိုက်သည်။

သူမသည် ဝါစန်းဂိုဏ်း၏ ထိပ်တန်းသိုင်းသမား တစ်ဦးဖြစ်၏။

သူမ၏လက်သီးသည် အလွန်လျင်မြန်ပြီး ပြင်းထန်လှသည်။

ဝင်ချင်းချင်းက ရှောင်တိမ်းနိုင်စွမ်း မရှိတော့ဘဲ ပခုံးအား ထိမှန်သွားပြီး နာကျင်သော ဝေဒနာ ခံစားလိုက်ရသည်။

ဝင်ချင်းချင်းက တုံ့ပြန်ရန် ဟန်ပြင်လိုက်သည်။

"အောင်မယ်လေးရှင့်"

စွန်းကျုံးချင်းက ရုတ်တရက် စူးရှစွာ အော်လိုက်ပြီး ခါးကုန်းသွားလေသည်။

ဝင်ချင်းချင်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မင်းက ငါ့ကိုထိုးပြီး ဘာဖြစ်လို့ အော်နေရတာလဲဗျ"

ဝမ်စိန်ကြည်က သူ့အား မျက်ရိပ်ပြလိုက်တော့မှ ဝင်ချင်းချင်းက စကားဆက်မပြောဘဲ ရပ်သွားတော့၏။

သူသည် စွန်းကျုံးချင်းအား ကြည့်လိုက်ရာ...

စွန်းကျုံးချင်း၏ လက်သီးနှစ်ဖက်သည် ယောင်ကိုင်းနေသည်ကို တွေ့ရ၏။

အမှန်မှာ သူမသည် ဝမ်စိန်ကြည်၏ ကျောပြင်ကို ထုရိုက်နေစဉ်တုန်းက...

ဝမ်စိန်ကြည်က ကျောပေါ်သို့ အတွင်းအားများ စုစည်းပေးထားသောကြောင့် သူမ၏ လက်သီးများ ယောင်ကိုင်းသွားခြင်း ဖြစ်သည်။



သို့သော်...

ပထမတွင် နာကျင်သော ဝေဒနာ မခံစားရသဖြင့် အမှတ်တမဲ့ ဖြစ်ပြီး မသိလိုက်ချေ။

သူသည် ဝင်ချင်းချင်းအား ထပ်မံထိုးလိုက်တော့မှ နာကျင်သော ဝေဒနာကို ခံစားလိုက်ရခြင်း ဖြစ်သည်။

အားလုံးသော လူများသည် ဤအကြောင်းကို မသိကြချေ။

ဝင်ချင်းချင်းမှာ မြွေစားသခင်၏ သားဖြစ်သောကြောင့် သိုင်းပညာ အလွန်ထက်မြက်၍ စွန်းကျုံးချင်း ခံလိုက်ရခြင်း ဖြစ်သည်ဟု ထင်မှတ်ကြသည်။

ထိုစဉ်...

မေကျန့်ဟိုက ထိုင်ရာမှ ထလိုက်သည်။

သူသည် ဝမ်စိန်ကြည်အား ဦးညွှတ်၍ တောင်းပန်လိုက်သည်။

"ကျွန်တော် ပြုမိတာကို တောင်းပန်ပါတယ်ဗျာ၊ စွန်းကျုံးချင်းကို ဖြေပေးလိုက်ပါလို့ တောင်းပန်ပါတယ်"

ဝမ်စိန်ကြည်က...

"ခင်ဗျား အပြစ်ကို ခင်ဗျား သိပြီလား"

မေကျွန့်ဟို ခေါင်းငုံ့ထားသည်။

"ကျွန်တော် စာနစ်ဆောင်ကို ဆုတ်ဖြဲမိလို့ မှားပါပြီဗျာ"

ဝမ်စိန်ကြည်က...

"နောင် ခင်ဗျား ဘာပဲလုပ်လုပ် စဥ်းစဥ်းစားစား လုပ်စေချင်တယ်"

မေကျွန့်ဟိုက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော် နာခံပါမယ်"

ဝမ်စိန်ကြည်က...

"မှန်ကျူးမှာက တစ်ချိန်တုန်းက ဒီအကြောင်းကို မသိလို့ သူ့အစ်ကိုအတွက်လာပြီး ကလဲ့စားချေတာ အပြစ်မဆိုသာပါဘူး"

သူသည် အားလုံးတို့ကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"ဟောဒီမှာ ရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေက လာပြီး ကူညီတာကိုလည်း အပြစ်မဆိုသာပါဘူး၊ အခုတော့ ကိစ္စ ရှင်းလင်းသွားပြီ ဖြစ်တဲ့အတွက် အားလုံးက ပြေပြေလည်လည် ဖြစ်သွားတာကို တွေ့ရတော့ ဝမ်းသာစရာ ကောင်းပါတယ်၊ ဒါပေမယ့်...

သူသည် မေကျွန့်ဟိုအား စိုက်ကြည့်လိုက်၏။

"ဒါပေမယ့် ခင်ဗျားဟာ မလုပ်သင့်တာကို လုပ်တဲ့အတွက် အလွန်ပဲ မှားပါတယ်ဗျာ"



မေကျွန့်ဟို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျွန်တော် ဘယ်နေရာမှာ မှားတယ်ဆိုတာ အမိန့်ရှိပါ"

ဝမ်စိန်ကြည်က...

"တို့ ဝါစန်းဂိုဏ်းရဲ့ စည်းကမ်း တတိယအချက်ဟာ ဘာကို ဆိုလိုတာလဲ"

မေကျွန့်ဟိုက...

"လူတစ်ယောက်ကို အကြောင်းမဲ့ ထိခိုက်နစ်နာအောင် မလုပ်ရဘူး"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မေကျွန့်ဟိုက...

"ခုနတုန်းက ခွန်းကျူးချင်းက ကျောက်ကုန်းလေရဲ့တပည့် တစ်ယောက်ရဲ့လက်ကို ဖြတ်ပစ်တာ မှားပါတယ်၊ ဒါကိုလည်း လျော်ကြေးပေးပါ့မယ်"

ကျောက်ကုန်း၏ ဘက်တော်သားတစ်ယောက်က အော်ပြောလိုက်သည်။

"လက်တစ်ဖက် ပြတ်တာကို ငွေနဲ့လျော်လို့ ပြီးသလား"

ဝမ်စိန်ကြည် တစ်ဖက်သို့လှည့်၍ ပြောလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ဒါကြောင့် သူရဲ့ဒဏ်ရာ ပျောက်သွားတဲ့အခါမှာ ကျုပ်က လက်တစ်ဖက်နဲ့ အသုံးပြုတဲ့ သိုင်းပညာကို သင်ကြားပေးပါ့မယ်လို့ ကတိပေးပါတယ်၊ ဒီပညာက ကျုပ်တို့ ဝါစန်းဂိုဏ်းရဲ့ပညာ မဟုတ်တဲ့အတွက် ကျုပ်က ခွင့်မတောင်းဘဲ သင်ပေးလို့ ရပါတယ်"

ကျောက်ကုန်းလေ၏ လူများသည် ယင်းစကား ကြားလိုက်သောအခါ ဝမ်းသာပီတိ ဖြစ်ကုန်ကြသည်။

ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"ကျုပ်တို့ ဝါစန်းဂိုဏ်းရဲ့ စည်းကမ်း ဆယ့်နှစ်ချက်အနက် ပဌမအချက်က ဘာကိုဆိုထားသလဲ"

မေကျန့်ဟိုက...

"အမျိုးသားသစ္စာဖောက်နဲ့ ပေါင်းသင်းဆက်ဆံခြင်း ဖြစ်ပါတယ်"

သူသည် မွန်ကျူးမာအား လှည့်ကြည့်လိုက်၏။

"မိတ်ဆွေ မွန်ကျူးမာက လူတော်လူကောင်း တစ်ယောက်ပါဗျာ"

မွန်ကျူးမာ ထခုန်လိုက်သည်။

"ဗျာ...ကျွန်တော် သစ္စာဖောက် ဟုတ်လား"



ဝမ်စိန်ကြည်က...

"ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ၊ ခင်ဗျားကို သစ္စာဖောက်လို့ မပြောပါဘူး"

မွန်ကျူးမာက...

"ဒါဖြင့် ဘယ်သူ့ကို ပြောနေတာလဲ"

ဝမ်စိန်ကြည်က ဖွင့်ပြောရန် ပါးစပ်ဟလိုက်ရာ...

"ဝုန်း"

ရုတ်တရက် အခန်းတံခါး ပွင့်သွားသည်။

လူနှစ်ယောက်သည် အခန်းထဲသို့ ခြေလှမ်း ကျဲကျဲဖြင့် ဝင်ရောက်လာသည်။

ရှေ့ဆုံးမှ ဝင်လာသူမှာ အသက်ငါးဆယ်ကျော် ရှိသည်။

လယ်သမားဖျင်ကြမ်း အဝတ်အစားကို ဝတ်ဆင်ထားပေသည်။

အခြားတစ်ယောက်က အသက်လေးဆယ်ခန့်ရှိသော လယ်သူမ တစ်ယောက် ဖြစ်သည်။

သူမ၏ လက်ထဲတွင် ကလေးငယ်တစ်ယောက် ပွေ့ထားသည်ကို တွေ့ရသည်။

မွန်းကျူးချင်းသည် ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်သည်နှင့် ပြေးလွှားသွားသည်။

"ဆရာ... ဆရာကတော်"

အားလုံးသော လူများသည် စွန်းကျုံးချင်း၏ ခေါ်သံကြော
ထိုလူနှစ်ယောက်မှာ ကွေ့စင်းလုတို့ ဇနီးမောင်နှံ ဖြစ်ကြောင်း သိ
လိုက်သည်။

ကွေ့စင်းလု၏ဇနီး ကွေ့အောလျံသည် စွန်းကျုံးချင်း၏
လက်နှစ်ဖက်မှာ ယောင်ကိုင်းနေသည်ကို တွေ့ရသဖြင့် မျက်နှာတစ်
လုံး ညိုမည်းသွားသည်။

သူမသည် ကလေးငယ်အား ကွေ့စင်းလုလက်ထဲသို့ အပ်လိုက်
ပြီး စွန်းကျုံးချင်းအား သွေးကြောများ ဖြေပေးလိုက်သည်။

မေကျန့်ဟိုနှင့် လူပေစိမ်းတို့ကလည်း သွားရောက် ဂါရ
ပြုကြသည်။

ဝမ်စိန်ကြည်ကလည်း ဂါရဝ ပြုလိုက်သည်။

ကွေ့အောလျံက စွန်းကျုံးချင်း၏ လက်ကို ကုသပေးပြီ
နောက်...

"ပြောစမ်း ဘယ်သူ့ လက်ချက်လဲ"

စွန်းကျုံးချင်းက ဝမ်စိန်ကြည်အား ညွှန်ပြလိုက်သည်။

"သူပေါ့ ကျွန်မကို စော်ကားတာ"

ကွေ့အောလျံက ဝမ်စိန်ကြည်အား အေးစက်စွာဖြင့် အကဲခ
ကြည့်လိုက်သည်။



စွန်းကျုံးချင်းက ငိုကြွေး တိုင်ကြားလိုက်သည်။

"ဆရာကတော်ပေးတဲ့ ဓားကို သူကပဲ ရိုက်ချိုးလိုက်တာ"

"ဟိုက်... ဒုက္ခပဲ"

ဝမ်စိန်ကြည် ကြိတ်၍ ညည်းညူလိုက်သည်။

"ဒီဓားက သူ့ဓားမှန်းသိရင် ရိုက်မချိုးပါဘူး"

ဟု ကြိတ်၍ မှတ်ချက်ချလိုက်သည်။

ကွေ့အောလျံက သူ့အား စိုက်ကြည့်လိုက်သည်။

"ဟုတ်သလား"

ဝမ်စိန်ကြည်က ဦးညွှတ်လိုက်သည်။

"ကျွန်တော် မသိလို့ ရိုက်ချိုးမိတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်
ပါ"

ကွေ့အောလျံက ကွေ့စင်းလုဘက်သို့ လှည့်လိုက်သည်။

"ဆရာက တပည့်တစ်ယောက်ကို ထပ်ရထားတယ်လို့ ပြော
တယ်၊ ဒီလူပဲ ဖြစ်နေမလား၊ ဘယ့်နှယ် စည်းမဲ့ကမ်းမဲ့ ဖြစ်လိုက်
တာ"

ကွေ့စင်းလုက ခေါင်းခါယမ်းလိုက်သည်။

"ကြားတော့ ကြားမိတယ်၊ ဒါပေမယ့် မမြင်ဖူးဘူး"

ကွေ့အောလျံက ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်သည်။

"သိုင်းပညာရပ်ဆိုတာ သင်လို့ကို မကုန်နိုင်ဘူး၊ လောကမှာ ကိုယ့်ထက်သာတဲ့လူ အများကြီးရှိတယ်၊ သိုင်းပညာနည်းနည်းတတ်တာနဲ့ သူများကို ထင်သလို စော်ကားလို့ ရသလား"

ဝမ်စိန်ကြည်က ဦးညွတ်လိုက်သည်။

"ကျွန်တော် မှားသွားပါတယ်"

ကွေ့အော့လျံက...

"ကျုပ်တပည့်မှားရင် ငါ့ဘာသာ ငါဆုံးမမယ်၊ ဘယ်သူ့ဝင်ဆုံးမစရာ မလိုဘူး"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်ဗျာ"

ကွေ့အော့လျံက...

"မင်း ငါ့စားကို ချိုးလိုက်တာ ငါ့ကို မရှိမသေရာ ရောက်တာပေါ့၊ မင်းက ဆရာ့အားကိုးနဲ့ လုပ်ချင်တိုင်း လုပ်လို့ရမလား"

သူသည် အမျိုးမျိုး တောင်းပန်နေသောကြောင့် မွန်ကျူးမာနှင့်တုံ့ရှမ်းရသေ့တို့က သဘောကျသွားသည်။

စွန်းကျုံးချင်းက ထပ်မံတိုင်ကြားလိုက်သည်။

"ဆရာကတော် သူ့နောက်မှာ မြွေစားသခင် အားကိုးရှိနေလို့ အစ်ကိုကြီး မေကျုန့်ဟိုနဲ့ အစ်ကိုကြီး လုပေစိမ်းကိုပါ စော်ကားတယ်ရှင်"



ကွေ့အော့လျံသည် တပည့်ဖြစ်သူ စွန်းကျုံးချင်း၏ တစ်ဖက်စကားကို ကြားသိရပြီးနောက် ဒေါသချောင်းချောင်း ထွက်လာသည်။

သူမသည် ကွေ့စင်းလုဘက်သို့ လှည့်လိုက်သည်။

"မြွေစားသခင်ဆိုတဲ့ လူဆိုးက အသက်ရှင်နေသေးလို့လား"

ကွေ့စင်းလုက...

"သူ သေသွားပြီလို့ ကြားတယ်၊ ဒါပေမယ့် ဘယ်သူမှ ဂဃနဏ မသိကြပါဘူး"

ဝင်ချင်းချင်းသည် ကွေ့အော့လျံက ဝမ်စိန်ကြည်အား ကြိမ်မောင်း ပြစ်တင်သည်ကို တွေ့ရ၍ မခံမရပ် ဖြစ်နေစဉ် မိမိ၏ဖခင်အား လူဆိုးဟု ပြောသည်ကို ကြားလိုက်ရသဖြင့် ခံပြင်းလာသည်။

"အရူးမက ဘာကြောင့် စကား မဆင်မခြင် ပြောတာလဲ"

ကွေ့အော့လျံ ဒေါသထွက်လာသည်။

"မင်းက ဘယ်သူလဲ"

စွန်းကျုံးချင်းက...

"သူက မြွေစားသခင်ရဲ့ သားပါ"

ကွေ့အော့လျံက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

အလင်းရောင်တန်းတစ်ခုသည် ဝင်ချင်းချင်း၏ ပခုံးရှိရာသို့ ရောက်ရှိသွားသည်။

ဝမ်စိန်ကြည်သည် အကာအကွယ် ပေးရန်မှာ နောက်ကျသွားသည်။

လက်နက်ပုန်းတစ်ခုသည် သူမ၏ ဘယ်ဘက်ပခုံးကို ထိမှန်သွားသည်။

ဝမ်စိန်ကြည် ထိတ်လန့်တုန်လှုပ်သွားသည်။

ဝင်ချင်းချင်း၏လက်ကို ဖမ်းဆွဲလိုက်ပြီး ကပျာကယာ ကြည့်လိုက်သည်။

ဝင်ချင်းချင်းက ထိတ်လန့်တုန်လှုပ်သွားသည်။

ဝမ်စိန်ကြည်က...

"မလှုပ်နဲ့"

ဟု ပြောရင်း လက်ညှိုးနှင့် လက်ခလယ်ဖြင့် ထိုသံစူးအား ဆွဲနုတ်လိုက်သည်။

ကျောက်ဝမ်းအော့က အဝတ်ဖြင့် စည်းပေးထားသည်။

ဝမ်စိန်ကြည်က ဝင်ချင်းချင်းအား အသံတိုးတိုးဖြင့်...

"အစ်ကို့စကား နားထောင်၊ သူတို့နဲ့ စကားမများရဘူး"

ဝင်ချင်းချင်းက ဒေါသကြီးစွာဖြင့်...

"ဘာဖြစ်လို့လဲ"

ဝမ်စိန်ကြည်က...



"သူတို့က ငါ့ထက် ဝါကြီးတယ်၊ ဒါကြောင့် သည်းခံရလိမ့်မယ်"

ဝင်ချင်းချင်းက မကျေမနပ်ဖြင့် ခေါင်းညိတ်လက်ခံလိုက်သည်။

ကွေ့အော့လျံက မဲ့ပြုံး ပြုံးလိုက်သည်။

"မြွေစားသခင်က ထင်သလောက်လဲ မဟုတ်သေးပါဘူး၊ နို့မဟုတ်ရင် သူ့သားက ငါရဲ့သံဆူးကလေးကိုတောင် ဘာဖြစ်လို့ မရှောင်နိုင်ရတာလဲ"

ဝမ်စိန်ကြည်သည် ကွေ့အော့လျံမှာ မိမိအပေါ် အထင်လွဲနေသည်ကို အကဲခတ်မိသည်။

ထို့ကြောင့်...

သူသည် ဖြေရှင်းမနေတော့ဘဲ ဆိတ်ဆိတ် နေလိုက်သည်။

ကွေ့အော့လျံက ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်သည်။

ဒီမှာ အပြင်လူတွေများတယ်၊ တို့ဂိုဏ်းက ကိစ္စကို ရှင်းလင်းဖို့ မသင့်တော်ပါဘူး၊ မနက်ဖြန်ည အုန်းမောင်း သုံးချက်တိတိ ငါတို့လင်မယား ကျိုကျင်းစန်းတောင် မိုးပန်းဆောင်မှာ စောင့်နေမယ်"

ကွေ့အော့လျံ၏ အသံသည် စိန်ခေါ်သည်နှင့် မခြားပေ။

ကျောက်ကုန်းလေက ဝင်ရောက်ဖျန်ဖြေလိုက်သည်။

"မိတ်ဆွေတို့ ဇနီးမောင်နှံကို ကျုပ်က လေးစားကြည်ညိုနေတာ ကြာပါပြီ၊ အခုလို ရောက်တုန်းရောက်ခိုက် ကျုပ်တို့ ဧည့်ဝတ် ပြုပါရစေဗျာ"

ကွေ့စင့်လုသည် ကလေးငယ်အား ပွေ့ချီထား၏။ သူ၏ အမူအရာမှာ ကြည်ကြည်လင်လင် မရှိပေ။

ကွေ့အော့လျံမှာမူ ကျောက်ကုန်းလေး၏စကားကို မကြားလိုက်ရသည့်အလား ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"ဘာလဲ၊ မင်းက မလာဝံ့ဘူးလား"

ဝမ်စိန်ကြည်က ဦးညွတ်လိုက်သည်။

"အစ်ကိုကြီးတို့၊ အစ်မကြီးတို့က ခေါ်လို့ ကျွန်တော်က မလာလို့ ဖြစ်ပါ့မလားဗျာ၊ အစ်ကိုတို့ အစ်မတို့ ဘယ်လို ပြစ်ဒဏ်ပေးပေး ကျွန်တော်ခံယူဖို့ အသင့်ရှိပါတယ်"

ကွေ့အော့လျံက နှာခေါင်းရှုံ့လိုက်သည်။

"မင်းက အစစ်လား၊ အတုလားမှ မသိဘဲ၊ အစ်ကိုကြီး အစ်မကြီးလို့ မခေါ်ပါနဲ့"

သူမသည် ဗွန်းကျုံးချင်း၏ လက်ကိုဆွဲကာ ထွက်သွားရန် ခြေလှမ်း လှမ်းလိုက်၏။

စုပင်ကွမ်း၊ စုပင်မွန်နှင့် လီကန်းတို့သည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ကွေ့အော့လျံထက် ဦးအောင် ထွက်သွားသည်၊



ဝမ်စိန်ကြည်က ဟန့်တားလိုက်သည်။

"ဟော့ ... မသွားနဲ့ဦး"

ကွေ့အော့လျံသည် ဝမ်စိန်ကြည်က မိမိအား ဟန့်တားသည်ဟု ထင်မှတ်သွား၏။

"မင်းက ငါ့ကို တားမလို့လား"

သူမ ပြောပြီး ဝမ်စိန်ကြည်၏ ဦးခေါင်းပေါ်သို့ ရိုက်ချလိုက်သည်။

ဝမ်စိန်ကြည်က ရှောင်တိမ်းလိုက်ရာ သူ၏ မျက်နှာတစ်ခုလုံး ပူစပ် ပူလောင် ဖြစ်သွားသည်ဟု ခံစားလိုက်ရသည်။

ကွေ့အော့လျံ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားတော့သည်။

သူမ၏ လက်ဝါးအား နှစ်ပေါင်း ဆယ်နှစ်ကျော်ကျော်တွင် ရှောင်တိမ်းနိုင်သူ မရှိသလောက် ရှားပါးသည်။

ယခု ...

သူမက ဝမ်စိန်ကြည်အား မရိုက်မိဘဲ ဖြစ်သွားသည်ကို ဒေါသ ချောင်းချောင်း ထွက်လာတော့သည်။

ထပ်မံ တိုက်ခိုက်လိုက်ရာ ...

ဝမ်စိန်ကြည်၏ ခန္ဓာကိုယ်သည် စားပွဲတစ်လုံးအား ကျော်၍

ရှောင်တိမ်းလိုက်မှ ကွေ့အောလျှံတို့က ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

* * *

စုပင်ကွမ်းတို့ သုံးယောက်သည် အခွင့်အရေးကိုယူ၍ ကွေ့အောလျှံတို့နောက် ပြေးလိုက်သွားသည်။

ဝမ်စိန်ကြည်က ...

"မင်းတို့ မပြေးနဲ့"

သူသည် နောက်မှ ပြေးလိုက်သွားပြီး နောက်ဆုံးမှ ပြေးလိုက်နေသော လီကန်း၏ လည်ကုပ်ကို ဖမ်းဆွဲထားလိုက်တော့သည်၊

ထို့နောက် ...

သူ၏သွေးကြောကို ပိတ်ထားလိုက်သည်။

သို့သော် ...

စုပင်ကွမ်းတို့ ညီအစ်ကိုမှာ ပြေးလွှားလွတ်မြောက်သွားသည်၊

ဝမ်စိန်ကြည်က အပြင်သို့ ရောက်ရှိသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသဖြင့် မည်သည့်အရာကိုမှ မမြင်ရတော့ချေ။

သူသည် စိတ်ပျက်စွာဖြင့် အခန်းထဲသို့ ပြန်လှည့်ဝင်မည်အပြုတွင် ...



ရုတ်တရက် သူ၏နောက်တွင် အဘိုးအိုတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ဟော့သူငယ်လေး၊ ဆယ်နှစ်ကျော်ကျော် မတွေ့တာနဲ့ လူပျို ပေါက်တောင် ဖြစ်လာပါလားဟေ့"

ထိုအသံသည် ကြားဖူးနားဝရှိသော အသံဖြစ်သည်။

သူသည် လှည့်ကြည့်လိုက်၏။

လူနှစ်ယောက်သည် ဧည့်ခန်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က စုပင်မွန်ကို ဖမ်းဆွဲထားသည်။

ကျန်တစ်ယောက်က စုပင်ကွမ်းကို ဖမ်းဆွဲလာသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

ထိုလူနှစ်ယောက်အား သေချာစွာကြည့်လိုက်ရာ ရှေ့ဆုံးမှလူသည် ဆံပင်၊ မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးများ ဆွတ်ဆွတ်ဖြူပြီး ကျောပေါ်တွင် ကျားကွက်ကတ်ပြားတစ်ချပ် လွယ်ထားသည်ကို တွေ့ရသည်။

ယင်းလူမှာ သူ့အား ကိုယ်ဖော့ပညာ၊ လက်နက်ပုန်းပညာများကို သင်ကြားပေးခဲ့သော မုစန်းရှသေ့ပင် ဖြစ်လေသည်။

သူသည် ဝမ်းသာပီတိဖြစ်ကာ ဒူးထောက်၍ ဂါရဝ ပြုလိုက်သည်။

မှစန်းရသေ့က ပြုံးလိုက်သည်။

“ထပါကွာ ကြည့်စမ်း၊ သူက ဘယ်သူလဲလို့”

ဝမ်စိန်ကြည်က မတ်တတ်ရပ်၍ ကြည့်လိုက်သောအခါ ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး ဆံပင်အနည်းငယ် ဖြူနေသည်ကို တွေ့ရသည်။

သူသည် မျက်မှောင်၍ သေချာစွာ ကြည့်လိုက်ရာ ထိုလူသည် မိမိငယ်စဉ်တုန်းက မိမိအသက်ကို အသက်စွန့်ပြီး ကယ်ခဲ့သော ကိုချူးစန်း ဖြစ်သည်ကို တွေ့ရ၏။

ဝမ်စိန်ကြည် အလွန်ဝမ်းသာသွားသည်။

သူသည် ကိုချူးစန်းအား သိုင်းဖက်ထားလိုက်၏။

“ဦးလေးကို”

သူ၏အသံသည် တိမ်ဝင်သွားပြီး ဝမ်းသာသော မျက်ရည်များ ကျဆင်းလာတော့၏။

* * *

ဝမ်စိန်ကြည်နှင့် ကိုချူးစန်းတို့ တစ်ယောက်နှင့်တစ်ယောက် 



ဝမ်းသာစွာ သိုင်းဖက်ထားပြီး ရေးဟောင်း နှောင်းဖြစ်များကို မေးမြန်းပြောဆိုကြသည်။

မွန်ကျူးမာက မနေနိုင်တော့ပါ။

“ခင်ဗျားတို့ ဘာလုပ်နေကြတာလဲဗျ၊ ကျုပ်မိတ်ဆွေ စုပင်ကွမ်းတို့ကို ဘာကြောင့် ဖမ်းထားတာလဲ”

ဝမ်စိန်ကြည်က အဖြေမပေးဘဲ မှစန်းရသေ့နှင့် ကိုချူစန်းတို့အား မိတ်ဆက်ပေးလိုက်သည်။

“ဟောဒီ ပုဂ္ဂိုလ်ကတော့ မှစန်းရသေ့လို့ ခေါ်တယ်၊ ကျုပ်ရဲ့ ကျေးဇူးရှင်ဆရာ ဖြစ်တယ်၊ သူကတော့ ချူစန်းပါ၊ ကျုပ်ကို သိုင်းပညာစသင်ပေးတဲ့ ဆရာတစ်ဆူဆို မမှားပါဘူး”

အားလုံးသော လူများသည် မှစန်းရသေ့၏အမည်ကို ကြားခဲ့ဖူးကြ၏။

ထို့ကြောင့် ...

လက်ရောက်၍ နှုတ်ဆက် ဂါရဝ ပြုပြကြလေသည်။

အထူးသဖြင့် ဆရာစုလိပ်နှင့် တိန်ချီးယင်တို့က ပို၍ လေးလေးစားစား နှုတ်ဆက်ကြသည်။

မှစန်းရသေ့က အားလုံးတို့ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

"ကျုပ်ကတော့ ထမင်းစားတဲ့ အလုပ်ပြီးရင် စစ်တုရင် ကစားတာပဲ၊ ဘာကိစ္စကိုမှ စိတ်မဝင်စားပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်က မမျှော်လင့်ဘဲ သတင်းရခဲ့လို့ အခုလို လိုက်လာရတာပါပဲဗျာ"

ကျောက်ကုန်းလေက ...

"ဘာတွေ အရေးကြီးတဲ့သတင်း ရလာလို့လဲ ခင်ဗျာ"

မုစန်းရသေ့က ...

"ဒီလိုပါ၊ ကျုပ်တို့ အမျိုးသားသစ္စာဖောက်က မန်ချူးနဲ့ ပေါင်းပြီး တိုင်းပြည်ကို ရောင်းစားဖို့ ကြံစည်နေကြပါတယ်၊ ကျုပ်က လက်ပိုက်ကြည့်နေလို့ မဖြစ်တာနဲ့ အခုလို လိုက်လာခဲ့ရတာပဲ"

မွန်ကျူးမာက ...

"အမျိုးသားသစ္စာဖောက်ဆိုတာ ဘယ်သူလဲ၊ သူတို့ညီအစ်ကို ဟုက်လား"

မုစန်းရသေ့က ခေါင်းညိတ်လိုက်သည်။

"သိပ်တုတ်တာပေါ့ဗျာ"

မွန်ကျူးမာက မယုံကြည်နိုင်သော အသံဖြင့် ...

"မဖြစ်နိုင်ပါဘူးဗျာ၊ ခင်ဗျားတို့ အခုလို မစွပ်စွဲကြပါနဲ့"

မုစန်းရသေ့က ...

"ကျုပ်နဲ့ သူနဲ့ တစ်ခါမှလည်း မတွေ့ဖူးဘူး၊ ရန်ငြိုးလည်း မရှိခဲ့ဖူးဘူး၊ ဘာဖြစ်လို့ စွပ်စွဲရမှာလဲ"



မွန်ကျူးမာက ...

"သူတို့က ဘာတွေလုပ်နေလို့လဲ"

မုစန်းရသေ့က ...

"သူတို့နဲ့ မန်ချူးတို့ ခိုးကြောင်ခိုးဝှက် ဆွေးနွေးနေတာကို ကိုယ်တိုင် တွေ့ခဲ့ရလို့ အခုလို လိုက်ခဲ့တာ"

မွန်ကျူးမာက ...

"ခင်ဗျားမှာ ဘာသက်သေ အထောက်အထားများ ရှိလို့လဲ"

"ဟား ... ဟား ... ဟား"

မုစန်းရသေ့က ရယ်မောလိုက်သည်။

"အထောက်အထား ဟုတ်လား၊ ကျုပ် ပြောတဲ့စကားက အထောက်အထား လိုသေးသလား"

မွန်ကျူးမာက ...

"အထောက်အထားမရှိရင် ဘယ်လိုလုပ် ယုံရမှာလဲဗျာ"

မုစန်းရသေ့က ...

"မင်းဆရာ ဝမ်းမုတောင်မှ ငါပြောတဲ့စကားကို သံသယ မဖြစ်ခဲ့ဘူး၊ မင်းက ဘာကြောင့် ငါ့စကားကို မယုံတာလဲ"

မွန်ကျူးမာက ခေါင်းခါယမ်းလိုက်၏။

"သက်သေ အထောက်အထား မရှိရင် ဘယ်သူကမှ ယုံမှာ မဟုတ်ဘူး"

မှစန်းရသော့က ဒေါ်သအမျက်ခြောင်းခြောင်း ထွက်လာသည်။

ထိုစဉ် ...

ဝမ်စိန်ကြည်က စာတစ်စောင်ကို ထုတ်ပြလိုက်လေသည်။

သူသည် ထိုစာကို မှန်ကျူးမာလက်သို့ အပ်လိုက်သည်။

"အားလုံးကြားအောင် ကျေးဇူးပြုပြီး ဖတ်ပြစမ်းပါဗျာ"

မှန်ကျူးမာက စာကိုယူပြီး ဖတ်ကြည့်လိုက်ရာ ...

သူသည် စာတစ်ကြောင်း နှစ်ကြောင်းမျှ ဖတ်လိုက်ရုံနှ
ထိတ်လန့် တုန်လှုပ်သွားလေသည်။

သူသည် စာပါသည့်အတိုင်း အသံကျယ်လောင်စွာဖြင့် ဖတ်
ပြလိုက်လေသည်။

စာစဉ် ၄ ပြီး၏။

မိုးကျော်သ